မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၅၅)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၁၇ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိုက်စလန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၁၇

၂၀၁၄ ခုနှစ် ဇွန် ၁၇ ရက်တွင်ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိုက်စလန်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ အော်လာဖျူရက်နာဂရင်မ်ဆန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဥပဒေအရ ထိုက်သင့်သည့်အခကြေးငွေများကို စာချုပ်စာတမ်းချုပ်ဆိုသူများ နားလည်သဘောပေါက်မှု အားနည်းချက်များရှိ

နေပြည်တော် ဇွန် ၁၆

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် မေးခွန်းများကို ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားခဲ့သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **“ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများ၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများမှာ အားနည်းချက်များရှိနေသည်”** မေးခွန်းနှင့်စပ်လျဉ်း၍ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေသည် ဗြိတိသျှကိုလိုနီအစိုးရ၏ ပြူရိုကရေစီအငွေ့အသက်လွှမ်းမိုးမှုများစွာရှိနေပြီး ယနေ့ခေတ်ကာလအချိန်အခါနှင့် ကိုက်ညီမှုမရှိသော လုပ်ထုံးလုပ်နည်းများ များစွာပါဝင်နေသည်ကို တွေ့ရှိရပါကြောင်း။

စာချုပ်စာတမ်းများ ရေးသားချုပ်ဆိုခြင်း၊ တင်သွင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြရာတွင်

စာမျက်နှာ ၇ ကော်လံ ၁ ✼

အမျိုးသားလွှတ်တော်အစည်းအဝေး

NGO/INGO များအနေဖြင့် လုပ်ငန်းများဖော်ဆောင်ရာတွင် ပြည်သူဗဟိုပြုဝန်ဆောင်မှုဖြစ်ရန် လိုအပ်

နေပြည်တော် ဇွန် ၁၆

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် **“ချူကလီးယားပညာရပ် ယခုထက်ပိုမို၍ အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း”** အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

ယင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က နိုင်ငံတကာအဏုမြူအေဂျင်စီအဖွဲ့ဝင်အဖြစ် မိမိတို့နိုင်ငံသည် ၁၉၅၇ ခုနှစ်မှ စတင်ဝင်ရောက်ခဲ့ပြီး ချူကလီးယားပညာရပ်များကို သင်ကြားပို့ချလေ့လာခဲ့ပါကြောင်း၊ ၂၁ ရာစုအလွန်တွင် ချူကလီးယား နည်းပညာရပ်များကို နိုင်ငံအများစုက စိတ်ဝင်တစားနှင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်အမီလိုက်နိုင်ရန် လိုအပ်ပါကြောင်း၊ ယခုအချိန်သည် မိမိတို့နိုင်ငံ၌ ပညာရေးပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေသည့်အချိန်ဖြစ်ပါကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာ၌ နိုင်ငံတကာနှင့် အိမ်နီးနားချင်းနိုင်ငံများထက် နောက်ကျမကျန်ခဲ့စေရန် ချူကလီးယားပညာရပ်ကို ယခင်ကထက်

စာမျက်နှာ ၇ ကော်လံ ၁ ✺

ဂျပန်မှကူးတို့ယာဉ်သစ်သုံးစင်းရောက်ရှိမည်

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၆

ရန်ကုန်မြို့ ပန်းဆိုးတန်းနှင့် ဒလသို့ နေ့စဉ်ပြေးဆွဲပေးနေသော ကူးတို့ရေယာဉ်လိုင်းတွင် ပြည်တွင်းရေကြောင်းမှ ပြေးဆွဲနေသည့် ကူးတို့ယာဉ်များအပြင် ဂျပန်နိုင်ငံ၌ တည်ဆောက်ထားသော ကူးတို့ရေယာဉ်အသစ်သုံးစင်းသည် လာမည့် နိုဝင်ဘာလ၌ မြန်မာနိုင်ငံသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ခရီးသွားပြည်သူတွေ ဘေးကင်းလုံခြုံစွာနဲ့ ကူးတို့ရေယာဉ်တွေ စီးနင်းသွားလာနိုင်ဖို့အတွက် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့မှာတည်ဆောက်နေတဲ့ ကူးတို့ယာဉ်အသစ်သုံးစင်း တည်ဆောက်ပြီးသွားလို့ ရေချထားပါပြီ။ လာမယ့်

စာမျက်နှာ ၃ ကော်လံ ၄ ✻

နိုင်ငံတကာ

မွန်းတည့်ချိန်မှ ညနေ ၃ နာရီအတွင်း နေပူထဲ အလုပ်လုပ်ကိုင်ခြင်းကို ဆော်ဒီအာရေဗျပိတ်ပင်

စာမျက်နှာ » ၄

ပြည်တွင်း

တွန်းသင်္ဘောစက်ပျက်ကာ တံတားတိုင်နှင့်တိုက်မိသဖြင့် ကျောက်စရစ်တင် CB တွဲနစ်မြုပ်

စာမျက်နှာ » ၅

အားကစား

ငါး၊ ပုစွန်မွေးမြူသူများသို့ ငွေထုတ်ချေးမည့် ရွှေ့ပြောင်းစီမံချက် မကြာမီစမည်

စာမျက်နှာ » ၁၂

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆင်းရဲမှုနှုန်းလျှော့ချရာတွင်

ကျွန်ုပ်တို့ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး အများစုသည် ဆင်းရဲနွမ်းပါးကြသူများဖြစ်ပါသည်။ ပညာရှင်တို့၏ တွက်ချက်မှုအရ ချမ်းသာသူများ၏ ပိုင်ဆိုင်မှုသည် ၈၀ ရာခိုင်နှုန်းရှိလျှင် ဆင်းရဲသူများ၏ပိုင်ဆိုင်မှုမှာ ၂၀ ရာခိုင်နှုန်းသာရှိပါသည်။ ဆိုလိုသည်မှာ လူအများစု ဆင်းရဲနေသည်ဟု ဆိုခြင်းဖြစ်ပါသည်။ ထိုဆင်းရဲခြင်းမှ လွတ်ကင်းအောင် အလုံးစုံမဖြစ်နိုင်သော်လည်း ဆင်းရဲမှုနှုန်းကို လျှော့ချသွားရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံ၌ ဆင်းရဲမှုနှုန်း ၂၆ ရာခိုင်နှုန်းရှိရာမှ လာမည့် ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချသွားရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ ဆင်းရဲမှုနှုန်းကို လျှော့ချရာတွင် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးရေးသည် အရေးကြီးသောအချက်ဖြစ်ပါသည်။ ဆင်းရဲသော လူထုအတွင်း ခိုင်မာသော အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးရေးသည် အလွန်ထိရောက်သော လုပ်ဆောင်ချက်ပင်ဖြစ်ပါသည်။ နေ့စဉ်ဝင်ငွေ ကျပ်သုံးထောင်ပင်မရသည့် မိသားစုများစွာရှိနေပါသည်။ အလုပ်လုပ်နိုင်သူတိုင်း နေ့စဉ်ဝင်ငွေရသော အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ပါမှ ဆင်းရဲမှုနှုန်းသည် လျော့ကျလာမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ ဒေသအလိုက် အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖော်ထုတ်ပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံမှာ သယံဇာတနှင့် လုပ်သားအင်အားများရှိသော်လည်း အရင်းအနှီးနှင့် နည်းပညာလိုအပ်ချက်များရှိပါကြောင်း၊ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိရန် ရည်ရွယ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း ပုသိမ်မြို့ စက်မှုဇုန်သို့ ဇွန် ၁၄ ရက်က ရောက်ရှိစဉ် ပြောကြားခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ အထည်ချုပ်လုပ်ငန်းကဲ့သို့ အလုပ်အကိုင်မြောက်မြားစွာ ဖန်တီးပေးနိုင်သော စက်မှုဇုန်စက်ရုံအလုပ်ရုံများ ပေါ်ပေါက်လာခြင်းဖြင့် ဆင်းရဲမှုနှုန်းကို တစ်စိတ်တစ်ဒေသအားဖြင့် လျှော့ချနိုင်မည်ဖြစ်ပါသည်။ စက်မှုဇုန်များ ဖွံ့ဖြိုးလာသည်နှင့်အမျှ ဒေသတွင်း လူငယ်များကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ရန်ကုန်သီလဝါစီးပွားရေး အထူးဇုန်ကို လာမည့် ၂၀၁၅ ခုနှစ်တွင် စတင်လည်ပတ်မည်ဖြစ်ရာ အလုပ်အကိုင် အခွင့်အလမ်းငါးသိန်း ဖန်တီးပေးနိုင်ရန် မျှော်မှန်းထားပါသည်။ အခြားသောဒေသများတွင်လည်း ဤကဲ့သို့ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးရန် မျှော်မှန်းဆောင်ရွက်သင့်ပေသည်။ အလုပ်အကိုင်သစ်များ ရရှိလာသည်နှင့်အမျှ ပုံမှန်ဝင်ငွေရရှိကာ ဆင်းရဲမှုနှုန်းသည်လည်း လျော့ကျလာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ တင်ပြစာ ၁၁၁ စောင်ကို အားလုံးညှိနှိုင်းဖြေရှင်းပေးပြီးဖြစ်

ရန်ကုန် ဇွန် ၁၆

ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများစုပေါင်းညှိနှိုင်းဖြေရှင်းပွဲကို ဇွန် ၁၃ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ယနေ့တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ တင်ပြစာ ၃၂ စောင်ကို ရှင်းလင်းဖြေရှင်းပေးကြမည်ဖြစ်ကြောင်း၊ တချို့တိုင်ကြားစာများမှာ ချက်ချင်းဖြေရှင်း၍မရဘဲ ဥပဒေကြောင်းအရ မှန်ကန်မှုရှိစေရန် အချိန်ပေး၍ ဖြေရှင်းကြရပါကြောင်း၊ တချို့မှာ ဆန္ဒစော၍ တိုင်ကြားစာတစ်မျိုးတည်းကို အကြိမ်ကြိမ်တိုင်ကြားမှုများကိုလည်း တွေ့ရှိရပါကြောင်း၊ ဖြေရှင်းပေးရမည်မှာ မိမိတို့၏တာဝန်ဖြစ်၍ ယနေ့တက်ရောက်လာသော ဌာနဆိုင်ရာများ၊ နစ်နာသူများတွေ့ဆုံ၍ ဥပဒေအရ ဖြေရှင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကာယကံရှင်များက မိမိတို့၏ ခံစားချက်၊ ကြုံတွေ့ရသည့် အခက်အခဲများ၊ အကြံပြုချက်များနှင့် စပ်လျဉ်း၍ တင်ပြကြပြီး ဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်/ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တင်ပြသူများ၏ ကျေနပ်မှုရရှိသည်အထိ ဖြေရှင်းမှုများပြုလုပ်ခဲ့ကြသည်။ တိုင်းရင်းသားရေးရာ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီသို့ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ တင်ပြစာ စုစုပေါင်း ၁၁၁ စောင်ရှိခဲ့ပြီး ယင်းတင်ပြစာအားလုံးကို ညှိနှိုင်းဖြေရှင်းစီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြူးမြို့နယ်လုံးဆိုင်ရာ သုခဒါယီသီလရှင်ပရိယတ္တိစာသင်တိုက် ဗုဒ္ဓရုပ်ပွားဆင်းတုတော် အနေကဇာတင်ပွဲနှင့် ကျောင်းအပ်ပွဲကျင်းပ

ဖြူး ဇွန် ၁၆

ဖြူးမြို့နယ်လုံးဆိုင်ရာ သာသနာ့နွယ်ဝင် သုခဒါယီသီလရှင် ပရိယတ္တိစာသင်တိုက် ဘုရားအနေကဇာတင်ခြင်းနှင့်စာသင်တိုက်ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၂ ရက် နံနက် ၆ နာရီခွဲက ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်းဘေး ရေသျှံကြီးရွာအနီး သုခဒါယီပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်တို့က စာသင်တိုက်အတွင်းရှိ သီတင်းသုံးတော်မူသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို အနေကဇာတင်ခြင်းကျင်းပပြီး နံနက် ၇ နာရီတွင် သုခဒါရီသီလရှင်စာသင်တိုက် သြဝါဒါစရိယ သပြေလှဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဖြူးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိမူလ စာမေးပွဲ အကျိုးတော်ဆောင် မင်းကျောင်းစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ သြဝါဒခံယူတော်မူ၍ သီလရှင်စာသင်တိုက်ဖြစ်မြောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးမြအုန်းက စာသင်တိုက်ဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍တင်ပြလျှောက်ထားပြီး သုခဒါယီသီလရှင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာကြီးဒေါ်ဈာနောဘာသီက စာသင်တိုက်တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြလျှောက်ထားခြင်းနှင့်စာသင်တိုက်၏သြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပါမည့်အကြောင်း ဆရာတော်ကြီးများရှေ့မှောက်တွင် ဝန်ခံကတိပြုလက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ဖြူးမဟာစည်သာသနာ့ရိပ်သာဆရာတော်ထံမှ ရေစက်ချတရားနာယူကြပြီး အမျှအတန်းပေးဝေကြသည်။

ဖြူး-မြင့်ဦး



ဟိုပင်၌ လိုင်စင်မဲ့ဆိုင်ကယ်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

ဟိုပင် ဇွန် ၁၆

ကချင်ပြည်နယ် မိုးညှင်းခရိုင် မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် မိုးညှင်းခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုဦးစီးမှူး ဦးမျိုးဇော်ဝင်းနှင့်အဖွဲ့သည် ဇွန် ၁၄ ရက်နံနက် ၉ နာရီက ဟိုပင်မြို့နယ်ခွဲ မြို့မတောင်ရပ်ကွက် အရှေ့ကျောင်းကြီးတိုက် ဇာတ်ရုံ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ လိုင်စင်ပြုလုပ်ပေးခြင်းကို ညနေ ၆ နာရီအထိ နေ့ချင်းပြီး ဆောင်ရွက်ပေးရာ မော်တော်ဆိုင်ကယ် ၁၇၆ စီးကိုလိုင်စင်ထုတ်ပေးနိုင်ခဲ့သည်။

ဟိုပင်မြို့နယ်ခွဲသို့ သက်ဆိုင်ရာဌာနများက လိုင်စင်များ နေ့ချင်းပြီး ကွင်းဆင်းလာရောက်ပြုလုပ်ပေး၍ အချိန်ကုန် လမ်းစရိတ်သက်သာသောကြောင့် ကျေးဇူးတင်ရှိပါကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားခဲ့သည်။

၎င်းဆိုင်ကယ်များကို လိုင်စင်ထုတ်ပေးရာတွင် ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်အတူ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ် တာဝန်ရှိသူတို့က လုပ်ထုံးလုပ်နည်း စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့ နေ့စဉ် နွားနို့ သောက်ကြစို့

လဲချားမြို့တွင် ရှောင်တခင်ပိတ်ဆို့ရှာဖွေစစ်ဆေး

လဲချား ဇွန် ၁၆

လဲချားမြို့နယ်အတွင်း ဖြတ်သန်းသွားလာသော မော်တော်ယာဉ်၊ ဆိုင်ကယ်များကို ဇွန် ၁၅ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီခွဲအထိ မဟာမြတ်မုနိဘုရားကြီးလမ်းဆုံ၌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမောင်သာမြ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်မိုး ဦးစီး(၄+၈)ဦး၊ ဥပဒေအရာရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့်ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ကုန်တင်ယာဉ် အစီး ၄၀၊ ဗင်အစီး ၃၀၊ ထော်လာဂျီ ၃၅ စီး၊ ခရီးသည်ယာဉ် ၂၅ စီးနှင့် မော်တော်ဆိုင်ကယ် ၇၂ စီးတို့ကို ရှောင်တခင်ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး စည်းကမ်းနှင့်အညီ မောင်းနှင်ရန်အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နန်းမေစုအောင်

□ ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် ဇွန် ၁၇ ရက်တွင် ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ အိုက်စလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆစ်မန်ဒါ ဒေးဗစ် ဂွန်လက်ဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အိုက်စလန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၇

၂၀၁၄ခုနှစ် ဇွန် ၁၇ ရက်တွင် ကျရောက်သော အိုက်စလန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အိုက်စလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂွန်နာ ဘရာဂေး ဆဗင်ဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နွားထိုးကြီးမြို့ လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်လှူဒါန်း

နေပြည်တော် ဇွန် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေတို့သည် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းတွင် နွားထိုးကြီးမြို့ အား/ကာခန်းမ၌ နွားထိုးကြီးမြို့နယ် မေတ္တာမွန် လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက မေတ္တာမွန်အဖွဲ့အနေဖြင့် မွန်မြတ်သော စေတနာစိတ်ရင်းဖြင့် ကိုယ်ကျိုးမဖက် အများအကျိုးထမ်းရွက်နေကြသည်ကို သိရှိရ၍ မြို့နယ်အတွင်းရှိ ပြည်သူများကိုယ်စား များစွာဂုဏ်ယူပါကြောင်း၊ ထို့ကြောင့် မိမိတို့မိသားစုက မေတ္တာမွန်လူမှုကူညီရေးအသင်း၏ မော်တော်ယာဉ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရခြင်းဖြစ်ကြောင်းကို ပြောကြားပြီး မော်တော်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အသင်းဥက္ကဋ္ဌထံ ပေးအပ်ကာ စောင်များနှင့် ပုဆိုးများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်ရေးနေ့ ၂၀၁၄ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၆

၂၀၁၄ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်ရေးနေ့ ၂၀၁၄ အခမ်းအနားကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တို့ ပူးပေါင်း၍ ရွှိုင်ရယ်ကုမုဒြာဟိုတယ်တွင် ဇွန် ၁၀ ရက် နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ ကျင်းပပြုလုပ်ခဲ့ရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး (ရန်ကုန်)မှ ဆက်ဆံရေးအရာရှိ Mr. Steve Marshall၊ အလုပ်လုပ်သော ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့မှ ဥက္ကဋ္ဌ၊ အလုပ်ရှင်နှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ စီမံကိန်း(ILO/My-PEC)မှ စီမံကိန်းဒါရိုက်တာ Mr. Selim Benaissa၊ ILO နှင့် UNICEF တို့မှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၁ ဦး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးထင်အောင်က အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး(ရန်ကုန်)မှ ဆက်ဆံရေးအရာရှိ Mr. Steve Marshall က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်းနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ကမ္ဘာ့ကလေးလုပ်သားဆန့်ကျင်ရေးနေ့ ထုတ်ပြန်ချက်ကို ဖတ်ကြားခြင်း၊ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားပပျောက်ရေး စီမံကိန်းဆောင်ရွက်မည့် အစီအမံများအား စီမံကိန်းဒါရိုက်တာက ရှင်းလင်းပြောကြားခြင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အလုပ်လုပ်သော ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းပညာရပ် လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း၊ အလုပ်ရှင်အဖွဲ့အစည်းများ ကိုယ်စားလှယ်နှင့် အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်တို့မှ ကြိုဆိုပူးပေါင်းဆောင်ရွက်မှု ထုတ်ပြန်ချက်များကို ဖတ်ကြားတင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ရောက်ရှိလာခြင်းဖြစ်ပါတယ်။ ပြည်တွင်းလေကြောင်းလိုင်းအနေနဲ့ အခုထပ်မံတိုးချဲ့ ပျံသန်းပြေးဆွဲပေးမယ့် ခရီးစဉ်ကတော့ မန္တလေးကနေ နေပြည်တော်၊ အဲဒီကနေမှ အောက်မြန်မာပြည်ဖြစ်တဲ့ ထားဝယ်- မြိတ်-ကော့သောင်းစတဲ့ ခရီးစဉ်တွေကို ပြေးဆွဲပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရွှေမြန်မာလေကြောင်းလိုင်းအနေနဲ့ကတော့ ပြည်သူကိုဗဟိုပြုပြေးဆွဲပျံသန်းပေးနေတဲ့ လေကြောင်းလိုင်းအဖြစ် ခံယူထားသလို ပြည်တွင်း၊ ပြည်ပခရီးသွား ပြည်သူတွေအတွက် ဝန်ဆောင်ခ ခရီးစရိတ်ကိုလည်း အခြား လေကြောင်းလိုင်းတွေထက် သက်သာအောင် ပျံသန်းပြေးဆွဲပေးသွားမှာဖြစ်ပါတယ်" ဟု ရွှေမြန်မာလေကြောင်းလိုင်းမှ အထွေထွေမန်နေဂျာ ဦးအေးလွင်က ပြောကြားသည်။

ရွှေမြန်မာပြည်တွင်းလေကြောင်းလိုင်းသည် ၂၀၁၃ ခုနှစ်မှစ၍ Airbus-320 လေယာဉ်ဖြင့် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်ကို နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် နေ့စဉ် ပျံသန်းပြေးဆွဲပေးနေပြီး မန္တလေး-ရန်ကုန်-စင်ကာပူ-ရန်ကုန်-မန္တလေး ခရီးစဉ်ကိုလည်း တစ်နေ့တစ်ကြိမ် ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။ ထို့အပြင် ဇွန် ၃ ရက်မှစတင်၍ ပြီးခဲ့သည့် မေလအတွင်းပိုင်းက ပြင်သစ်နိုင်ငံမှရောက်ရှိလာသည့် ATR- 72-600 (MSN- 1148 XY- AJM) လေယာဉ်ဖြင့် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး-ညောင်ဦး-ဟဲဟိုး-ကျိုင်းတုံ-တာချီလိတ်-ဗန်းမော်-မြစ်ကြီးနား-ပူတာအို-လားရှိုးမြို့များသို့ နေ့စဉ်ပုံမှန်ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။ ထို့အပြင် ရွှေမြန်မာ လေကြောင်းလိုင်းသည် မန္တလေးမြို့မှ အင်ဖာ-ချင်းမိုင်-ကူမင်းမြို့များသို့လည်း မကြာမီကာလအတွင်း Charter Flight ပျံသန်းပြေးဆွဲပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇွန် ၁၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် ဇွန် ၁၆ ရက်တွင် **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၅ ရပ်ကွက် ပြည်ထောင်စုလမ်းမ၊ အမှတ်(၁၀၉၇)တွင် ပါတီရုံးချုပ်တည်ရှိသော **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ဇွန် ၁၆ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အလံပုံစံ

ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့အသံရေဒီယိုအစီအစဉ်များကို မြို့ကြီး ၁၀ မြို့တွင် FM အစီအစဉ်ဖြင့် နားဆင်နိုင်ပြီ

နေပြည်တော် ဇွန် ၁၆

မြန်မာ့အသံ ရေဒီယိုအစီအစဉ်များကို FM စနစ်ဖြင့် နားဆင်နိုင်ရန် ပထမအဆင့် မြို့ကြီး ၁၅ မြို့အနက် မြို့ကြီး ကိုးမြို့ဖြစ်သည့် စစ်ကိုင်း၊ လားရှိုး၊ နေပြည်တော်၊ ပျဉ်းမနား၊ မော်လမြိုင်၊ ပုသိမ်နှင့် ပုပ္ပား၊ ပဲခူး၊ လွိုင်ကော်တို့တွင် မ်းယူနားဆင်နိုင်ပြီ ဖြစ်ကြောင်း သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ပြည်သူလူထုသို့ အသိပေးခဲ့ပြီးဖြစ်သည်။

ယခုထပ်မံ၍ မြိတ်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား (2KW)၊ လှိုင်းနှုန်း(92, 2MHz)ဖြင့် ဇွန် ၂ ရက်မှ စတင်၍ ထုတ်လွှင့်လျက်ရှိရာ အရှေ့တောင်ဘက် တနင်္သာရီမြို့နယ် ဇဝဲကျေးရွာအထိ၊ မြောက်ဘက် ပပြင်၊ ပုလောမြို့နယ်အထိနှင့် အနောက်ဘက် ကျွန်းစုမြို့နယ်အထိ ကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

ကျန်ရှိသည့်စက်ရုံ ငါးရုံ၌ FM စနစ် တိုးချဲ့ထုတ်လွှင့်မှုများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် စစ်တွေစက်ရုံနှင့် ကနေဒီစက်ရုံတို့တွင် ဆက်လက်တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ရုံ ၂၅ ရုံ၌ FM စနစ်များ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

နိုဝင်ဘာမှာ မြန်မာနိုင်ငံကို ရောက်ရှိပြီး ပန်းဆိုးတန်း-ဒလ ခရီးစဉ်မှာ ပြေးဆွဲပေးသွားတော့မှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

အဆိုပါ ကူးတို့ရေယာဉ်သုံးစင်းသည် ကျန်စစ်သားနှင့်ထီးလှိုင်ရှင် ရေယာဉ်များ ပုံစံအတိုင်း တည်ဆောက်ကာ ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ နာကာတာနီဆိပ်ကမ်းတွင် ယခုအခါ ရေချထားပြီဖြစ်သည်။ ယင်းကူးတို့ရေယာဉ်များကို ဂျပန်နိုင်ငံ Grand Aid အစီအစဉ်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ဂျပန်-မြန်မာချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံက လက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်သည်။

ယခုအခါ ဒလဆိပ်ကမ်းကိုလည်း ဂျပန်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး ကူးတို့ဆိပ်ကမ်း၊ နားနေဆောင်များကိုလည်း တည်ဆောက်လျက်ရှိရာ လာမည့် အောက်တိုဘာလ၌ လုပ်ငန်းများပြီးစီးရန် သတ်မှတ်လုပ်ကိုင်လျက်ရှိသည်။

ပန်းဆိုးတန်း-ဒလ ကူးတို့ယာဉ်ပြေးဆွဲမှုကို ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ကူးတို့ရေယာဉ်များဖြင့် နေ့စဉ်ခရီးသည်များကို ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသည်။ ယခုအခါ ပန်းဆိုးတန်းဘက် ဆိပ်ကမ်းကိုလည်း ပြင်ဆင်မှုများပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့ တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **ရန်ကုန်မြို့** နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုင်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက် မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ဆက်လက် မိုးပိုနေမည်။

နိုင်ငံတကာသတင်း

မွန်းတည့်ချိန်မှ ညနေ ၃ နာရီအတွင်း နေပူထဲအလုပ်လုပ်ကိုင်ခြင်းကို ဆော်ဒီအာရေဗျပိတ်ပင်

ရီယာ့ဒ် ဇွန် ၁၆

ဆော်ဒီအာရေဗျနိုင်ငံတွင် နေပူထဲတွင် အလုပ်လုပ်ကြရသော အလုပ်သမားများအတွက် ကျန်းမာရေးနှင့် လုံခြုံရေးဘေးကင်းမှုစည်းကမ်းချက်များက ကာကွယ်ပေးလိမ့်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယခုအချိန်မှ စက်တင်ဘာလလယ်တိုင်အောင် ဆော်ဒီအာရေဗျနိုင်ငံ၌ မွန်းတည့်ချိန်မှ ညနေ ၃ နာရီအထိ နေပူထဲအလုပ်လုပ်ကိုင်ခြင်းကို တားမြစ်ပိတ်ပင်လိုက်ပြီဖြစ်သည်။ အဆိုပါစည်းကမ်းချက်များထုတ်ပြန်ရခြင်းမှာ အလုပ်သမားများ၏ ကျန်းမာရေးနှင့် လုံခြုံဘေးကင်းမှုကို စိုးရိမ်ပူပန်မိ၍ဖြစ်ကြောင်း ဆော်ဒီအစိုးရက ပြောကြားသည်။

ရေနံသဘာဝဓာတ်ငွေ့နှင့် အရေးပေါ်ထိန်းသိမ်းရေး အလုပ်သမားများမှလွဲ၍ ကျန်အလုပ်သမားအများစုသည် နေပူထဲတွင် အလုပ်လုပ်ခြင်းမပြုကြရန် တားမြစ်လိုက်ခြင်းဖြစ်သည်။ အဆိုပါတားမြစ်ပိတ်ပင်မှုကို လိုက်နာခြင်းမရှိသော ကုမ္ပဏီများကို ဒဏ်ငွေရိုက်ခြင်း၊ သို့မဟုတ် ပိတ်သိမ်းခြင်းတစ်ခုခု ပြစ်ဒဏ်စီရင်ခံရနိုင်သည်ဟုဆိုသည်။

သို့ရာတွင် ယင်းကဲ့သို့လုပ်ဆောင်ခြင်းမှာ အလုပ်သမားများ၏ အလုပ်ချိန်နာရီကို လျှော့ချပြီး လုပ်အားခများ နည်းစေရန်ဖြစ်ကြောင်း အချို့သော အလုပ်သမားများ၏ ပြောကြားချက်ကို ဆော်ဒီအာရေဗျမီဒီယာများက ကိုးကားဖော်ပြသည်။ အိမ်နီးချင်း ကာတာနိုင်ငံတွင် ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးကွင်းများ တည်ဆောက်လျက်ရှိရာတွင် အာရှဆောက်လုပ်ရေးအလုပ်သမားများသည် နေပူထဲတွင် တစ်နေကုန်အလုပ်လုပ်ကြရ၍ ဝေဖန်ခံနေရသည်။ **(ဘီဘီစီ)**

အီရတ်အနောက်မြောက်ပိုင်းရှိ တဲလ်အဖာမြို့အား ဆွန်နီတိုက်ခိုက်ရေးသမားများက တိုက်ခိုက်သိမ်းပိုက်

ဘဂ္ဂဒက် ဇွန် ၁၆

အီရတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ တနင်္ဂနွေနေ့တွင် ဆွန်နီတိုက်ခိုက်ရေးသမားများက လူမျိုးစုများနေထိုင်ရာမြို့ကို တိုက်ခိုက်သိမ်းပိုက်လိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တဲလ်အဖာမြို့ ဒေသခံပြည်သူများက ၄င်းတို့မြို့သည် သေနတ်သမားများ လက်အောက်သို့ကျရောက်သွားပြီဖြစ်ကြောင်း၊ နှစ်ဖက်စလုံး တိုက်ပွဲအတွင်း အကျအဆုံးများပြားကြောင်း ဖုန်းဆက်ပြောကြားသည်။ ယင်းမြို့သည် စစ်သွေးကြွများက ထိန်းချုပ်ထားပြီဖြစ်ကြောင်း၊ ပြင်းထန်သောတိုက်ပွဲအတွင်း လူအများအပြားသေဆုံးခဲ့ကြောင်း၊ ရှီးယိုက်မိသားစုများသည် ယင်းမြို့၏ အနောက်ဘက်သို့ ထွက်ပြေးကြပြီး ဆွန်နီမိသားစုများမှာမူ အရှေ့ဘက်သို့ ထွက်ပြေးကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တဲလ်အဖာမြို့သည် လွန်ခဲ့သော သီတင်းပတ်က ISIL တိုက်ခိုက်ရေးသမားများ သိမ်းပိုက်ထားသော အီရတ်နိုင်ငံမြောက်ပိုင်း၏ အဓိကမြို့ မိုဆူးလ်မြို့အနောက်ဘက် မလှမ်းမကမ်းတွင်ရှိသည်။

ဆင်ဟွာမှလာသော သတင်းတစ်ပုဒ်တွင် အီရတ်လုံခြုံရေးတပ်များက လွန်ခဲ့သော ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်း ပြည်နယ်လေးခု၌ အကြမ်းဖက် တိုက်ခိုက်ရေးသမား ၂၇၉ ဦးအား သုတ်သင်နိုင်ခဲ့ကြောင်း လုံခြုံရေးပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောသည်။ **(ရိုက်တာ/ဆင်ဟွာ)**

ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၄) တွင်ပါရှိသည့် "မြောက်ပိုင်းဝါဇီရစ္စတန်ကို ပါကစ္စတန်လေကြောင်းစီးနင်းတိုက်ခိုက်ခဲ့" သတင်း၌ " F-16 ရဟတ်ယာဉ်"အစား " F-16 တိုက်လေယာဉ်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **ဘာသာပြန်စာတည်း**

တုပ်ကွေးကာကွယ်ဆေးစမ်းသပ်အောင်မြင်မှု ၂၀၁၅ အကုန်တွင် အဆင်သင့်ဖြစ်နိုင်မည်ဟုဆို

စင်ကာပူ ဇွန် ၁၆

တုပ်ကွေးကာကွယ်ဆေးကို စမ်းသပ်တီထွင်နိုင်ခဲ့ပြီဖြစ်ကာ ဆေးပညာလောက၏ အောင်မြင်မှုကြီးတစ်ရပ်အဖြစ် ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ၄င်းကာကွယ်ဆေးသည် လာမည့် ၂၀၁၅ အကုန်တွင် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ယနေ့ထုတ် သည်စထရိတ်တိုင်းမ်စ်သတင်းတွင် ရေးသားဖော်ပြထားသည်။

အဆိုပါသတင်းကို ပြီးခဲ့သည့်ရက်သတ္တပတ်က ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသော နှစ်ရက်ကြာ အရှေ့တောင်အာရှနိုင်ငံများ တုပ်ကွေးရောဂါဆိုင်ရာထိပ်သီးအစည်းအဝေးပွဲတွင် ယခုကာကွယ်ဆေးကို ဦးဆောင်စမ်းသပ်တီထွင်မှုပြုသူ Guillaume Leroy က အာရှနိုင်ငံများတွင် အဆိုပါ ကာကွယ်ဆေးစမ်းသပ်အောင်မြင်ကြောင်း ကြေညာခဲ့သည်။

တုပ်ကွေးနှင့် ကာကွယ်ဆေးသည် ယခင်ကမရှိခဲ့သဖြင့် ယခုကြေညာခဲ့သော တုပ်ကွေးကာကွယ်ဆေးသည် ကမ္ဘာပေါ်တွင် ပထမဆုံးသော တုပ်ကွေးကာကွယ်ဆေးဖြစ်လာနိုင်သည်။ ယခုကာကွယ်ဆေးကို စမ်းသပ်စဉ်က အင်ဒိုနီးရှား၊ ထိုင်းနှင့် မလေးရှားနိုင်ငံများမှ ရောဂါဖြစ်ပွားသူဦးရေ ၁၀၀၀၀ ပါအုပ်စုကိုစမ်းသပ်ကြည့်ခဲ့ရာ ရောဂါရှင် ထက်ဝက်ကျော်ကျော်မှာ ရောဂါလျော့ကျသက်သာကြောင်း တွေ့ရသည်ဟု ဆိုထားသည်။

နောက်ထပ်စမ်းသပ်မှုအတွက် လက်တင်အမေရိကတွင် ရောဂါရှင် ဦးရေ ၂၀၀၀၀ ကျော်အုပ်စုကို စမ်းသပ်ကုသနေဆဲဖြစ်သည်။ "ကျွန်တော်တို့ စမ်းသပ်တာ ခုအရေးကြီး အခြေအနေရောက်နေပါပြီ၊ ဒီနှစ်အကုန်မှာဆိုရင်တော့ ရလဒ်တွေကို လေ့လာဆန်းစစ်မှု အပြည့်အစုံရလာပါတော့မယ်" ဟု Leroy က ဆိုသည်။ တုပ်ကွေးရောဂါသည် အသက်အန္တရာယ်ရှိသော ကူးစက်မှုအလျင်မြန်ဆုံးသော ရောဂါတစ်ခုဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၁၀၀ ကျော်တို့မှာ ယင်းရောဂါဖြစ်ပွားလေ့ရှိကာ လူ ၁၀ ဦးတွင် လေးဦးနှုန်းဖြင့် ရောဂါကူးစက်ခံနေကြရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ကမ္ဘာ့တုပ်ကွေးဖြစ်ပွားသူဦးရေ၏ သုံးပုံနှစ်ပုံကျော်မှာ အာရှနိုင်ငံများမှဖြစ်ကြပြီး အဓိကအားဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် အဖြစ်များကြသည်။

(ဆင်ဟွာ)

ဂါဇာကမ်းမြောင်နှင့်အနောက်ဘက်ကမ်းဒေသ အစ္စရေးတပ်များ ဝင်ရောက်တိုက်ခိုက်

ဂါဇာ ဇွန် ၁၆

အစ္စရေးတပ်များက ဂါဇာကမ်းမြောင်နှင့်အနောက်ဘက်ကမ်းဒေသကို တိုက်ခိုက်သိမ်းပိုက်လိုက်ပြီးနောက် ပါလက်စတိုင်းနှစ်ဦးထက်မနည်း သေဆုံးသွားသည်။

အစ္စရေးစစ်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသကို တိုက်ခိုက်ခဲ့ရာ ခမ်းယူနစ်မြို့အပါအဝင် ထိခိုက်မှုနေရာအချို့ရှိခဲ့သည်ဟုဆိုသည်။ တိုက်ခိုက်မှုကြောင့် ကလေးသုံးဦးထက်မနည်း ဒဏ်ရာရရှိသွားသည်။ အစ္စရေးတပ်များသည် နယ်စပ်တစ်လျှောက် ပါလက်စတိုင်းတို့ကို ပစ်မှတ်ထား၍ မကြာခဏတိုက်ခိုက်လေ့ရှိသည်။

၂၀၀၇ ခုနှစ် ဇွန်လကတည်းက ပိတ်ဆို့ခံထားရသည့် ဂါဇာသည် စီးပွားရေးချွတ်ခြုံကျပြီး အလုပ်လက်မဲ့များမြင့်တက်လာကာ ဆင်းရဲမှုများ ပိုမိုတိုးပွားလာလျက်ရှိသည်။

အစ္စရေးအစိုးရက လူပေါင်း ၁ ဒသမ ၇ သန်းခန့်ရှိသည့် ဂါဇာပြည်သူများအား လွတ်လပ်စွာလှုပ်ရှားခွင့်ပေးရန်၊ အလုပ်အကိုင်ဖန်တီးပေးရန်၊ သင့်လျော်သောလုပ်ခများ ပေးရန်တို့အပေါ် ငြင်းဆိုထားသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် အဆုံးသတ်ခဲ့သော အစ္စရေး၏ ရှစ်ရက်ကြာထိုးစစ်အတွင်း အမျိုးသမီးနှင့်ကလေးများအပါအဝင် ပါလက်စတိုင်း ၁၆၀ ကျော်သေဆုံးပြီး ၁၂၀၀ ဒဏ်ရာရရှိခဲ့သည်။

(ပရက်စ်တီဗွီ)

ဒုတိယဝန်ကြီး ဦးမော်သာထွေး ရွှေကျင်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစစ်ဆေး

နေပြည်တော် ဇွန် ၁၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးသည် ဇွန် ၁၅ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာရှိ ရွှေကျင်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်စစ်ဆေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဓာတ်အားပေးစက်ရုံမှတစ်ဆင့် ရွှေကျင်မြို့သို့ ဓာတ်အားပို့လွှတ်ထားမှုအခြေအနေကို စစ်ဆေး၍ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှု ပုံမှန်စစ်ဆေးရေး၊ ဓာတ်အားပြတ်တောက်မှုမရှိစေရေး ကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်သိမ့်ထောက်ပံ့ငွေများပေးအပ်

မကွေး ဇွန် ၁၆

မကွေးတိုင်းဒေသကြီး မကွေးမြို့ ရာဇမုနိဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ မူလတန်းကျောင်းသား ငါးဦး ဇွန် ၁၂ ရက်က ရေနစ်သေဆုံးခြင်းနှင့်ပတ်သက်၍ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်၊ မကွေးတိုင်းဒေသကြီး ပညာရေးမှူး ဦးလှသိန်းနှင့် ခရိုင်/မြို့နယ် ပညာရေးမှူးတို့သည် ဇွန် ၁၄ ရက်က ရာဇမုနိဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်ကာ သေဆုံးသွားသော ကလေးငါးဦး၏ မိဘများနှင့်တွေ့ဆုံပြီး နှစ်သိမ့်အားပေးစကားပြောကြားခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**

ပြည်တွင်းသတင်း

ကျန်းမာရေးဖွံ့ဖြိုးမှု မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇွန် ၁၆

ကျန်းမာရေးစနစ် ဖွံ့ဖြိုးမှုမြှင့်တင်ရေး(Health System Strengthening Technical Strategy Group) ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ **(ယာပုံ)** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းထွေး၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၊ UNAIDS၊DFID၊ JICA၊ 3MDG၊ World Bandနှင့် ပြည်တွင်းလူမှုရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ကျန်းမာရေးစနစ်မြှင့်တင်ရေးနှင့်ပတ်သက်၍ လက်ရှိအခြေအနေများ အားသာချက်၊ အားနည်းချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဒုတိယဝန်ကြီးက ဦးဆောင်ဆွေးနွေးပြီး ကျန်းမာရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရောဂါနှိမ်နင်းရေးဌာနခွဲ ညွှန်ကြားရေးမှူးတို့က ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့်လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များနှင့်ပတ်သက်၍ အသေးစိတ်တင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွန်းသင်္ဘောစက်ပျက်ကာ တံတားတိုင်နှင့်တိုက်မိသဖြင့် ကျောက်စရစ်တင် စီဘီတွဲ နစ်မြုပ်

ရန်ကုန် ဇွန် ၁၆

ငမိုးရိပ်ချောင်းအတွင်း ဇွန် ၁၄ ရက် နံနက်ပိုင်းက တွန်းသင်္ဘောစက်ပျက်ကာ တံတိုင်းတိုင်နှင့်တိုက်မိသဖြင့် ကျောက်စရစ်တင် စီဘီတွဲ နစ်မြုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၇ နာရီခွဲက သာကေတမြို့နယ် ငမိုးရိပ်ချောင်းအတွင်း သာကေတမြို့နယ်ဘက်မှ ဒဂုံမြို့သစ် (တောင်ပိုင်း)ဘက်သို့ ရေယာဉ်မောင်းဇော်နိုင်ဝင်း (၄၀နှစ်) လက်ပံတန်းမြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူ မောင်းနှင်သည့် တွန်းသင်္ဘောဖြင့် ကျောက်စရစ်များ တင်ဆောင်လာသည့် စီဘီတွဲကို တွန်းလာစဉ် ကမာကြည် တံတားအထက်ဘက်သို့ အရောက်တွင် သင်္ဘောစက်ချွတ်ယွင်းပြီး ရေစီးဖြင့် ပြန်လည်မျောပါကာ တံတားတိုင် အမှတ် P-7 ကို တိုက်မိသဖြင့် စီဘီတွဲမှာ ရေဝင်ပြီး နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ စီဘီတွဲ နစ်မြုပ်ခဲ့သည့်အတွက် ရေယာဉ်ကို ပေါ့ဆစွာ မောင်းနှင်သူ ဇော်နိုင်ဝင်း ကို သာကေတရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ထီးချိုင့်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း မီးလောင်မှုဖြစ်ပွား

ကသာ ဇွန် ၁၆

ကသာခရိုင် ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက် ပြည်သူ့ဆေးရုံဝင်းအတွင်း ဇွန် ၁၆ ရက် နံနက် ၁ နာရီခွဲတွင် ဝန်ထမ်းနေအိမ်လိုင်းခန်းနှင့် ကပ်လျက်ရှိသည့် သော့ပိတ်ထားသော ငှက်ဖျားရုံးခန်းမှ မီးပလပ်ခုံတွင်တပ်ဆင်ထားသောဝိုင်ယာကြိုးများ ရှော့ခ်ဖြစ်ပြီး နီးစပ်ရာ စာရွက်စာတမ်းများမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာပေ ၄၀၊ ပေ ၂၀ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး၊ လေးခန်းတွဲ နှစ်လုံး၊ ပေ ၃၀၊ ပေ ၂၀ ရုံးခန်းတစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးသွားခဲ့ရာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၁၅၀၀၀၀ ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဝန်ထမ်းအိမ်ထောင်စု ခုနစ်စု၊ အမျိုးသား လေးဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၁ ဦးတို့အား ပြည်သူ့ဆေးရုံသင်တန်းကျောင်းခန်းမ၌ နေရာချထားပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

မလေးရှားနိုင်ငံရှိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာမည့် အလုပ်သမားအသစ်များအား ခေါ်ယူသည့်အလုပ်ရှင်သူဌေးက ၂၄ နာရီအတွင်း မဖြစ်မနေ လာရောက်ကြိုရတော့မည်

ကွာလာလမ်ပူ ဇွန် ၁၆

မလေးရှားနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာမည့် အလုပ်သမားသစ်များအား ခေါ်ယူသည့် အလုပ်ရှင်သူဌေးသည် ၂၄ နာရီအတွင်း မဖြစ်မနေ လာရောက်ကြိုရတော့မည်ဖြစ်ကြောင်း ဇွန် ၁၂ ရက်က မလေးရှားနိုင်ငံ နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြသွားခဲ့ကြောင်းဖြင့် မလေးရှားရောက်မြန်မာများထံမှ သိရသည်။

အဆိုပါ ဖော်ပြချက်များအရ မလေးရှားနိုင်ငံသို့ ဝင်ရောက်လာသူများ၊ ထွက်ခွာသူများအားလုံးကို စာရွက်စာတမ်းအတုများ ကိုင်ဆောင်ခြင်းမှ ထိထိရောက်ရောက် တားမြစ်သွားရန်ဖြစ်ကြောင်းလည်း သိရပြီး လွန်ခဲ့သောသုံးလက ဖြစ်ပွားခဲ့သည့် MH-370 ပျောက်ဆုံးမှုတွင် ပတ်စပို့အတု နှစ်အုပ်ကိုင်ဆောင်ခရီးသွားသူ နှစ်ဦးပါဝင်ခဲ့ကြောင်း၊ ယင်းကဲ့သို့သော ဖြစ်စဉ်များမဖြစ်စေရန်အတွက် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန စနစ်များနှင့်လေဆိပ်များတွင် နည်းစနစ်ပိုင်းဆိုင်ရာမြှင့်တင်မှု ပြုလုပ်ရန်ရှိသည်များအားလုံး ပြုလုပ်သွားမည်ဖြစ်သလို၊ နိုင်ငံတကာပျောက်ဆုံးပတ်စပို့များကို ချက်ချင်းသိနိုင်ရန်အတွက် မလေးရှားအစိုးရက အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့် တွဲဖက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီး Datuk Seri Dr.Ahmad Zahid Hamidi လေဆိပ်တွင် ပြောကြားသွားခဲ့ကြောင်း သိရသည်။

ထို့အတူ ဝန်ကြီးမှ လေဆိပ်လုံခြုံရေးနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရေးအတွက် မလေးရှားနိုင်ငံရှိ နိုင်ငံတကာလေဆိပ်များကို မှာကြားထားပြီးဖြစ်သလို လဝကအဝင်အထွက်များအားလုံးကို HD-CCTV များ တပ်ဆင်သွားမည်ဖြစ်ကြောင်းဖြင့် ဝန်ကြီးက ပြောကြားသွားခဲ့ကြောင်း ဖော်ပြထားသည်။

ထိုမျှမက နိုင်ငံတကာမှ ရောက်ရှိလာသော နိုင်ငံခြားသား အလုပ်သမားများကိုလည်း ခေါ်ယူသူ လုပ်ငန်းရှင်က ၂၄ နာရီအတွင်း စာရွက်စာတမ်းများဖြင့် လာရောက် ခေါ်ဆောင်ရန်နှင့် သတ်မှတ် ၂၄ နာရီထက် ကျော်လွန်ပါက မိခင်နေရပ်တိုင်းပြည်များသို့ ပြန်လည်ပို့ဆောင်သွားမည်ဟု ဆက်လက်ပြောကြားသွားခဲ့သည်။

ယင်းအပြင် ထိုသို့ပို့ဆောင်ရန်အတွက် လေယာဉ်လက်မှတ်နှင့် ကုန်ကျစရိတ်များကို အလုပ်သမားခေါ်ယူမည့် လုပ်ငန်းရှင်များကသာ တာဝန်ယူရမည်ဖြစ်ကြောင်း၊ သို့အတွက် မလေးရှားနိုင်ငံသို့ အသစ်လာရောက်ကြမည့် မြန်မာအလုပ်သမားများအားလုံးသည် မိမိတို့ အေးဂျင့်များ၊ အလုပ်ရှင်များကို ၂၄ နာရီအတွင်း မဖြစ်မနေလာရောက်ခေါ်ဆောင်ရန် တိကျစွာမေးမြန်းထားကြရန် လိုအပ်ကြောင်း၊ ၂၄ နာရီကျော်လွန်သည်အထိ လုပ်ငန်းရှင် သို့မဟုတ် အေးဂျင့်က လာရောက် ခေါ်ဆောင်ခြင်းမရှိပါက လေဆိပ်မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ကြောင်း မလေးရှားရောက်မြန်မာများ၏ ဆက်သွယ်ပြောကြားချက်အရ သိရသည်။ **စိုးဝင်း(SP)**

ဘက်ထရီရှော့ခ်တိုက်(ကျဉ်စက်)နည်းဖြင့် ငါးဖမ်းဆီးခြင်းမပြုရန် သတိပေးနှိုးဆော်ချက်

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ ရေရှည်တည်တံ့စေပြီး စဉ်ဆက်မပြတ်ထုတ်လုပ်စားသုံးနိုင်ရေးအတွက် ငါးလုပ်ငန်းရေပြင်များ မပျက်စီးစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ ငါးမျိုးမပြုန်းတီးစေရန် ကာကွယ်တားဆီးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဘက်ထရီရှော့ခ်တိုက်၍ ငါးဖမ်းဆီးခြင်းသည် ဥပဒေနှင့်ဆန့်ကျင်သည့် ငါးဖမ်းနည်းဖြစ်ပါသည်။ ဘက်ထရီရှော့ခ်တိုက်နည်းဖြင့် ငါးဖမ်းဆီးခြင်းအားဖြင့် ငါးများနှင့်ယင်းတို့၏ပတ်ဝန်းကျင်ရှိ သက်ရှိရေသတ္တဝါများကို ထိခိုက်ပျက်စီးစေပါသည်။

သို့ဖြစ်ပါ၍ ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုငါးလုပ်ငန်းဥပဒေအရ ငါးမျိုးများပြုန်းတီးခြင်းကို ကာကွယ်ထိန်းသိမ်းရန်အတွက် ဘက်ထရီရှော့ခ်တိုက်နည်းဖြင့် ငါးဖမ်းဆီးခြင်းမပြုရန်တားမြစ်ထားပါသည်။ တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ပါက ငွေဒဏ်ကျပ်သုံးသောင်းအထိဖြစ်စေ၊ ထောင်ဒဏ်သုံးနှစ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ဒဏ်ကျခံရမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

စားဝတ်နေရေးပြည့်စုံရေး
မီးဘေးမပေါ့နှင့်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မျက်စိထဲသို့ အမှိုက်ဝင်လျှင်

ဒေါက်တာ ကံညွန့်

မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်ဟု ဆိုလေသည်။ လျှပ်တစ်ပြက်ကပင် ကြာတတ်သေးသည်။ မျက်တောင်တစ်ခတ်ကမူ တစ်စက္ကန့်၏ဆယ်ပုံတစ်ပုံအတွင်းမှာပင် ပြုလုပ်နိုင်လေသည်။ ၎င်းမှာ မျက်စိကိုကာကွယ်ရန် သဘာဝက ယင်းကိုဖန်တီးထားခြင်း ဖြစ်ပေသည်။ မျက်တောင်တစ်ခုစီ၏ ခြေရင်းကို သေးငယ်သောအာရုံကြောများဖြင့် ရစ်ပတ်ထားခြင်း၊ မျက်ကြည်လွှာအပါအဝင် မျက်လုံး၏မျက်နှာပြင်တွင် ဖြန့်ကြက်ချထားသည့် အာရုံကြောမျှင်တို့၏ ထူးခြားစွာ ခံစားနိုင်ခြင်းတို့ကြောင့် မျက်စိအပေါ် ကျရောက်လာမည့်အန္တရာယ်ကို မျက်တောင်ခတ်ခြင်း၊ မျက်စိမှိတ်ခြင်းဖြင့် ကာကွယ်နိုင်ရန် သဘာဝကဖန်တီးထားခြင်းဖြစ်ပေသည်။ မျက်စိထဲသို့ တစ်ခုခုဝင်လာလျှင် မျက်ရည်ထွက်လာခြင်းကလည်း အလိုအလျောက် အမှိုက်ထွက်သွားစေရန် ဖန်တီးထားခြင်းဖြစ်သည်။

သို့သော် သဘာဝက မျက်စိကို မည်သို့ပင် ကာကွယ်ထားစေကာမူ မျက်စိထဲသို့ အမှိုက် ဝင်ခြင်းသည် ပြဿနာတစ်ခု ဖြစ်နေပေသေးသည်။ တောင်သူဦးကြီးများလုပ်ငန်းခွင်တွင် စပါးခွံဝင်ခြင်း၊ မြေမှုန့်သဲမှုန်ဝင်ခြင်း၊ တွင်ခုံ၊ ကားဘော်ဒီရုံနှင့် အခြားစက်မှုလက်မှုလုပ်ငန်းများမှ ပြည်သူများတွင် သံမှုန်သံစဝင်ခြင်း၊ မော်တော်ဆိုင်ကယ်စီးသူတို့တွင် ပိုးကောင်ဝင်ခြင်း စသည်တို့မှာ ကျွန်တော်တို့နိုင်ငံတွင် ရှောင်လွှဲမရသည့် ပြဿနာတစ်ခုပင်ဖြစ်နေပေသေးသည်။

ယမန်နှစ် ၂၀၁၃ ခုနှစ်အတွင်း ရန်ကုန်မြို့မျက်စိအထူးကုဆေးရုံကြီးတစ်ခုတည်း၌ပင် မျက်စိထဲအမှိုက်ဝင်၍ လာပြရသူပေါင်း ၂၂၀၀ ကျော်ရှိနေပါသည်။ ကျန်သော ဆေးရုံဆေးခန်းတို့တွင် လာပြသည့်စာရင်းမပါရှိသေးပေ။

မျက်စိထဲသို့ အမှိုက်ဝင်ခြင်းသည် ဝင်လျှင်ဝင်ချင်းမျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ခြင်း၊ မျက်စိကို ပိတ်ချည်ဖွင့်ချည်လုပ်ခြင်းဖြင့် အလိုအလျောက် ပြန်ထွက်သွားနိုင်ပါသည်။ ထိုသို့ပြုလုပ်သော်လည်း ထွက်မသွားပါကရေခွက်သို့မဟုတ် လက်ခုပ်ထဲတွင် ရေသန့်သန့်ထည့်၍ မျက်စိကိုပိတ်ချည်ဖွင့်ချည်လုပ်ကြည့်ပါ။ သာမန်ဝင်လာသော အမှိုက်ထွက်သွားပါလိမ့်မည်။ တွင်ခုံတွင် သံစဝင်ခြင်း၊ ကားဘော်ဒီထုရင်း သံချေးဖတ်ဝင်ခြင်းစသည့် မျက်စိထဲသို့ အားပြုဝင်လာသော အမှိုက်များမှလွဲ၍ တခြားဝင်တတ်သောအမှိုက်များမှာ ဖော်ပြပါနည်းနှင့်ပင် ထွက်သွားနိုင်ပါသည်။

> ❛ မျက်စိထဲသို့အမှိုက်ဝင်ခြင်းသည် ဖြစ်လျှင် ဖြစ်ချင်း အချိန်မီထုတ်ယူပစ်နိုင်ပါက အန္တရာယ် မဖြစ်နိုင်သော်လည်း အချိန်မီမထုတ်ယူနိုင်ဘဲ ရက်ကြာသွားပါက မျက်ကြည်လွှာရောင်ရမ်းခြင်း၊ အနာဖြစ်ခြင်းဖြစ်ပေါ်ကာ အမြင်အာရုံထိခိုက် သွားနိုင်ကြောင်း သိထားကြရန်လို ❜

အမှိုက်ဝင်လျှင် အရေးကြီးဆုံးရှောင်ရန်အချက်မှာ မျက်စိကိုလက်ဖြင့် မပွတ်ရန်ဖြစ်ပါသည်။ တချို့က အမှိုက်ကြောင့် ခိုးလိုးခုလုခံစားနေရခြင်းကို ပျောက်လိုပျောက်ငြား မျက်စိကိုလက်ဖြင့် ဖိပွတ်ကြပေသည်။ ထိုသို့ပြုလုပ်ခြင်းသည် မျက်စိကိုအန္တရာယ်အဖြစ်စေဆုံးဖြစ်ပါသည်။ အကြောင်းမှာ အပေါ်ယံကြောတွင်ရှိနေသောအမှိုက်များသည် လွယ်ကူစွာပြန်မထွက်သွားနိုင်တော့ဘဲ မျက်မေ့းလွှာထဲတွင် နစ်ဝင်သွားတတ်ခြင်း၊ မျက်ခွံအောက်တွင်ရှိနေသည့် အမှိုက်ကြောင့် မျက်စိကိုလက်ဖြင့်ဖိ၍ ပွတ်လိုက်သောအခါ မျက်ကြည်လွှာ ပွန်းပဲ့ရောင်ရမ်းသွားတတ်ခြင်းတို့ကြောင့် ဖြစ်ပေသည်။ မျက်ကြည်လွှာ ရောင်ရမ်းခြင်းသည် မျက်စိအမြင်အာရုံကိုထိခိုက်ဆုံးရှုံးစေနိုင်သော ရောဂါတစ်ခု ဖြစ်ပေသည်။

မျက်စိထဲသို့ အမှိုက်ဝင်ခြင်းသည် ဖြစ်လျှင်ဖြစ်ချင်း အချိန်မီထုတ်ယူပစ်နိုင်ပါက အန္တရာယ်မဖြစ်နိုင်သော်လည်း အချိန်မီမထုတ်ယူနိုင်ဘဲ ရက်ကြာသွားပါက မျက်ကြည်လွှာရောင်ရမ်းခြင်း၊ အနာဖြစ်ခြင်းဖြစ်ပေါ်ကာအမြင်အာရုံထိခိုက်သွားနိုင်ကြောင်း သိထားကြရန်လိုပေသည်။

တွင်ခုံ၊ ဘော်ဒီရုံ၊ အလုပ်ရုံမှ လုပ်သားများ သံမှုန်သံစဝင်၍လည်းကောင်း၊ တောင်သူဦးကြီးများ စပါးခွံ၊ စပါးစ၊ မြေမှုန်၊ မြေစဝင်၍ လည်းကောင်း၊ မျက်ကြည်လွှာရောင်ရမ်းသည့် ရောဂါဖြစ်ကာ အမြင်အာရုံ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးကြသူများ များလှပေပြီ။

ယခုအခါ မိုးဦးကျရာသီ ရောက်ခဲ့ပါပြီ။ တောင်သူဦးကြီးများ လယ်ယာလုပ်ငန်းခွင်သို့ဝင်ကြရတော့မည်ဖြစ်သည်။ ယခုမိုးဦးကျလယ်ထွန်ချိန်တွင် တောင်သူဦးကြီးများ၌ ရွှံ့ညွှန်များ၊ မသန့်ရှင်းသောရေများ မျက်စိထဲသို့ ဝင်တတ်ပါသည်။ ထိုသို့ဝင်လျှင်ဝင်ချင်း မျက်စိကိုရေသန့်ပုလင်းမှ ရေဖြင့်လည်းကောင်း၊ ရေသန့်မရနိုင်ပါက မိုးရေဖြင့်လည်းကောင်း၊ မျက်နှာသစ်သကဲ့သို့ ဆေးကြောရန်လိုပါသည်။ ထိုသို့ ဆေးကြောပြီးပါက ဖြစ်နိုင်လျှင် ပိုးသတ်ဆေးမျက်စဉ်းတစ်ခုခုကို ခတ်နိုင်က ပိုကောင်းပါသည်။ ပိုးသေဆေး မျက်စဉ်းဆိုသည်မှာ Chlorophenicol၊ တက်ထရာဆိုဒ်ကလိန်း, Ciprofloxacin, Ofloxacin, Tobramycin, Neomycin စသည့်မျက်စဉ်းများဖြစ်သည်။ ယခုအခါကျေးရွာများတွင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ပေးနေသည့် သားဖွားဆရာမများ ရှိနေပါသည်။ ၎င်းတို့ထံတွင်လည်း အကူအညီတောင်း၍ ဖော်ပြပါမျက်စဉ်းတစ်ခုခုကို ဆောင်ထားသင့်ကြပါသည်။

ယင်းနောက် ဆောင်းရာသီစပါးရိတ်သိမ်းချိန်တွင်မူ နေပူထဲတွင် အလုပ်လုပ်ရပြီဖြစ်၍ နေကာမျက်မှန်ဆောင်ထားကြစေလိုပါသည်။ နေကာမျက်မှန်သည် နေပူဒဏ်ကိုလည်းကောင်း၊ လေတိုက်ခြင်းဒဏ်ကို လည်းကောင်း၊ လေတိုက်ခြင်းကြောင့် ဖုန်နှင့် အခြားအမှုန်အမှိုက်များဝင်ခြင်းကိုလည်းကောင်း၊ စပါးနှံစိုက်မိခြင်းကိုလည်းကောင်း အကာအကွယ်ပြုပါလိမ့်မည်။ ထို့ပြင် ပြင်းထန်သောနေပူဒဏ်ကို နှစ်ရှည်လများခံစားရခြင်းကြောင့် ဖြစ်တတ်သည့် မျက်သားတက်ခြင်း၊ မျက်စိထာဝစဉ်နီရဲခြင်း၊ မျက်စိအတွင်းတိမ်ဖြစ်ခြင်း၊ မျက်ခမ်းကင်ဆာဖြစ်ခြင်းတို့ကိုလည်း တစ်ပါတည်းကာကွယ်ပြီးသားဖြစ်ပါလိမ့်မည်။

မျက်စိဆရာဝန်တစ်ဦး၏အလုပ်သည် မျက်စိရောဂါများကို ကုသပေးရန်ဖြစ်ပါသည်။ ဆေးနှင့်ပျောက်နိုင်သည့်ရောဂါကို ဆေးကုသပေးပြီး ခွဲစိတ်ကုသပေးရမည့်လူနာကို ခွဲစိတ်ပေးရုံသာရှိပါသည်။ ယခုတော့ မျက်စိဆရာဝန်က သံချေးခွာသည့်အလုပ်ကိုပါ လုပ်ပေးနေသည်ဆိုလျှင် ယုံနိုင်ကြမည်မထင်ပါ။ တစ်ပတ်တွင် သုံးလေးယောက်ခန့် မျက်စိထဲသံစဝင်၍ သံစထုတ်၊ သံချေးခွာလုပ်ပေးနေရပါသည်။ သံချေးတက်နေသော သံတိုသံစများကို ထုထောင်းရိုက်နှက်လိုက်သောအခါ သံနှင့်အတူ သံချေးဖတ်သည် မျက်စိတွင် အထူးသဖြင့် မျက်ကြည်လွှာတွင် လာကပ်ပါတော့သည်။ ထိုသံစကို ထုတ်ပေးရသောအခါ သံစထွက်သွားသော်လည်း သံချေးဖတ်သည် အလွယ်တကူ မထွက်နိုင်တော့ပါ။ ထိုအခါမျိုးတွင် ယင်းကပ်နေသော သံချေးဖတ်ကို မျက်ကြည်လွှာမပျက်စီးရအောင် မှန်ဘီလူးအောက်တွင် အပ်ထိပ်ဖျားလေးနှင့် ခွာပေးရတော့သည်။ ထုနှက်လိုက်သည့် အချိန်အဆအရ မျက်ကြည်လွှာ၏ အထဲတွင် စိုက်ဝင်နေတတ်သဖြင့် ယင်းသို့ သံချေးခွာပေးရသည့်အလုပ်သည် မလွယ်ကူဘဲရှိတတ်ပါသည်။ ထိုအခါ မျက်ကြည်လွှာသည် အနာဖြစ်လာပြီး အမြင်အာရုံကိုပါ ထိခိုက်တော့သည်။ ထို့ကြောင့် တွင်ခုံ၊ ဘော်ဒီရုံနှင့် သံတိုသံစများ ရိုက်နှက်ပြုလုပ်ရမည့် စက်ရုံအလုပ်ရုံတို့မှ လုပ်သားများအတွက် တိုက်တွန်းအကြံပြုလိုသည်မှာ အလုပ်လုပ်တိုင်း၊ သံတိုသံစ ရိုက်နှက်ဖြတ်တောက်ရတိုင်း ဖိုင်ဘာမျက်စိကာကို တပ်ဆင်အလုပ်လုပ်ကြပါ။ ဖိုင်ဘာကာဘာမရှိပါက ဖိုင်ဘာမှန်၊ ပလတ်စတစ်မှန်ဖြင့် ပြုလုပ်ထားသော (မကွဲနိုင်သည့်)နေကာမျက်မှန်များ တပ်ဆင်အလုပ်လုပ်ကြပါဟု တိုက်တွန်းလိုပါသည်။ ထိုသို့ တပ်ဆင်အလုပ်လုပ်ခြင်းဖြင့် မျက်စိထဲသို့သံတိုသံစဝင်ခြင်း၊ အမှိုက်သံချေးဖတ်ဝင်ခြင်းတို့ကို ကာကွယ်နိုင်သည့်အပြင် ဂဟေဆက်သည့် စူးရှသောမီးအလင်းရောင်ကြောင့် ဖြစ်တတ်သည့်မျက်ကြည်လွှာစူးရှရောင်ရမ်းခြင်း၊ မျက်စိအာရုံလွှာ ရောင်ရမ်းခြင်း၊ မီးအပူဒဏ်ကြောင့် ဖြစ်တတ်သည့် အတွင်းတိမ်ဖြစ်ခြင်းတို့ကိုပါ ကာကွယ်ပေးလိမ့်မည်ဖြစ်ပါသည်။ တစ်ခုသတိထားရန်မှာ မျက်စိသည် ထိခိုက်ဒဏ်ရာတစ်ခုခုရရှိပါက အကောင်းပကတိကဲ့သို့ ပြန်ဖြစ်အောင် ကုသရန်မှာ မလွယ်ကူလှသဖြင့် ထိခိုက်ဒဏ်ရာရခြင်းမှ အတတ်နိုင်ဆုံးကာကွယ်ရန် ဖြစ်ပါသည်။ မတတ်သာ၍ ထိခိုက်ဒဏ်ရာရလျှင်လည်း အမှိုက်၊ သံစဝင်ခဲ့လျှင်လည်း ဖြစ်လျှင်ဖြစ်ချင်း အမြန်ဆုံးမျက်စိကုဌာနတွင် ပြသကုသခြင်းသည် အမြင်အာရုံကို ကယ်တင်ရန် အကောင်းဆုံးဖြစ်ပါသည်။

ထို့ကြောင့် မျက်စိထဲသို့ မတော်တဆအမှိုက်ဝင်ပါက-

(၁) လက်နှင့် ဖိမပွတ်ပါနှင့်။

(၂) မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်၍ မျက်စိကို မှိတ်ချည်ဖွင့်ချည်လုပ်ပါ။

(၃) မရလျှင် ရေခွက်သို့မဟုတ် လက်ခုပ်ထဲတွင် ရေသန့်သန့်ဖြင့်မျက်စိကို မှိတ်ချည်ဖွင့်ချည်လုပ်ပါ။

(၄) ထိုသို့လုပ်၍မှ ခိုးလိုးခုလုနေခြင်း မပျောက်ပါက နီးစပ်ရာမျက်စိဆေးရုံဆေးခန်းတစ်ခုခုတွင်ပြသပါ။

(၅) အမှိုက်ဝင်ပြီး မျက်စိစူးခြင်း၊ မျက်ရည်ထွက်ခြင်း၊ နေရောင်ကြောက်ခြင်း၊ မျက်စိမှုန်ခြင်းတို့ဖြစ်နေပါက အလွန်အရေးကြီးပါသည်။

(၆) မျက်စဉ်းအဖြစ် ပိုးသေဆေး ပဋိဇီဝအာနိသင်သက်သက်သာပါသောဆေးကို ၂ နာရီ တစ်ကြိမ်ခန့် ခတ်ပါ။ ကော်တီဇုန်း၊ စတီရွိုက်အာနိသင်ပါသောဆေးကို လုံးဝမခတ်ရပါ။

အမှိုက်ကစ ပြာသာဒ်မီးလောင်ဟု ဆိုခြင်းသည် အမှိုက်ကိုမီးလောင်လွယ်သဖြင့်ပေါ့ဆစွာ မပစ်ကြရန်နှင့်အသေးအဖွဲ့ပဲဟု ဂရုမစိုက်ဘဲမနေကြရန် နှိုးဆော်သတိပေးခြင်းဖြစ်သည်။ အမှိုက်ဝင်၍ မျက်စိပျက်ခဲ့ရသူများလှပေပြီ။ မျက်စိထဲအမှိုက်ဝင်ရုံဖြင့် ဘာမှမဖြစ်နိုင်ဟု ပေါ့ဆစွာမနေမိကြစေရန် ဤဆောင်းပါးဖြင့်တိုက်တွန်းလိုက်ရပါသည်။

ရွှံ့သဲဖုန်မှုန့် ဝင်လျှင်
မျက်စိခုမည်ပင်
ခုလျှင်ချက်ချင်း၊ ရေနဲ့ကျင်း
မျက်စိအန္တရာယ်ကင်း၊
လက်နှင့် ပွတ်တိုက်လုပ်ပါက
မျက်စိရောဂါရ။

ဘာသာပေါင်းစုံငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မိုးကုတ် ဇွန် ၁၆

လက်ရှိဖြစ်ပေါ်နေသော ဘာသာတရားနှင့်စပ်လျဉ်းပြီး တစ်ဦးနှင့်တစ်ဦးထားရှိသော သံသယများ အမြင်မကြည်လင်မှုများကို လျှော့ချပပျောက်စေရန်နှင့် ဘာသာကွဲများအကြား ရင်းနှီးခင်မင်စွာ အတူတကွယှဉ်တွဲနေထိုင်နိုင်ရန် ရည်ရွယ်၍ ရတနာမြေ လူမှုဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ဘာသာပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အလုပ်ရုံဆွေးနွေးပွဲပထမနေ့ကို ဇွန် ၁၃ ရက် နံနက် ၉ နာရီက မိုးကုတ်မြို့ မြို့မအုပ်စုအတွင်းရှိ မြို့မခန်းမအတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုးကုတ်မြို့ မြို့နယ်သံဃနာယက ဆရာတော်ဦးအာစာရက အဖွင့်သြဝါဒကထာများချီးမြှင့်မြွက်ကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက အမှာစကားပြောကြားခဲ့သည်။ အစီအစဉ်အရ ရတနာမြေ လူမှုဖွံ့ဖြိုးရေးအသင်း၏ စီမံကိန်းဒါရိုက်တာ ဒေါက်တာနှင်းအေးကိုက အသင်းအကြောင်းနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့ပြီး ရေပူကျောင်းဆရာတော်ဦးကောသလ္လက ဗုဒ္ဓဘာသာနှင့်ငြိမ်းချမ်းခြင်းတရားများကို လည်းကောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ပြန်ကြားရေးမှူးဆရာဦးအောင်နိုင်က ဟိန္ဒူဘာသာနှင့် ငြိမ်းချမ်းရေးတရားများကို လည်းကောင်း၊ အစ္စလာမ်ဓမ္မဗိမာန်ပင်တိုင်ဓမ္မကထိက ဆရာဦးမင်းနိုင်က အစ္စလာမ်ဘာသာနှင့် ငြိမ်းချမ်းရေးတရားများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ဘာသာကြီးလေးခုမှ ဘာသာရေးခေါင်းဆောင်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အခြားစိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပြီး ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပန်းသေးတန်းဗလီနှင့် ဖောင်တော်ဦးဘုရားများသို့ သွားရောက်လည်ပတ်လေ့လာကြသည်။ အလုပ်ရုံဆွေးနွေးပွဲဒုတိယနေ့ကိုလည်း မြို့မခန်းမ၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ အကြမ်းဖက်ဆူပူမှုပပျောက်ရေးနှင့် ကာကွယ်တားဆီးရေး စသည့်အကြောင်းအရာများကို ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **နေဝါ(မိုးကုတ်)**

ပညာပေးနှိုးဆော်ချက်-၁

မိုးဦးကျကာလဖြစ်သော ဧပြီ-ဩဂုတ်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချို/ရေငန်ပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသောပုစွန်များ ပေါက်ပွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်းဥပဒေ"အရ အရေးယူခံရမည်ဖြစ်ပါသည်။

သို့ပါ၍ ရေချို/ရေငန်ပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဧပြီလမှ ဩဂုတ်လအထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

"ကျောက်ပုစွန်၊ ကင်းပုစွန်	**ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ**
ရေချိုပုစွန်	**ဧပြီလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ**
ရေငန်ပုစွန်	**ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ"**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့
နေ့စဉ်နွားနို့ သောက်ကြစို့

လွှတ်တော်ရေးရာကဏ္ဍ

❋ ပြည်သူ့လွှတ်တော်မှ

စာချုပ်ချုပ်ဆို ရေးသားသူများမှ ကိုယ်တိုင် လာရောက်ဆောင်ရွက်ခြင်းမှာ လွန်စွာနည်းပါးပြီး ဥပဒေ တတ်ကျွမ်း နားလည်သူများ၊ ရုံးဌာနသို့ လာရောက်ရန် ကိုယ်စားလှယ်လွှဲအပ်ဆောင်ရွက်မှုများ ရှိသဖြင့် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဥပဒေအရ ထိုက်သင့်သည့် အခကြေးငွေများကို စာချုပ်စာတမ်းချုပ်ဆိုသူများမှ နားလည်သဘောပေါက်မှု အားနည်းချက်များ ရှိနေကြောင်းကိုလည်း တွေ့ရှိရပါကြောင်း။

စာချုပ်စာတမ်း မှတ်ပုံတင်ရန်အတွက် တင်သွင်းကြရာတွင် စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေအရသာမက မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေ ပုဒ်မ (၃)၊ ဇယား (၁) တွင် ဖော်ပြထားသော တန်ဖိုးအတိုင်း ပြည့်စုံစွာ တံဆိပ်ခေါင်းထမ်းဆောင်ထားခြင်း ရှိ/မရှိကို အခြေပစ္စည်းများတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့၏ တန်ဖိုးသတ်မှတ်မှုအရ ဆောင်ရွက်ရပါသဖြင့် ထိုကဲ့သို့ ဆောင်ရွက်မှုများကို စာချုပ်ချုပ်ဆိုသူများမှ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှုပ်ထွေးပြီး နားလည်မှု လွဲမှားချက်များလည်းရှိနေသည်ကို တွေ့ရှိရပါကြောင်း။

မရွှေ့မပြောင်းနိုင်သော အိမ်ခြံမြေစသည့်ပစ္စည်းများ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ကာလတန်ဖိုးစိစစ်ရေးအဖွဲ့၏ သတ်မှတ်သည့်နှုန်းထားအပေါ် မူတည်ပြီး မှတ်ပုံတင်ခများကောက်ခံ၍ စာချုပ်များမှတ်ပုံတင်ရေးလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ယနေ့ကာလအခြေအနေအရ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအင်အားနှင့် ဆောင်ရွက်ရသည့်လုပ်ငန်းပမာဏမမျှတသည့် အခြေအနေတွင် ဥပဒေအရ ဆောင်ရွက်ရသော အဆင့်များမှာနှစ်ပေါင်းများစွာ ထိန်းသိမ်းသက်သေခံရသော ကိစ္စများဖြစ်၍ မှားယွင်းမှုမရှိအောင် အထူးဂရုပြု ဆောင်ရွက်ရပါကြောင်း။

ပြည်ထောင်စုရာထူးဝန် အဖွဲ့မှလည်း **နိုင်ငံ့ဝန်ထမ်းဥပဒေ** ကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅ ဖြင့် သတ်မှတ်၍ နိုင်ငံတော်သမ္မတက (၈-၃-၂၀၁၃) ရက်တွင် လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့ ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရေးအတွက် ထပ်ဆင့်ပညာပေး ဆွေးနွေးမှုများ၊ ဗဟိုဝန်ထမ်း တက္ကသိုလ်တို့တွင် သင်ခန်းစာများ၌ ထည့်သွင်းပို့ချ

ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုအခါ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် လုပ်ငန်းဆောင်ရွက်ရန် လွယ်ကူလျင်မြန်စေရေးအတွက် ကွန်ပျူတာဖြင့် မှတ်တမ်းထိန်းသိမ်းခြင်းကို ဆောင်ရွက်ရန် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၉၀၈ ခုနှစ်၊ စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော်မှလည်း ဥပဒေဟောင်းကို ရုပ်သိမ်းပြီး အသစ်ရေးဆွဲရန် သဘောထားပြုလာသည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ အကြောင်းကြားချက်အရ ဥပဒေအသစ် ပြင်ဆင်ရေးဆွဲလျက် ရှိပါကြောင်း။

စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေသည် ဗြိတိသျှကိုလိုနီခေတ်ကာလ ၁၉၀၈ ခုနှစ်မှ စတင်ပြဋ္ဌာန်းခဲ့ပြီး ယနေ့အထိ တည်မြဲလျက်ရှိသဖြင့် ဥပဒေပါ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်လျက်ရှိခြင်း၊ အခြားတည်ဆဲဥပဒေများဖြစ်သည့် မြန်မာနိုင်ငံ တံဆိပ်ခေါင်းဥပဒေ၊ ပစ္စည်းလွှဲပြောင်းမှု အက်ဥပဒေ၊ ၁၉၈၇ ခုနှစ် မရွှေ့ပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ၊ ပဋိညာဉ်အက်ဥပဒေများနှင့် ဆက်စပ်နေသည့်အတွက် ဥပဒေကြောင်းအရ ခိုင်မာပြီး လုပ်ထုံးလုပ်နည်းရှင်းလင်းလွယ်ကူသည့် ဥပဒေအသစ်တစ်ခုပေါ်ထွန်းလာရေးအတွက် ဥပဒေပညာရှင်များဖြင့် ရေးဆွဲလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီး၏ **"မြန်မာနိုင်ငံရှိ ကျွန်းနှင့်ကိုင်းမြေများတွင် မြေပဲစိုက်တောင်သူများ အရှုံးပေါ်နေခြင်းနှင့်ပတ်သက်၍ နောင်နှစ်များတွင် အရှုံးပေါ်မှုမှ ကင်းလွတ်အောင် နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ရန် အစီအစဉ်ရှိသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် မြေပဲသီးနှံကို မိုးမြေပဲနှင့် ဆောင်းမြေပဲဟူ၍ ဧက ၂ ဒသမ ၂၉၉ သန်း စိုက်ပျိုးလျက်ရှိပါကြောင်း၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်တို့၏ ဝဲယာတွင်ရှိသော ကိုင်းကျွန်းမြေများတွင် နှစ်စဉ်ဆောင်းမြေပဲကို ဧက ၁ ဒသမ ၁၉၈ သန်း စိုက်ပျိုးကြပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူး၊ မြင်းခြံ၊ တောင်သာ၊ ငါန်းဇွန်နှင့် ညောင်ဦးမြို့နယ်များရှိ ကိုင်းကျွန်းမြေများပေါ်၌ ၂၀၁၃-၂၀၁၄ ခုနှစ်က ဆောင်း မြေပဲဧက ၄၅၃၆၀ စိုက်ပျိုးခဲ့ပါကြောင်း။

ပုံမှန်အားဖြင့် ဆောင်းမြေပဲတစ်ဧက ပျမ်းမျှအထွက်နှုန်း တင်း ၆၀ အထက်ထွက်ရှိပြီး အတောင့်တစ်တင်းလျှင် ၇၀၀၀ ကျပ်နှုန်းရရှိသဖြင့် တစ်ဧက ဝင်ငွေ ကျပ်လေးသိန်းနှစ်သောင်းကျော်ရရှိပါကြောင်း၊ ဆောင်းမြေပဲတစ်ဧက ပျမ်းမျှကုန်ကျစရိတ်သည် ငွေကျပ် ၂၆၆၅၀၀ ဖြစ်၍ တစ်သိန်းငါးသောင်းကျပ်ခန့် အကျိုးအမြတ်ရရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း အချို့ဒေသရှိ တောင်သူများ၏ ဆောင်းမြေပဲ အနိမ့်ဆုံးအထွက်နှုန်းသည် တင်း ၄၀ ကျော်ဖြစ်၍ တစ်ဧကဝင်ငွေ ကျပ်သုံးသိန်းကျော်ဖြစ်ပြီး အကျိုးအမြတ် အနည်းဆုံး ကျပ်လေးသောင်းကျော်ရရှိသဖြင့် အကျိုးအမြတ်နည်းသော်လည်း ဒေသအများစုရှိ တောင်သူများသည် တစ်ဧကပျမ်းမျှတင်း ၆၀ အထက်ထွက်ရှိကြပါကြောင်း။

မန္တလေးမြို့ ကုန်စည်ဒိုင် ဈေးနှုန်းအရ သီးနှံပေါ်ချိန်တွင် မြေပဲဆန်တစ်ပိဿာလျှင် ၁၄၀၀ ကျပ်မှ ၁၆၀၀ ကျပ် ထိရရှိကြောင်း သိရှိရပြီး မြေပဲလုံးဆန်များကို ပြည်ပဝယ်လိုအားအနေဖြင့် တရုတ်နှင့် ထိုင်းမှ ဝယ်လက်များ၏ ဝယ်လိုအား လျော့နည်းမှုကြောင့် လုံးဆန်ဈေးနှုန်းကျခြင်း၊ ဆီစက်လုပ်ငန်းရှင်များကလည်း စားအုန်းဆီဈေးနှုန်းချိုပြီး မြေပဲဆီဈေး

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီး မေးမြန်းစဉ်။ (သတင်းစဉ်)

နှုန်းကျခြင်း၊ ယခင်နှစ်က လုံးဆန်ဈေးတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ အထိ ပေးဝယ်ခဲ့သော်လည်း ယခုနှစ် ဈေးနှုန်းကျခြင်းကြောင့် မြေပဲစိုက်တောင်သူများအမြတ်ဝင်ငွေလျော့နည်းခြင်းသာ ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် မြေပဲစိုက် တောင်သူများအတွက် တစ်ဧကလျှင် တင်း ၈၀နှင့် အထက်ထွက်ရှိနိုင်သည့် သက်တမ်းတို၊ အထွက်ကောင်းများဖြစ်သည့် ဆင်းပဒေသာ ၇၊ ဆင်းပဒေသာ ၁၁ နှင့် တွန်တာနီ မြေပဲမျိုးများကို ပွားများဖြန့်ဖြူးပေးလျက် ရှိပါကြောင်း၊ အလားတူပင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ဆောင်းမြေပဲစိုက် တောင်သူများအား ဖော်ပြပါမျိုးကောင်းမျိုးသန့်များကို ဆောင်းမြေပဲစိုက်ချိန်တွင် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ အချို့မြေပဲစိုက် တောင်သူများ ယခင်နှစ်အထွက်နှုန်း လျော့နည်းရခြင်း၏ အဓိကအချက်သည် စိုက်ချိန်၊ ရာသီဥတုနှင့် အပင်ပြုစုစောင့်ရှောက်ခြင်း ကွာခြားမှုများကြောင့် ဖြစ်နိုင်ပါကြောင်း၊ ပုံမှန်အားဖြင့် ဆောင်းမြေပဲသီးနှံကို မြေနုကျွန်း၊ မြေကောင်းများ၌ စိုက်ပျိုးသည့်အပြင် ကိုင်းသမားများသည် စိုက်ပျိုးနည်းစနစ် အပြည့်အဝ လိုက်နာဆောင်ရွက်ကြသဖြင့် ဆောင်းမြေပဲအထွက်နှုန်းသည် မိုးမြေပဲထက်များစွာ သာလွန်ပြီးထွက်ပါကြောင်း။

မြေပဲစိုက်တောင်သူများ ပိုမိုစိုက်ပျိုးလာစေရန် နိုင်ငံတော်မှ ပံ့ပိုးပေးသည့် ဆောင်းမြေပဲ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်းအပြင် ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု (Contract Farming) စနစ်ဖြင့် ပုဂ္ဂလိက ဆီလုပ်ငန်းရှင်ကုန်သည်များနှင့်ပူးပေါင်း၍ မြေပဲစိုက်တောင်သူများအား သွင်းအားစုနှင့်စိုက်ပျိုးစရိတ်အရင်းအနှီးများ ကြိုတင်ထုတ်ပေးပြီး ထွက်ရှိလာသော မြေပဲသီးနှံကို သင့်တော်သည့် ညှိနှိုင်းဈေးနှုန်းနှင့် ပြန်လည်ဝယ်ယူခြင်းလုပ်ငန်းများကို အသင်းအဖွဲ့များမှ ဆောင်ရွက်ခြင်းဖြင့် မြေပဲစိုက် ဧရိယာတိုးတက်လာစေရေး စည်းရုံးဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **"ပြည်သူပိုင်သိမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုထားသော ဆိုင်ခန်းများအား အိမ်ခန်းပိုင်ရှင်များထံသို့ မည်သည့်အချိန်တွင် တရားဝင်ပေးအပ်နိုင်မည်နည်း"** ဆိုသည့် မေးခွန်းအား သမဝါယမဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသန်းထွန်းက ပုံစံ(၃) ကို အကြောင်းပြုလျက် သမဝါယမအသင်းများက အသုံးပြုလျက်ရှိသည့် ပြည်သူပိုင်သိမ်းအခန်းများကို ပြန်လည်လွှဲပြောင်းပေးပါရန် တင်ပြတောင်းခံလာမှုများနှင့် စပ်လျဉ်း၍ (၂၃-၇-၁၉၉၆) တွင် သမဝါယမဝန်ကြီးဌာန၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဦးဆောင်ကျင်းပခဲ့သည့် ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူပိုင်သိမ်းအဆောက်အအုံများ ပြန်လည်ပေးအပ်ပါရန် တင်ပြတောင်းခံခြင်းများနှင့် ပတ်သက်သော အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးက ၁၉၆၄ ခုနှစ်၌ ကုန်သွယ်ရေးဝန်ကြီးဌာနက တစ်ပြည်လုံးရှိ လုပ်ငန်းအားလုံးကို မှတ်တမ်းမှတ်ရာများဖြင့် ပြည်သူပိုင် သိမ်းဆည်းခဲ့သော်လည်း သိမ်းဆည်းခံရသည့် ပုဂ္ဂိုလ်များအနေဖြင့် ၎င်းတို့လက်ဝယ်တွင် မှတ်တမ်းမှတ်ရာ မရှိခဲ့ကြောင်း၊ ၁၉၇၆ ခုနှစ် ပြည်သူပိုင်သိမ်း အဆောက်အအုံများနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်အနေဖြင့် တစ်နေ့တွင် သိမ်းဆည်းထားသော အထောက်အထား သဘောမျိုးဖြင့် ပုံစံ (၃) ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဘောက်ချာသဘောမျိုးဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါကြောင်း။

ထို့အပြင် ၁၉၉၉ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစီးကျင်းပသည့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်၏ (၂/၉၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်-၄၀ တွင် **"ပြည်သူပိုင်သိမ်းထားသော စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေနေရာများကို မူလပိုင်ရှင်များက လွှဲပြောင်းပေးပါရန် တင်ပြလျှောက်ထားလာပါက ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးမည်မဟုတ်ကြောင်း "မူ" အဖြစ် ချမှတ်လမ်းညွှန်ပါသည်"** ဟု ဆုံးဖြတ်ထားပါကြောင်း။

ပြည်သူပိုင်သိမ်းအခန်းများအား မူလသက်ဆိုင်သူနှင့် ဆက်ခံသူများက ပြန်လည်တောင်းခံလာသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတကလည်း **" ဥပဒေအရ လွှဲပြောင်းပေးရန်မရှိပါ။ သို့ရာတွင် နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများ၊ အိမ်ရာစီမံကိန်းများရှိ အဆောက်အအုံနှင့် မြေယာကွက်များ စီမံခန့်ခွဲမှုကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပေးရာတွင် မူလသက်ဆိုင်သူ (သို့မဟုတ်) ပိုင်ဆိုင်သူကိုယ်တိုင်အား ဦးစားပေးဝယ်ယူခွင့်ရရှိရေးစီစဉ်ဆောင်ရွက်ပေးစေလျက်ရှိပါသည်"** ဟု မူဝါဒချမှတ်လမ်းညွှန်ထားရှိပါကြောင်း။

သို့ဖြစ်ပါ၍ သမဝါယမဝန်ကြီးဌာနသည် ဝန်ကြီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရသော တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်များရှိ ပြည်သူပိုင်သိမ်းအခန်း/အဆောက်အအုံများနှင့် ပတ်သက်၍ အထက်ပါ ချမှတ်ထားသည့် "မူ" များနှင့်အညီ ရပ်တည်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

✺ အမျိုးသားလွှတ်တော်မှ

ပိုမိုအလေးထား ဆောင်ရွက်သင့်ပါကြောင်းဖြင့် တင်သွင်းခဲ့သည်။

ဈာကလီးယား ပညာရပ်အား ဆေးပညာ၊ စိုက်ပျိုးရေးပညာ၊ ပတ်ဝန်းကျင်၊ မြစ်ချောင်းအင်းအိုင်သဲနုန်းကျမှု၊ ရေကာတာကြီးများ၏ တည်တံ့ခိုင်မြဲမှု၊ လေထုညစ်ညမ်းမှု စသည်ကိစ္စရပ်များ တိုင်းတာစစ်ဆေးရာ၌ အသုံးချနိုင်ပါကြောင်းသိရှိရသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး၏ **"နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း (INGO) များ၏ မမှန်မကန်သော လုပ်ရပ်များအပေါ် ရခိုင်ပြည်နယ် ဒေသခံများ၏ မကျေနပ်မှုများ ထပ်ဆင့် ဖြစ်ပေါ်နေ၍ ဒေသခံများ အနေဖြင့် မလိုလားအပ်သော ထိပ်တိုက်တွေ့မှုများ၊ ပဋိပက္ခများ၊ ပြဿနာများ ထပ်မံဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြောင့်ကြဖြစ်နေကြပါ၍ နိုင်ငံတော်မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ရခိုင်ပြည်နယ်တွင် INGO (၁၅) သင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ NGO/INGO များသည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လိုသော လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းအဆိုပြုချက်၊ အခြေခံသဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ(မူကြမ်း)များကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ အဆိုပြုတင်ပြ၍ မိတ္တူကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပေးပို့ရပါကြောင်း၊ ၎င်းအဆိုပြုတင်ပြချက်များကို နိုင်ငံခြားရေးရာမူဝါဒကော်မတီ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့ တင်ပြ၍ သဘောတူလက်မှတ်ရေးထိုး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယခင်က ရခိုင်ပြည်နယ်အတွင်း INGOs အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည် ပွင့်လင်းမြင်သာမှုမရှိသဖြင့်လည်းကောင်း၊ ဒေသခံပြည်သူလူထုနှင့် အဖွဲ့အစည်းများအကြား ဆက်စပ်ညှိနှိုင်းပေးမှု၊ ကြီးကြပ်မှုများအားနည်းသဖြင့် အထင်အမြင် လွဲမှားမှုများကြောင့်လည်းကောင်း မလိုလားအပ်သည့် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာနှင့် ပြည်နယ်အဆင့်အရေး

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ပေါ်ပေါင်းစပ်ညှိနှိုင်းရေး စင်တာများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူဗဟိုပြုဝန်ဆောင်မှုဖြစ်ရန်လိုအပ်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ နားလည်မှုစာချွန်လွှာပါ လုပ်ငန်းများ၊ အသင်းအဖွဲ့ မှတ်ပုံတင်ပါ လုပ်ငန်းအကြောင်းအရာများကိုသာ ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ သွားလာလှုပ်ရှားရာတွင် လည်းကောင်း ပွင့်လင်းမြင်သာစွာရှိစေရေးအတွက် မြို့နယ်အလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်သော မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အများပြည်သူလူထုသိရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတကာ အစိုးရအဖွဲ့မဟုတ်သော လူမှုရေးအသင်းအဖွဲ့ INGOs များ၏ မမှန်မကန်လုပ်ရပ်များရှိပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာများက စောင့်ကြည့်ပြီး သတင်းရယူမှု၊ ချပြဆွေးနွေးမှု၊ သတင်းထုတ်ပြန်ပေးမှုများကို နည်းလမ်းတကျ ထိန်းကျောင်းပေးပြီး မကျေနပ်မှုများကို မျက်နှာချင်းဆိုင်အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ ဆွေးနွေးဖြေရှင်း ပေးလျက်ရှိပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပြဿနာရပ်များကို အားလုံးလက်တွဲပြီး တာဝန်ယူတာဝန်ခံစိတ်ဖြင့် ပွင့်လင်းမြင်သာစွာ ဖြေရှင်း ဆောင်ရွက်လျက်ရှိသည့်အတွက် မလိုလားအပ်သည့် ထိပ်တိုက်တွေ့ဆုံမှုများ၊ ပဋိပက္ခများ ထပ်မံမဖြစ်ပွားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်၏ **"မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးခြင်းနှင့်စပ်လျဉ်းသည့် အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်ချက်နှင့် ဆေးလိပ်သောက်သုံးမှု လျော့နည်းပပျောက်ရေး ပြုလုပ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ဆေးလိပ်ဆေးရွက်ကြီးတွင် ကင်ဆာရောဂါအပါအဝင် နာတာရှည်ရောဂါမျိုးစုံ ဖြစ်ပွားစေသည့် အဆိပ်ဓာတ်ပစ္စည်းပေါင်း လေးထောင်ကျော်ပါဝင်ကြောင်း သိရှိရသော်လည်း တရားဝင်စိုက်ပျိုး၊ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချခွင့်ပြုထားသော ကုန်ပစ္စည်း ဖြစ်နေပါကြောင်း။

ဆေးလိပ် ဆေးရွက်ကြီး၏ အန္တရာယ်ကို ထိရောက်စွာကာကွယ်နိုင်ရေးအတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ ခုနှစ် မေလတွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၇ ခုနှစ် မေလတွင် စတင်အာဏာအသက်ဝင်ခဲ့ပါကြောင်း၊ အဆိုပါဥပဒေအရ အသက် ၁၈ နှစ်အောက် ကလေးများကို ဆေးလိပ်ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ဆေးလိပ်ဖြန့်ဖြူးရောင်းချခြင်းတွင် အသက် ၁၈ နှစ်အောက် ကလေးများအားခိုင်းစေခြင်း စသည်တို့ကို တားမြစ်ထားပါကြောင်း၊ ဆေးလိပ်သောက်သုံးမှုကို ကန့်သတ်သောအားဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နိုင်ငံခြားမှ စီးကရက်တင်သွင်းခြင်းကို တားမြစ်ခဲ့ပါကြောင်း ဖြေကြားသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

စီမံကိန်းလုပ်ငန်းများ သတ်မှတ်လျာထားချက်ထက် ကြိုတင်ပြီးစီးရေး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်

နေပြည်တော် ဇွန် ၁၆

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများသတ်မှတ်လျာထားချက်ထက် ကြိုတင်ပြီးစီးရေး၊ ထုတ်ကုန်များ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာရရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင် ဦးစားပေးဆောင်ရွက်ရေး၊ ဒေသခံများအား အလုပ်အကိုင် ခန့်ထားပေးနိုင်ရေးတို့ကို မှာကြားပြီး သံသတ္တုရိုင်းများ ပဏာမ ကြိတ်ခွဲသန့်စင်ခြင်း အလုပ်ရုံတည်ဆောက်ပြီးစီးမှု ၊ သံသတ္တုရိုင်းများ အချောသပ် ကြိတ်ခွဲသန့်စင်ခြင်း အလုပ်ရုံတွင် စက်များစမ်းသပ်လည်ပတ်နေမှု၊ သံစိမ်းထုတ်လုပ်မည့် အဓိကအလုပ်ရုံများ တည်ဆောက်ပြီးစီးမှု၊ Main Step Down Station နှင့် Heat Recovery Power Station တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

“ စီမံကိန်းပြီးစီးပါက သံရည်ကျိုမီးဖိုများမှ ထွက်ရှိလာသည့် စွန့်ပစ်အပူ (Flue Gas) ဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၂၄ ကီလိုဝပ် နာရီသန်းပေါင်းထုတ်လုပ်နိုင်မည်”

အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)ကို အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)အတွက်လိုအပ်သည့် အဓိကကုန်ကြမ်းဖြစ်သော သံစိမ်း(Pig Iron) ထုတ်လုပ်နိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ရာ စက်ရုံအဆောက်အအုံများ ၈၃ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး စက်နှင့်စက်ပစ္စည်းများကိုလည်း တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းပြီးစီးပါက အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)အတွက် တစ်နှစ်လျှင် သံစိမ်း(Pig Iron) တန်ချိန် ၂၀၀၀၀၀ ကိုလည်းကောင်း၊ Direct Reduction Plant တွင်အသုံးပြုနိုင်သည့် Hematite သံရိုင်းတန်ချိန် ၄၅၀၀၀၀ ကို လည်းကောင်း၊ ဘိလပ်မြေထုတ်လုပ်ရာတွင် လိုအပ်သည့် ဂေါ်တန်ကျောက်များအား အစားထိုးအသုံးပြုနိုင်သည့် Granulated Slag တန်ချိန် ၂၈၆၀၀၀ကိုလည်းကောင်း၊ သံရည်ကျိုမီးဖိုများမှထွက်ရှိလာသည့် စွန့်ပစ်အပူ (Flue Gas) ဖြင့်တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၂၄ ကီလိုဝပ်နာရီသန်းပေါင်းကို လည်းကောင်း ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

သံရိုင်းမှ သံစိမ်းအဖြစ်ထုတ်လုပ်သည့်နည်းစဉ်များတွင် Romelt Process သည် စီးပွားရေးအရ သင့်လျော်ပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနည်းပါးသည့် နည်းစဉ်တစ်ခုဖြစ်ကြောင်းနှင့် လိုအပ်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ အဆင့်မြင့်အစီအစဉ်များလည်း ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ဘုရင့်နောင်တံတားအမှတ်(၂)တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇွန် ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)က တည်ဆောက်နေသော ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင် ဘုရင့်နောင်ဘက်ကမ်းသို့ ရောက်ရှိပြီး ချဉ်းကပ်တံတားလုပ်ငန်းများဆောက်ရွက်ပြီးစီးမှု၊ ပင်မတံတားသံပေါင်တပ်ဆင်ရန် Temporary Support လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လှိုင်သာယာဘက်ကမ်း ချဉ်းကပ်တံတားသို့ သွားရောက်ပြီး ပင်မတံတားအတွက် သံပေါင်များ သယ်ချနေမှု၊ သံပေါင်များ ကမ်းနှစ်ဖက်လုံးတစ်ပြိုင်နက် တပ်ဆင်နိုင်ရန် Temporary Support လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလယ်တိုင် သံပေါင်တပ်ဆင်ရာတွင် သဘော်များ အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံ လမ်းအတိုင်းထွက်ခွာပြီး လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု၊ တွံတေးကြီးတံတား၊ ဒေးဒရဲတံတားနှင့် ဖျာပုံတံတားကြံ့ခိုင်မှု၊ ဖျာပုံ-ကျိုကဒွန်း-ဒေါ်ညိမ်း-အမာလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၁၂/၀ နှင့် ၁၂/၁) ကြားတွင် တံတားအထူးအဖွဲ့(၅)က ကံဆိပ်တံတား တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၁၀/၇ မှ ၁၁/၇ထိ) တစ်မိုင်အား မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကျရောက်မှု ဒေသတွင်း လမ်း/တံတား ဖောက်လုပ်မှုဆိုင်ရာ နည်းပညာတိုးတက်မှုစီမံကိန်းမှ မြေသားကြံ့ခိုင်မှု ထိန်းသိမ်း၍ ကတ္တရာလမ်း စမ်းသပ်ခင်းထားမှုနှင့် ဒေါ်ညိမ်းကျေးရွာအထိ လမ်းအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဖျာပုံမြို့မှတစ်ဆင့် ဖျာပုံ ဘိုကလေးလမ်း ပြုပြင်ထိန်းသိမ်းမှု၊ ဘိုကလေးမြို့အဝင် နတ်ချောင်းတံတားသစ် တည်ဆောက်ရန် ယာယီလမ်းလွှဲ ဆောင်ရွက်နေမှုနှင့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)က တည်ဆောက်နေသော ဘိုကလေးတံတားသို့ ရောက်ရှိစစ်ဆေးပြီး လုပ်ငန်းများ အန္တရာယ်ကင်းစွာဖြင့် စနစ်တကျပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်လေးပင်၊ လားရှိုး၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီနှင့် ဖလမ်း ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒစ်ဂျစ်တယ်စနစ် (DVB-T2) ဖြင့် စမ်းသပ်ထုတ်လွှင့်လျက်ရှိ

နေပြည်တော် ဇွန် ၁၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ရုပ်မြင်သံကြား အစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2) သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လွိုင်ကော်၊ ညောင်လေးပင်၊ လားရှိုး၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်းနှင့် ဟသ်ာတတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ညောင်လေးပင်စက်ရုံမှ မတ် ၂၉ရက်မှစတင်၍ လွှင့်အား 3KW၊ လှိုင်းနှုန်းချန်နယ်(E-27) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏အရှေ့ဘက် ၁၈ မိုင်အကွာရှိ ရွှေကျင်၊ မဒေါက်အထိ အနောက်ဘက် ၁၂ မိုင်အကွာရှိ မြို့ချောင်း၊ အုတ်ရှစ်ကုန်း၊ ဒုံးတန်းအထိ၊ တောင်ဘက် ၂၇မိုင်အကွာရှိ ပျဉ်ပုံကြီး၊ ဖောင်တော်သီ-ဒိုက်ဦး၊ ပြွန်တန်ဆာအထိ မြောက်ဘက်မိုင် ၃၀ အကွာရှိ ကညွတ်ကွင်း၊ ကျောက်တံခါး၊ ပဲနွယ်ကုန်းအထိ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

လားရှိုးစက်ရုံမှ ဧပြီ ၁ ရက်မှ စတင်ပြီး လွှင့်အား 1KW၊ လှိုင်းနှုန်းချန်နယ် (E-27) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ထုတ်လွှင့်မှုကိုစက်ရုံ၏ အရှေ့ဘက်တာပုံ၊ ဟူးမွန်း၊ ပိန်းထန်း၊ မန်ပြိန်း ကျေးရွာအထိ ၊ အနောက်ဘက် ကောင်းကြဲ၊ အီနိုင်းကျေးရွာအထိ တောင်ဘက် မန်အိုင်၊ မယ်ဟန်၊ ခါသျှ၊ ခေးနင်းကျေးရွာအထိ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

မုံရွာစက်ရုံမှ ဧပြီ ၇ ရက်မှ စတင်ပြီး လွှင့်အား 1KW၊ လှိုင်းနှုန်း (E-30) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မြောက်ဘက် အလုံ၊ ဘုတလင်၊ ဒီပဲယင်းမြို့အထိ၊ တောင်ဘက် ရေစကြို၊ ချောင်းဦး၊ မြင်းမူ၊ မြောင်မြို့အထိ၊ အနောက်ဘက်ဆားလင်းကြီး၊ ယင်းမာပင်၊ ပုလဲ၊ ကနီမြို့အထိ လည်းကောင်း၊ အရှေ့ဘက်သာစည်၊ အရာတော်မြို့အထိ မြောက်ဘက်ကောင်းကြဲ၊ နမ့်ဟွန်း၊ ဟိုပိတ်ကျေးရွာအထိ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

မြစ်ကြီးနားစက်ရုံမှ ဧပြီ ၈ ရက်မှစတင်၍ လွှင့်အား IKW၊ လှိုင်းနှုန်း (E-27) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မြောက်ဘက် နောင်ချိန်း၊ နောင်နန်း၊ အောင်မြေသာစံကျေးရွာအထိ၊ အနောက်ဘက် နမ္မတီး၊ ပြည်ထောင်၊ မလိခ၊ နန်းကွေ့ကျေးရွာအထိ၊ တောင်ဘက်ဝိုင်းမော်မြို့နယ်အထိ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ကျိုင်းတုံစက်ရုံမှ မေ ၃ ရက်မှ စတင်၍ လွှင့်အား 3 KW၊ လှိုင်းနှုန်း (E-27) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို အနောက်ဘက် ဟွေ့ကွယ်၊ ပန်ကြူမိုင်ဇင်းကျေးရွာအထိ တောင်ဘက် ယန်းခကျေးရွာအထိ၊ မြောက်ဘက် ကျိုင်းတုံ၊ ဝပ်ကတ်ဖ၊ ကတ်တောင်၊ ပင်းတောက်၊ ကျေးရွာအထိ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

မြိတ်စက်ရုံမှ မေ ၁၀ ရက်မှ စတင်၍လွှင့်အား 3 KW၊ လှိုင်းနှုန်း (E-27)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့တောင်ဘက် တနင်္သာရီမြို့နယ် ဇဝဲကျေးရွာအထိ၊ မြောက်ဘက် ပပြင်၊ ပုလောမြို့နယ်အထိ၊ အနောက်ဘက် ကျွန်းစုမြို့နယ်အထိ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ကနေဒီစက်ရုံမှ မေ ၂၃ ရက်မှ စတင်၍ လွှင့်အား 1 KW၊ လှိုင်းနှုန်း (E-27) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မြောက်ဘက် တွန်းဇံ၊ ထန်ဖန်၊ ဘွန်မံ၊ တီးတိန်မြို့အထိ၊ တောင်ဘက် ဗန်းတဲ၊ ဆိုင်းဇံ၊ လုံဘမ်းကျေးရွာအထိ၊ အရှေ့ဘက်ကလေးမြို့၊ ထောက်ကြံ့၊ ခုံသာကျေးရွာအထိ၊ အနောက်ဘက် ရိခေါဒါရ်မြို့အထိ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ဖလမ်းစက်ရုံမှ မေ ၂၆ ရက်မှ စတင်၍ လွှင့်အား 500W၊ လှိုင်းနှုန်း (E-32)ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို မြောက်ဘက်ဇာမွှာ၊ တာရွှန်း၊ လှောင်မွှာလ်၊ လုံဘမ်းကျေးရွာအထိ၊ တောင်ဘက် လင်ဖိုင်၊ မန်ခဲ၊ မွန်ပီး၊ လိုင်ဇိုးရမ်းထလိုကျေးရွာအထိ အနောက်ဘက် ကျရ်မွန်၊ အဲလ်ဇာမွာလ်၊ ဆွန်းတလာကျေးရွာ အရှေ့ဘက် ကောဇံ၊ ကြောင်းကွ၊ ကြောင်ထဲ၊ တောရ်သန်းကျေးရွာအထိ ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ဒုတိယအဆင့်စက်ရုံ ၂၂ ရုံ အနက် ယနေ့ထိ မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လွိုင်ကော်၊ ညောင်လေးပင်၊ လားရှိုး၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်းစသည့် စက်ရုံ ၂၁ ရုံမှ Digital စနစ် (DVB-T2) ဖြင့် ထုတ်လွှင့်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❀ *ကျောဖုံးမှ*

ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနသည် မော်တော်ယာဉ်များ ပြေးဆွဲရာတွင် ယာဉ်ရပ်နားစခန်းကိုလည်း တည်ဆောက်မည်ဖြစ်ရာ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနပိုင်မြေ ၂ ဒသမ ၅ ဧကကို ပူးပေါင်းလုပ်ကိုင်မည့် ပုဂ္ဂလိကကုမ္ပဏီသို့ နှစ် ၃၀ ကြာ ငှားရမ်းလုပ်ကိုင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနနှင့် အဆိုပါပုဂ္ဂလိကကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးထားပြီး လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေး ကြိုးစားလုပ်ကိုင်နေခြင်းဖြစ်သည်။

ယခင်က ခရီးသည်များကို မော်တော်ယာဉ်များဖြင့် ပြေးဆွဲပေးခဲ့ရာတွင် နာမည်ကောင်းရရှိခဲ့သော ကုန်းလမ်းပို့ဆောင်ရေးမှ ခရီးသည်တင်မော်တော်ယာဉ်များ ပြန်လည်ပြေးဆွဲမှုမှာ ဘတ်စ်ကားစီးရာတွင် ခရီးသည်များ ပြည့်ကျပ်မှုများကို အထိုက်အလျောက် လျော့ကျစေမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်

နေပြည်တော် ဇွန် ၁၆

၂၀၁၄ ခုနှစ် ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်တိုက်ကွမ်ဒို အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် လွိုင်ကော်မြို့ရှိ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် တိုက်ကွမ်ဒိုအားစားနည်းသည် ကယားပြည်နယ်၏ ဂုဏ်ကိုမြှင့်တင်ပေးနေသည့် အဓိကအားထားရသော အားကစားနည်းဖြစ်ကြောင်း၊ ပြီးခဲ့သော(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစားနည်းမှ ရွှေတံဆိပ်များဆွတ်ခူးနိုင်ခဲ့ရာ ကယားပြည်နယ်မှ မွေးထုတ်ပေးလိုက်သော နိုင်ငံဂုဏ်ဆောင် အားကစားသမားများ ပါဝင်ကြောင်း၊ ယခုကျင်းပသည့် ပြိုင်ပွဲမှ (၂၈) ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားနည်း ၂၈မျိုးအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အလှည့်ကျအိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိရာ ယခုပြိုင်ပွဲသည် တတိယမြောက်ပြိုင်ပွဲဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နယ်ပယ်ဒေသအသီးသီး၌ ကျင်းပရခြင်းဖြင့် ဒေသခံလူငယ်များ မထိတွေ့ မကြုံဖူးသော အားကစားနည်းများကို ထိတွေ့ကြုံဆုံခွင့်ရရှိပါကြောင်းနှင့် အားကစားနည်းအလိုက် စိတ်ပါဝင်စားလာသူများ ပိုမိုတိုးတက်လာ၍ မျိုးဆက်သစ်များ ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ကယားပြည်နယ်အစိုးရထံသို့ အားကစားဝန်ကြီးဌာနက ပေးအပ်လှူဒါန်းသော ပြိုင်ပွဲကျင်းပရေး အထိမ်းအမှတ်လက်ဆောင်နှင့် အားကစားပစ္စည်းများ၊ အားကစားနှင့်ဆိုင်သော စာအုပ်စာတမ်းများကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်သည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ ကယားတိုင်းရင်းသား၊ တိုင်းရင်းသူများက ကယားရိုးရာ အကများ၊ လွိုင်ကော်တက္ကသိုလ်ကျောင်းသားများက အင်ဒိယားကလပ် အားကစားနည်း၊ တိုင်းရင်းသား၊ တိုင်းရင်းသူများက ငြိမ်းချမ်းခြင်းအတွက် သီချင်းတစ်ပုဒ်သီချင်းကိုသီဆိုကာ တိုင်းရင်းသားပေါင်းစုံတို့၏ အကများဖြင့်လည်းကောင်း၊ အားကစားနည်းများ သရုပ်ပြ၍လည်းကောင်း တင်ဆက်ပြသကြသည်။

ယင်းနောက် ကယားပြည်နယ် အားကစားကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဦးဇော်မိုးဝင်းက ငွေကျပ်သိန်း ၃၀၊ မြန်မာနိုင်ငံကျွမ်းဘား၊ ပီတန်း၊ ဘိုးလင်း အားကစားအဖွဲ့ချုပ်တို့၏ ဥက္ကဋ္ဌ ဦးသိန်းဝင်းက ငွေကျပ် ၁၅ သိန်း၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာက ငွေကျပ် ၁၅ သိန်း၊ မြန်မာနိုင်ငံ Sqush အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြည့်စုံက ငွေကျပ် ၁၅ သိန်း တို့ကိုပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကယားပြည်နယ်၏ ဒေသတွင်း ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများဖြစ်ကြသည့် ၂၀၁၄ ခုနှစ် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား တက္ကသိုလ်နှင့် ကျောင်းပေါင်းစုံ ကရာတေးဒိုပြိုင်ပွဲ၏သရုပ်ပြယှဉ်ပြိုင်နေမှု၊ ပြည်နယ်ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ၊ ဘော်လီဘောပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုနှင့် ၂၀ နှစ်အောက် ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် စာရေးဝန်ထမ်းမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ ကြီးမှူးဖွင့်လှစ်သည့် စာရေးဝန်ထမ်းများဌာနတွင်း မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက တရားရုံးဝန်ထမ်းများသည် တရားသူကြီးများနည်းတူ တရားရေးမဏ္ဍိုင်တည့်မတ်ခိုင်မာစေဖို့ ဆောင်ရွက်ရန်တာဝန်ရှိသူများဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချချက်များကို လေးလေးနက်နက် မှတ်သားလိုက်နာကြပြီး ကိုယ်ကျင့်တရား ကောင်းမွန်ပြီး ရိုးသားကြိုးစားသည့် ဝန်ထမ်းကောင်းများဖြစ်လာစေရေး ကြိုးစားအားထုတ်ကြရန်နှင့် ပြည်သူများ ယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းအားထုတ်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အနောက်ပိုင်းခရိုင်မြို့နယ်များအတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများကို ဇွန် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် စီမံချက်ဖြင့် ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်နေစဉ်။

(မြန်မာ့အလင်း)

မဟာဗန္ဓုလတံတားအဆင်းတွင် ယာဉ်တိုက်မှုဖြစ်ကာ ခုနစ်ဦးဒဏ်ရာရ

ရန်ကုန် ဇွန် ၁၆

ပုဇွန်တောင်မြို့နယ်အတွင်း ဇွန် ၁၄ရက် ညနေ ၅နာရီ ၄၅မိနစ်က မဟာဗန္ဓုလလမ်းအတိုင်းအရှေ့မှ အနောက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် ၄က/---- ဟွန်ဒိုင်းအဖြူရောင် (ဘီလပ်မြေဖျော်စက်တင်ယာဉ်)သည် မဟာဗန္ဓုလတံတားအဆင်း တာဝတိံသာလမ်းထိပ်သို့အရောက် ယာဘက်သို့ချိုးကွေ့မောင်းနှင်စဉ် အရှိန်လွန်ကာ ယင်းရှေ့မှမောင်း နှင်နေသည့် 7A----လိုက်ထရပ်အဖြူရောင်ကိုယ်ပိုင်ယာဉ်ကို နောက်မှတိုက်မိခဲ့ပြီး ၄က/---ဟွန်ဒိုင်းယာဉ်မောင်းသည် အခင်းဖြစ်နေရာတွင် ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်းသိရသည်။

ထိုသို့တိုက်မိသည့်အရှိန်ကြောင့် 7A----လိုက်ထရပ်ယာဉ်မှ အိုးရှင်းစင်တာရှေ့ ယာဉ်ပါကင်တွင် ရပ်ထားသော ၇ဃ/----WTI အနီရောင် ကိုယ်ပိုင်ယာဉ်၊ 7D----နှင့် 7F--- ဟွန်ဒါဖစ်အဖြူရောင် ကိုယ်ပိုင်ယာဉ်နှစ်စီးတို့ကို ဝင်ရောက်တိုက်မိကာ မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော 2E----မစ်ဇူဘီရှိ အဖြူရောင်ကိုယ်ပိုင်ယာဉ်နှင့် BB----စူပါရူဗင် အဖြူရောင် အငှားယာဉ်တို့ကို ဆက်လက်တိုက်မိခဲ့သည်။ **(အောက်ပုံ)**

ယာဉ်တိုက်မှုကြောင့် ယာဉ်ခုနစ်စီး ပျက်စီးခဲ့ပြီး 7A----လိုက်ထရပ်ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါ အမျိုးသား လေးဦး၊ အမျိုးသမီးနှစ်ဦးတို့မှာ ဒဏ်ရာများရရှိခဲ့ကြသဖြင့် ရန်ကုန်ဆေးရုံကြီး၌ ပြင်ပလူနာများအဖြစ် ကုသခဲ့ရသောကြောင့် ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့်ယာဉ်တိုက်မှုဖြစ်ကာ ထွက်ပြေးတိမ်းရှောင်သွားသူ ၄က/----- ဟွန်ဒိုင်းယာဉ်မောင်းအား ပုဇွန်တောင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူကာ စုံစမ်းဆောင်ရွက်လျက် ရှိကြောင်းသိရသည်။ **စိုးဝင်း**(SP)

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပျားလုပ်ငန်းဌာနမှပြည်သူ့ပညာပေး သင်တန်းဖွင့်

ပျဉ်းမနား ဇွန် ၁၆

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းရုံး၌ ယနေ့နံနက် ၉ နာရီက ပျားလုပ်ငန်းပြည်သူ့ပညာပေးရက်တိုငါးရက် မွမ်းမံသင်တန်းကို ဖွင့်လှစ်သည်။

ပျားလုပ်ငန်း အနေဖြင့် နေပြည်တော် ကောင်စီနယ်မြေ ရှစ်မြို့နယ်အတွင်းရှိ တောင်သူကြီးများ၊ ကျေးရွာသူ ကျေးရွာသားများ တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိစေရန်၊ စီးပွားဖြစ်မွေးမြူနိုင်ရန်၊ ပြည်သူတို့ ဝင်ငွေတိုးစေရန် ရည်ရွယ်ဖွင့်လှစ်သည်ဟု သိရသည်။ ပျားမွေးမြူရာတွင် လိုအပ်မည့်ငွေကြေးအရင်းအနှီးနှင့် နည်းပညာအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ နည်းပညာအနေဖြင့် ယခုဖွင့်လှစ်သည့် ပျားမွေးမြူရေးတိုးချဲ့ပညာပေးရေး ရက်တိုသင်တန်းများမှ စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်သည်။ ပျားလုပ်ငန်းဌာနအနေဖြင့်လည်း မွေးမြူမည့်သူများကို ပျားအုံအလွတ်တစ်ပုံးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ ပျားကောင်များပါဝင်သည့် ပျားသလက်ချပ် တစ်ချပ်လျှင် ငွေကျပ် ၄၀၀၀နှုန်း၊ ပျားသလပ်ချပ် ငါးချပ်ပါ ပျားအုံ တစ်အုံအား ငွေကျပ် ၃၅၀၀၀ နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပျားအုံတစ်အုံအား တစ်နှစ်မွေးမြူလျှင် ၁၅ ပိဿာ ခန့်မှန်းထွက်ရှိကြောင်း၊ ပျားအုံ ၁၀၀ မွေးလျှင် နှစ်စဉ် ပိဿာ ၁၅၀၀ ခန့်အနည်းဆုံး ရမည်ဖြစ်သည်။ ပျားအုံ ၁၀၀ မွေးမြူလျှင် ရွှေ့ပြောင်းကုန်ကျငွေနုတ်ပြီး ငွေကျပ် ၁၅ သိန်းမှ ငွေကျပ်သိန်း ၂၀ အထိ အမြတ်ရရှိနိုင်ကြောင်း၊ ကျေးရွာနေ တောင်သူများအနေဖြင့် တစ်ဖက်မှလည်း စိုက်ပျိုးထားသော နှမ်း၊ နေကြာ၊ ပြောင်းစသည့် ဆီထွက်သီးနှံအများစုအား ပျားဝတ်မှုန်ကူးခြင်းဖြင့် သီးနှံအထွက်တိုးခြင်း၊ မျိုးကောင်းမျိုးသန့် သီးနှံများရရှိမည်ဟု ပျားလုပ်ငန်း ဌာနညွှန်ကြားရေးမှူး ဒေါက်တာစိုးသိမ်းကပြောသည်။

ပျားမွေးမြူထိန်းသိမ်းနည်း ပညာပေးလက်တွေ့ပြသစဉ်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ်တွင် ပုဂ္ဂလိကပျားမွေးမြူသူ လုပ်ငန်းရှင်ရှစ်ဦးရှိပြီး ပျားအိမ်တစ်ထောင်ခန့်သာရှိသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ပုဂ္ဂလိကပျားမွေးမြူသူ ၅၀ ခန့်ရှိပြီး ပျားအိမ် ၇၀၀၀ ကျော်ရှိကြောင်း သိရသည်။ ပြည်သူများ ပျားမွေးမြူရေးနည်းပညာများ ပြန့်ပွားသိရှိစေရန် သီးနှံအထွက်တိုးပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားစေရန် ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းရှင်များ များပြားလာစေရန် ရည်ရွယ်ပြီး သင်တန်းတွင် ရောဂါကာကွယ်ကုသနည်း၊ ကိုင်တွယ်ထိန်းသိမ်းနည်းတို့ကို ပိုင်နိုင်စွာဆောင်ရွက်သင်ကြားပေးပြီး အောင်မြင်သောပျားမွေးမြူရေး လုပ်ငန်းရှင်များ ဖြစ်ပေါ်လာအောင်ပံ့ပိုး၍ လုပ်ငန်းလိုင်စင်များချပေးသွားမည်ဖြစ်ကြောင်း နေပြည်တော် ပျားလုပ်ငန်းဌာနတာဝန်ခံဦးစီးအရာရှိ ဦးမြင့်နိုင်ကပြောသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး၊ ပုဂ္ဂလိကပျားလုပ်ငန်းရှင်များ၊ ပျားမွေးမြူရေးစိတ်ဝင်စားကြသူများ၊ ပျားလုပ်ငန်းများမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

ပြည်တွင်းသတင်း

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဗလာစာအုပ်များနှင့်ကျောင်းဝတ်စုံများလှူဒါန်း

ရန်ကုန် ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဇွန် ၁၂ ရက် မွန်းလွဲပိုင်းက သာယာဝတီမြို့နယ်၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး မိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် လက်တွေ့သရုပ်ပြပွဲနှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲသို့ တက်ရောက်အားပေးခဲ့သည်။

ဇွန် ၁၃ ရက် နံနက်ပိုင်းက ဇီးကုန်းမြို့နယ် ဝွေးပင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများအား ဆုချီးမြှင့်ပြီး ကျောင်းသား/ကျောင်းသူများအတွက် ဗလာစာအုပ်များလှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့သည် လယ်တွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ ကံညီကိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ပေါက်ပင်ဆိပ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၊ စမ်းအိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ သစ်နဖားကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၊ ဇရပ်လှကျေးရွာ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား/ကျောင်းသူများအတွက် ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ လှူဒါန်းကြသည်။

ထို့နောက် ဇီးကုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းအား အရှေ့ဦးကုမ္ပဏီက ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဇီးကုန်းမြို့နယ် လေးမျက်နှာချောင်းအားဖြတ်၍ တည်ဆောက်ထားသော ချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။ ဇွန် ၁၄ ရက် နံနက်က လက်ပံတန်းမြို့နယ်ခန်းမ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ တက်ရောက်

ရန်ကုန် ဇွန် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်သည် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ရန်ကုန်အိမ်တွင်းမှု သက်မွေးသင်တန်းကျောင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီခန်းမ၌ ဇွန် ၁၅ ရက် နံနက် ၉ နာရီက အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၃/၂၀၁၄) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူး ဦးတင်ဇော်မိုးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

တာချီလိတ် ဇွန် ၁၆

တိုင်းရင်းသားရေးရာဆပ်ကော်မတီနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသရှိ တိုင်းရင်းသားပြည်သူများတွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၅ ရက် နံနက်ပိုင်းက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ တိုင်းရင်းသားရေးရာဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မိုင်းယောင်း-မိုင်းဖြတ်-မိုင်းဆတ်-မိုင်းတုံ-တာချီလိတ်မြို့များမှ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ ရှမ်း-အာခါ-လားဟူ၊ လီဆူတိုင်းရင်းသားများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်မောင်အုန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးချန်မောင်တို့က နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များကို အကျယ်တဝင့် ဆွေးနွေးတင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ဆက်သွယ်ရေး၊ ကျေးလက်ဒေသလမ်း-တံတားတည်ဆောက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ တိုင်းရင်းသားပြည်သူများ၏ ယဉ်ကျေးမှုအခန်းကဏ္ဍမြှင့်တင်ရေး၊ မော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်များကို ဆွေးနွေးမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ထို့နောက် ရှမ်း-အာခါ-လားဟူ-လီဆူ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား တိုင်းရင်းသားရေးရာဆပ်ကော်မတီ၏ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ယဉ်ကျေး

ပျိုးထောင်ရန်မိုးမျှော်နေသော လယ်သမားများ မိုးရွာ၍ ပျိုးကြဲနိုင်ကြပြီ

ဖြူး ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးရွာအုပ်စု ၅၉အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ လယ်သမားများသည် ၂၀၁၄ မိုးစပါးများစိုက်ပျိုးရန် နယုန်လဆန်းမှစ၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဖြစ်သည့် လယ်ကွက်များအတွင်း ရေစီးရေလာဝင်ထွက်မှု ကောင်းမွန်ရန် ကန်သင်းပေါင်များ မြေဖို့ခြင်း၊ မိုးကြိုထယ်ထိုးခြင်းနှင့် သဘာဝမြေဩဇာများ လယ်မြေအတွင်းသို့ တိုက်ချခြင်းလုပ်ငန်းများကို လုပ်ဆောင်ကြရင်း ပျိုးကြဲရန် မိုးကိုစောင့်မျှော်နေကြရသဖြင့် မိုးခေါင်၍ ပျိုးထောင်ရန်တစ်လနီးပါး နောက်ကျခဲ့ရသည်။

ယခုအခါ နယုန်လဆန်း ၁၂ ရက်၊ ၁၃ ရက်မှစတင်၍ မိုးရွာသွန်းမှုစိပ်လာသဖြင့် ပျိုးထောင်ရန်မိုးကိုမျှော်နေကြသော လယ်သမားများ မိုးသည်း၍ ပျိုးကြဲနိုင်ကြပြီဖြစ်ရာ လယ်ကွင်းများအတွင်း သူထက်ငါ အပြိုင်ပျိုးကြဲနေကြသည်ကို တွေ့ရသည်။

ဖြူးမြို့နယ်တွင် နှစ်စဉ် မိုးစပါးများကို စိုက်ဧကတစ်သိန်းခွဲကျော်စိုက်ပျိုးခဲ့ကြရာ ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မကြုံဖူးအောင် အပူပြင်းပြီး မိုးခေါင်ခဲ့သဖြင့် မိုးစပါးစိုက်ပျိုးမှု ပျိုးထောင်ရက် တစ်လနီးပါး နောက်ကျခဲ့ရသည်။

"ဒီနှစ် ကျုပ်တို့မြို့နယ်က လယ်သမားများ မိုးဦးခေါင်သဖြင့် မိုးစပါးစိုက်ပျိုးမှု ပျိုးထောင်ရက်တစ်လနီးပါးနောက်ကျသလို ကောက်စိုက်ဖို့လည်း တစ်လနီးပါးနောက်ကျနေကြရတယ်။ ဒါကြောင့် စပါးရိတ်သိမ်းမှုလည်း တစ်လခန့်နောက်ကျတော့မှာမို့ မိုးစပါးများအထွက်နှုန်းလျော့ကျမှာစိုးရိမ်နေကြရပါတယ်၊ မိုးကလည်းရွာတယ်ဆိုတော့ ကျုပ်တို့လယ်သမားများ လိုသလောက် မိုးရေက မရရှိသေးပါဘူး" ဟု ဖြူးအနောက်ဘက်မင်းလမ်းကူးရွာမှ လယ်သမားကြီးတစ်ဦးက ပြောပြသည်။

ဖြူး-မြင့်ဦး

လူငယ်ထုအကြားမှ ဖုန်းကိုစွယ်စုံအသုံးချမှုများ

တိုးတက်လာသော ခေတ်တွင် လူငယ်ထုအကြားဖုန်းများ ပျံ့နေပြီဖြစ်သည်။ လူငယ်တိုင်းနီးနီး နောက်ဆုံးပေါ် ဟန်းစက်များကို ကိုင်တွယ်အသုံးပြုလာကြသည်။ လူမှုရေး စီးပွားရေးမှအစ ဖုန်းကိုလိုသလို အသုံးပြုလာသည်အထိ တိုးတက်လာခဲ့သည်။ လူငယ်ထုကြား ဖုန်းသည် သုံးတတ်လျှင်ဆေး မသုံးတတ်လျှင် ဘေးဖြစ်နေပေသည်။

လက်ရှိကာလတွင် လူငယ်ထုအကြားရေပန်းစားနေသည်မှာ ၁၂၁၂ ဖုန်းနံပါတ်ကိုခေါ်ကာ သိချင်သည်များကို မေးမြန်းကြခြင်းပင်ဖြစ်သည်။ ထို့အတူပင် ၁၂၁၁ သို့လည်း ဖုန်းခေါ်ကာ မေးမြန်းကြသည်။ လူငယ်များသည် ဖုန်းနံပါတ် ၁၂၁၂သို့ဖုန်းခေါ်ကာ ကဏ္ဍဆယ်ခုခန့် မေးမြန်းကြသည်ကို တွေ့ရသည်။ ထိုကဏ္ဍများမှာ မိုဘိုင်းဖုန်းဈေးနှုန်း၊ အင်တာနက်ကဏ္ဍ၊ ငွေဖြည့်ကတ်ဆိုင်ရာအချက်အလက်များ၊ Myanmar Mobile Money ဝန်ဆောင်မှုဆိုင်ရာအချက်အလက်များ၊ ဟိုတယ်နှင့်ခရီးသွားလာမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ စားသောက်ဆိုင် ဆိုင်ရာအချက်အလက်များ၊ ပညာရေးနှင့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုဆိုင်ရာအချက်အလက်များ၊ အစိုးရရုံးနှင့် ကုမ္ပဏီများ၏လိပ်စာများ၊ ဖုန်းနံပါတ်များ အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုများ၊ အထွေထွေမေးမြန်းခြင်းဆိုင်ရာဖြေကြားခြင်း ဝန်ဆောင်မှုများကို မေးမြန်းနေသည်ကို တွေ့ရသည်။

၁၂၁၁သို့ ဆက်သွယ်မေးမြန်းမှုတွင် ဥပဒေရေးရာ ဆွေးနွေးအကြံပေးမှုများ၊ ကျန်းမာရေးဆိုင်ရာဆွေးနွေးအကြံပေးမှုများ၊ ဆေးရုံဆေးခန်း ဖုန်းနံပါတ်များနှင့် လိပ်စာများ၊ ပြည်တွင်း ပြည်ပ ဘောလုံးပွဲရလဒ်များ၊ ဘောလုံးပွဲချိန်များ၊ ဘောလုံးပွဲ လူစာရင်းများ၊ ပွဲကြိုသတင်းများ၊ မဟာဘုတ်အဟော၊ တားရော့ဟော၊ နာမည်ပေးကင်ပွန်းတပ်၊ ယတြာခြေနည်းများ၊ အိမ်ခြံမြေဆိုင်ရာဈေးနှုန်းများ၊ အကျိုးဆောင်များနှင့် ချိတ်ဆက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ မင်္ဂလာပွဲဆိုင်ရာနှင့် အလှအပဆိုင်ရာ အကြံပေးဝန်ဆောင်မှုများ၊ ကြင်ရာရှာဖွေရေး ဝန်ဆောင်မှုများကို မေးမြန်းလေ့ရှိကြသည်။ အထူးသဖြင့် မိုဘိုင်းနှင့်ဘောလုံး အင်တာနက်ဆိုင်ရာကိစ္စများမေးမြန်းမှုများကြောင်း သိရသည်။

နွေနဒီ

ဖားကန့်လုပ်ကွက်များတွင် တရားမဝင်ကျောက်စိမ်းတူးဖော်သူများရှင်းလင်းမည်

ဖားကန့် ဇွန် ၁၆

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ကျောက်မျက်ကုမ္ပဏီလုပ်ကွက် ဧရိယာနယ်မြေများအတွင်း ကျူးကျော်နေထိုင်ပြီး တရားမဝင်ကျောက်စိမ်းတူးဖော်နေသူများကို ဇွန် ၁၂ ရက်မှစတင်၍ ဖယ်ရှားရှင်းလင်းပြီး မိမိနေရပ်ဒေသသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများထံမှ သိရသည်။

ဖားကန့်မြို့နယ်သည် ကမ္ဘာကျော် ကျောက်စိမ်းထွက်ရှိသည့်ဒေသဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံသားပိုင် ကျောက်မျက်ကုမ္ပဏီသည် ဥပဒေနှင့်အညီ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်မှစတင်၍ နယ်မြေအခြေအနေအရ လုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရသည်။

ယင်းကဲ့သို့ ပုဂ္ဂလိက ကျောက်မျက် ကုမ္ပဏီများရပ်သိမ်းပြီး ကျောက်စိမ်း တူးဖော်ထုတ်လုပ်မှုများ ရပ်တန့်ခဲ့သည့်နောက်ပိုင်းတွင် နိုင်ငံနှင့်အဝန်း အနယ်နယ်အရပ်ရပ်မှ ရေမဆေးကျောက် ရှာဖွေနေသူများ တရားမဝင် ကျောက်စိမ်း တူးဖော်သူများသည် ဖားကန့်ရတနာ နယ်မြေအတွင်းသို့ အစုလိုက်၊ အပြုံလိုက် ဝင်ရောက်လာကာ ကုမ္ပဏီလုပ်ကွက်များအတွင်း ကျူးကျော်အခြေပြုလာသည်အထိ ကြီးမားကျယ်ပြန့်လာခဲ့ကြောင်း သိရသည်။

"အခုကုမ္ပဏီတွေ အလုပ်မလုပ်ရဘဲ ရေမဆေးသမားတွေက လုပ်ကွက်ထဲ ဝင်တူးနေကြတော့ လုပ်ငန်းရှင်တွေအပိုင်းက အများကြီးနစ်နာဆုံးရှုံးတယ်၊ ဒါကို ဥပဒေအရ ကာကွယ်ထိန်းသိမ်းဖို့လိုမယ်" ဟု ကျောက်မျက်လုပ်ငန်းရှင် တစ်ဦးက ပြောသည်။

ယခုအခါ ဖားကန့်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီကိုဖွဲ့စည်းပြီး ဗွီနိုင်းပိုစတာများဖြင့် သတိပေးဆိုင်းဘုတ်များကို စိုက်ထူကြေညာထားကြောင်း သိရသည်။

ဆက်လက်၍ ပထမဦးစားပေးအဖြစ် ကရင်ချောင်မှော်၊ မှော်စီစာမှော်၊ မနမှော်နှင့် ဘဇံချောက်မှော်တွင်လည်းကောင်း၊ ဒုတိယဦးစားပေးအဖြစ် မှော်ရှုန်စပေ့ါမှော်၊ မော်ဝမ်းကြီးမှော်၊ မှော်ဝမ်းလေးမှော်နှင့် မက်လင်ချောင်မှော်တွင် လည်းကောင်း၊ တတိယဦးစားပေးအဖြစ် တောင်းကော့မှော်၊ မော်မောင်းမှော်၊ မျောက်ဖြူမှော်၊ ရှမ်းကုန်းမှော်၊ ဂွန်ခပ်မှော်၊ ဝေ့ခါမှော်တွင်လည်းကောင်း၊ စတုတ္ထဦးစားပေးအဖြစ် မော်လကင်မှော်၊ ကုဋ္ဌေမှော်၊ မလောင်မှော်နှင့် ငိုပင်းမှော်တွင်လည်းကောင်း တရားမဝင်ကျူးကျော် နေထိုင်သူများကို ဖယ်ရှားရှင်းလင်း ဆောင်ရွက်သွားမည်ဟု သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

သစ်ပင်စိုက်လျှင်

တို့ဝန်းကျင်

စိမ်းစိုလှပ

ကြည်နူးရ

ရှမ်းပြည်နယ်အစိုးရဖလား ဘော်လီဘောနှင့် ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ပြည်တွင်းသတင်း

တောင်ကြီး ဇွန် ၁၆

၂၀၁၄ ခုနှစ် ရှမ်းပြည်နယ်အစိုးရဖလား ခရိုင်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောနှင့် ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက်မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ အမျိုးသားဘော်လီဘော နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် တောင်ကြီးခရိုင်အသင်းနှင့် လားရှိုးခရိုင် ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်နေမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့ ကြည့်ရှုအားပေးကြရာ တောင်ကြီးခရိုင် ဘော်လီဘောအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသား အမျိုးသမီး ဘော်လီဘောနှင့် ဘတ်စကက်ဘောပြိုင်ပွဲ၌ ပထမ၊ ဒုတိယရရှိသောအသင်းများနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများအား ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးသည်။

ထို့နောက် ပထမဆုရရှိသော တောင်ကြီးခရိုင်အမျိုးသားဘော်လီဘောအသင်းအား ဆုဖလားနှင့် ငွေသားကျပ် ၁၀ သိန်း၊ တောင်ကြီးခရိုင် အမျိုးသမီးဘော်လီဘောအသင်းအား ဆုဖလားနှင့်ငွေသားကျပ်ရှစ်သိန်း၊ ပထမဆုရရှိသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသား ဘတ်စကက်ဘောအသင်းအား ဆုဖလားနှင့် ငွေသားကျပ် ၁၀ သိန်း၊ တောင်ကြီးခရိုင် အမျိုးသမီး ဘတ်စကက်ဘောအသင်းအား ဆုဖလားနှင့် ငွေသား ကျပ်ရှစ်သိန်းတို့ကို ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာကော်မတီနာယက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဆုများကို ချီးမြှင့်ပေးပြီး (ဝဲပုံ) အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာကော်မတီနာယက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ ပြည်နယ်/ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗန်းမော်ခရိုင်ရှိ မြို့မိမြို့ဖများနှင့် ဌာနတာဝန်ရှိသူများ တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့်အတူ ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီက ကချင်ပြည်နယ် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ဗန်းမော်ခရိုင်မှ ပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ပြည်သူ့ကိုယ်စားလှယ်များ၏ မေးခွန်း ၃၃ ခုအနက် မေးခွန်း ၁၉ ခုကို ဖြေရှင်းပေးပြီး မေးခွန်း ၁၃ ခုကို ဆက်လက်တင်ပြမည်ဖြစ်ကြောင်းနှင့် မေးခွန်းတစ်ခုကို သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့် ညှိနှိုင်းပေးရန် ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ငူမြို့ (၁၃) ရပ်ကွက်ရှိ သမိုင်းဝင် ရွှေဆံတော်ဘုရားကြီး ပတ်ဝန်းကျင် တောင်ဘက်မုခ်၊ မြောက်ဘက်မုခ်၊ အနောက်ဘက်မုခ်များရှိ မြက်ပင်များရှင်းလင်းခြင်းကို ဇွန် ၁၅ ရက်က တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူးအုန်းဖေ ဦးစီးသော တောင်ငူမြို့မရဲစခန်း၊ အမှတ်(၂)ရဲစခန်းမှ ရဲတပ်ဖွဲ့အင်အား ၄၅ ဦးဖြင့် ဘုရားဖူးပြည်သူများ သန့်ရှင်းစွာ သွားလာဖူးမြော်နိုင်ရန် သန့်ရှင်းရေးပြုလုပ်ကြစဉ်။ သူရ(တောင်ငူ)

ခရီးသွားရာသီလွန်မြောက်လာသော်လည်း ပုပ္ပားတောင်ကလပ်တွင် နေ့စဉ်စည်ကားလျက်ရှိ

ကျောက်ပန်းတောင်း ဇွန် ၁၆

မြန်မာပြည်အလယ်ပိုင်း အညာဒေသ၏ အိုအေစစ်တစ်ခုသဖွယ် အမြဲ စိမ်းစိုလှပလျက်ရှိပြီး ပြည်တွင်း ပြည်ပခရီးသွားများအား သစ်လွင်လန်းဆန်းသည့် သဘာဝအလှရှုမျှော်ခင်းများဖြင့် ဖမ်းစားဆွဲဆောင်နေသည့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကလပ်ဒေသတွင် ခရီးသွားရာသီ လွန်မြောက်လာသည့်တိုင် ပြည်ပခရီးသွားဧည့်သည်များနှင့် ပြည်တွင်း ခရီးသွားများ နေ့စဉ်စည်ကားလျက်ပင်ရှိနေကြောင်း သိရသည်။

ပုပ္ပားတောင်ကလပ်သို့ ပုဂံ-ညောင်ဦးမှ နေ့ချင်းပြန်ခရီးဖြင့် လာရောက်လေ့လာသူ နိုင်ငံခြားသား ခရီးသည်များ နေ့စဉ်ရှိနေ၍ ပွင့်လင်းရာသီကာလတွင် တစ်လလျှင် နိုင်ငံခြားဧည့်သည်ဦးရေ ၁၅၀၀ မှ ၂၀၀၀ ကြားရှိကာ ဖေဖော်ဝါရီလ ခရီးသွားရာသီတွင် နိုင်ငံခြားဧည့်သည် ၁၈၈၈ ဦး လာရောက်ခဲ့ကြောင်း သိရပြီး ၎င်းတို့အနက်တွင် ပြင်သစ်လူမျိုးခရီးသွားဧည့်သည် အများဆုံး လာရောက်ခဲ့ကြောင်း သိရသည်။ ယခုအခါ ခရီးသွားရာသီကုန်ဆုံးခဲ့ပြီဖြစ်သော်လည်း ပုပ္ပားတောင်ကလပ်သို့ နိုင်ငံခြားဧည့်သည် ဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှ ၁၅ ဦးခန့်ရှိနေပြီး ပြည်တွင်းခရီးသွား ဘုရားဖူးဧည့်သည်များ ၇၅ ဦးမှ ၁၀၀ ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိရာ အဆိုပါ ဘုရားဖူးဧည့်သည်များကို အမှီပြု ရောင်းဝယ်နေကြသည့် ဒေသခံ ပန်းနှင့်မျောက် စာရောင်းဈေးသည်များနှင့် ဘုရားဖူးဧည့်သည်များဖြင့် နေ့စဉ်စည်ကားလျက်ရှိနေကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

ငဖဲမြို့တွင် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ ပြင်ပမြေစာကျသည့် တောင်သူများအတွက် သီးနှံနစ်နာကြေးပေးအပ်

မကွေး ဇွန် ၁၆

မကွေးတိုင်းဒေသကြီး ငဖဲမြို့ အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ဇွန် ၁၄ ရက် နံနက် ၇ နာရီခွဲက အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းဆောင်ရွက်စဉ်လုပ်ငန်းခွင်ဧရိယာ KP 130 မှ KP 160 အထိ လုပ်ငန်းဆောင်ရွက်ခဲ့စဉ် ပြင်ပမြေစာကျသည့် တောင်သူများအတွက် သီးနှံနစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပခဲ့သည်။

ထိုအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမြင့်သူ၊ စွမ်းအင်ဝန်ကြီးဌာန MOGE မှ အထွေထွေမန်နေဂျာ ဦးစောရန်ရှင်း၊ အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှတရုတ်နိုင်ငံသား လေးဦးနှင့် တောင်သူများ တက်ရောက်ခဲ့ကြရာ အခမ်းအနားတွင် တစ်ဧကလျှင် ငွေကျပ် ၃၉ သိန်းနှုန်းဖြင့် ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ တောင်သူသုံးဦး၏ မြေ ၁ ဒသမ ၂၅ ဧက အတွက် ငွေကျပ် ၄၉၉၁၂၅၀၊ ငဖဲမြို့နယ် ပဘဲကျေးရွာမှ တောင်သူတစ်ဦး၏ မြေ ၀ ဒသမ ၄၁ ဧကအတွက် ငွေကျပ် ၁၆၃၇၁၃၀၊ ငဖဲမြို့နယ် လင်းတဲကျေးရွာမှ တောင်သူလေးဦး၏ မြေ ၁ ဒသမ ၈၂ ဧကအတွက် ငွေကျပ် ၇၂၆၇၂၆၀၊ ငဖဲမြို့နယ် ဘုံးဘောကျေးရွာမှ တောင်သူသုံးဦး၏ မြေ ၁ ဒသမ ၃၂ ဧကအတွက် ငွေကျပ် ၅၂၇၀၇၆၀၊ ငဖဲမြို့နယ် မထုံးကျေးရွာမှ တောင်သူတစ်ဦး၏ မြေ ၀ ဒသမ ၈၃ ဧကအတွက် ငွေကျပ် ၃၃၀၄၁၉၀၊ ငဖဲမြို့နယ် မြေလတ်ကျေးရွာမှ တောင်သူနှစ်ဦး၏မြေ ၀ ဒသမ ၂၇ ဧကအတွက် ငွေကျပ် ၁၀၇၈၁၁၀ ၊ ရခိုင်ပြည်နယ် အမ်းမြို့နယ် ကမြင်ကျေးရွာမှ တောင်သူနှစ်ဦး၏ မြေ ၁ ဒသမ ၂၃ ဧကအတွက် ငွေကျပ် ၄၉၁၁၃၉၀ ကိုပေးအပ်ခဲ့ကြောင်း သိရသည်။ ထိုသီးနှံလျော်ကြေးပေးအပ်ပွဲတွင် စုပေါင်းတောင်သူ ၁၇ ဦး၏ မြေ ၇ ဒသမ ၁၃ ဧကအတွက် ငွေကျပ် ၂၈၄၇၀၀၉၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

မင်းဘူးတွင် အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများ ပေးအပ်ပွဲကျင်းပ

မင်းဘူး ဇွန် ၁၆

မင်းဘူး (စကု)မြို့နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးကို အကျိုးပြုစေရန်အတွက် အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာများပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက်က မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆေးသေတ္တာအသုံးပြုနည်းနှင့်စနစ်တကျ ကိုင်တွယ်တတ်စေရန် တက်ရောက်လာကြသော ကျေးရွာများမှ တာဝန်ရှိသူများကို သင်တန်းပို့ချပေးခဲ့ပြီး ဆေးသေတ္တာ ၁၁၅ လုံး ပေးအပ်ခဲ့ကြောင်း သိရသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သန်းဌေး(မင်းဘူး)

စေတနာရှင်များအဖွဲ့ ရုံးခန်းအဆောက်အအုံသစ်ဖွင့်

ကျောက်မဲ ဇွန် ၁၆

ကျောက်မဲမြို့ပေါ်ရှိ သမရက္ခိတ စေတနာရှင်များအဖွဲ့၏ ရုံးခန်းအဆောက်အအုံသစ်၊ အောက်ဆီဂျင်ဘူးသိုလှောင်ခန်းဖွင့်ပွဲနှင့် ငွေကျပ်ငါးသောင်းအထက် အလှူရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို အဆိုပါရုံးသစ် မိုးကောင်းဘုန်းတော်ကြီးကျောင်းတိုက်ဝင်းအတွင်း ဇွန် ၁၄ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ရုံးခန်းအဆောက်အအုံသစ်နှင့် အောက်ဆီဂျင်သိုလှောင်ခန်းတို့ကို သမရက္ခိတ စေတနာရှင်များအဖွဲ့ နာယကများဖြစ်ကြသော ရေဦးကျောင်းတိုက်ဦးစီး ပဓာနဆရာတော် ဘဒ္ဒန္တဇာဂရ၊ မိုးကောင်းကျောင်းတိုက်ဦးစီးပဓာနဆရာတော်ဘဒ္ဒန္တကေလာသနှင့် သမရက္ခိတစေတနာရှင်များအဖွဲ့ ဥက္ကဋ္ဌဦးအေးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မောင်မောင်(ကျောက်မဲ)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ငါး၊ ပုစွန်မွေးမြူသူများသို့ ငွေထုတ်ချေးမည့် ရွှေ့ပြောင်းစီမံချက် မကြာမီစမည်

ရန်ကုန် ဇွန် ၁၆

သဘာဝဘေးဒဏ်ကြောင့် နစ်နာဆုံးရှုံးခဲ့ရသော ငါးပုစွန်မွေးမြူရေးလုပ်ငန်းရှင်များသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ချေးပေးမည့် ကျပ်သန်း ၁၅၀၀ ရွှေ့ပြောင်းစီမံချက် ယခုလကုန်အတွင်း ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က "ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအနေနဲ့ ရွှေ့ပြောင်းစီမံချက်အနေဖြင့် ဆောင်ရွက်သွားတာပါ"ဟု ဆိုခဲ့သည်။

အဆိုပါစီမံချက်အရ ဧက ၂၀၀၀ အတွက် လျာထားကြောင်း သိရပြီး တစ်အုပ်စုဧက ၂၀၀ စီဖြင့် ဆယ်ဖွဲ့ဖွဲ့၍ တစ်ဧကလျှင် ငွေကျပ် ခုနစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "အဲဒီလိုထုတ်မချေးမီမှာ ငါးလုပ်ငန်းဦးစီးဌာန ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့က ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီး အဖွဲ့၏ ထောက်ခံချက်ဖြင့် ချေးငွေကို ထုတ်ချေးသွားမှာပါ"ဟု ဆိုသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတစ်ဦးက "ကျွန်တော်တို့အဖွဲ့ချုပ်မှာ ငွေကြေးပြည့်စုံပါတယ်၊ အသင်းဝင်ကြေး၊ စုငွေ၊ ဘဏ်အတိုးငွေတွေနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိတဲ့ ငါး၊ ပုစွန်ရှားပါးတဲ့ ဒေသ၊ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေအထိ ကွင်းဆင်းပြီး တိုးတက်အောင်၊ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးသွားဖို့ အစီအစဉ်တွေလည်း ရှိပါတယ်"ဟု ဆိုခဲ့သည်။

ယခုဆောင်ရွက်မှုမှာ ရွှေ့ပြောင်းစီမံချက်တစ်ရပ်ဖြစ်ပြီး အောင်မြင်လာမှုအပေါ် အခြေခံ၍ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

"တကယ်တော့ ဒီစီမံချက်က တစ်ချိန်တုန်းက သဘာဝဘေးအန္တရာယ်ကြောင့် အရင်းအနှီးနည်းပါးဆုံးရှုံးရတဲ့သူတွေအတွက် အလွန်ဝမ်းသာစရာကောင်းပါတယ်၊ ထုတ်ချေးပေးမယ့် အစီအမံတွေရှိလာတာနှင့်အမျှ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းတွေ ပြန်အောင်မြင်လာတော့မှာပါ"ဟု တွံတေးနှင့်မအူပင်မြို့နယ်တို့ရှိ ငါးကန်များပိုင်ရှင်တစ်ဦးက ပြောကြားခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၃၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၂၄၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၄၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၇၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၆။	ပုစွန်ထုပ်	တစ်ပိဿာ	၁၃၀၀၀-၃၀၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၉၀၀၀-၂၀၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၅
ဥရောပ	တစ်ယူရို	၁၂၉၈-၁၃၁၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၀-၇၇၇
ထိုင်း	တစ်ဘတ်	၂၉.၈-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၃၁
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည်ယာအသစ်)	တစ်အိတ်	၁၇၀၀၀
ပေါ်ကွဲ (အသစ်)	တစ်အိတ်	၂၁၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၅၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၆၇
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၄၀-၅၂၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၅၀-၁၃၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၅၀-၆၃၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၅-၂၆၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၀၀၀-၄၂၀၀
သကြား	တစ်ပိဿာ	၉၂၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

မိုးစပါးများစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိ

ကလေး ဇွန် ၁၆

ကလေးဒေသတွင် မေလဆန်းပိုင်းမှစတင်၍ မိုးရွာသွန်းခဲ့ပြီး ယခုဇွန်လပိုင်းတွင်လည်း မိုးမကြာခဏရွာသွန်းနေမှုကြောင့် ကလေးမြို့နယ်ရှိ တောင်သူဦးကြီးများလည်း မိုးစပါးစတင်စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"ကလေးမြို့မှာ မေလဆန်းပိုင်းကတည်းက မိုးစရွာခဲ့တာပါ၊ အခုဆိုရင် တောင်သူတွေ အကုန်လုံးနီးပါး မိုးစပါးစိုက်ပျိုးဖို့ကို ပြင်ဆင်နေကြပါပြီ"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ကလေးမြို့နယ်အနေဖြင့် ဇန်နဝါရီမှ ဇွန် ၁၅ ရက်နံနက် ၉ နာရီထိ မိုးရေချိန်လက်မ ၆ ဒသမ ၆၀ ရရှိပြီးဖြစ်ကြောင်း ကလေးမြို့ မိုးလေဝသဌာနမှ သိရသည်။

"ကလေးဒေသမှာ ယခင်နှစ် ၂၀၁၃-၂၀၁၄ မိုးစပါးစိုက်ဧကပေါင်း ၁၀၁၄၀၇ ရှိခဲ့ပြီး ကလေးဒေသအနေဖြင့် မိုးစပါးတင်းပေါင်း ၈၅၂၉၆၅၂ ထွက်ရှိခဲ့ပါတယ်၊ ကလေးဒေသတွင် အများအားဖြင့် ဧရာမင်းတို့၊ မနောသုခတို့ အစိုက်များပါတယ်၊ ယခုနှစ်မှာတော့ မိုးစပါးစိုက်ဧက ၁၀၁၄၃၀ စိုက်ပျိုးနိုင်ဖို့ လျာထားပါတယ်"ဟု မြို့နယ်လယ်ယာစိုက်ပျိုးရေးဦးစီးအရာရှိ ဦးတင်မောင်ရွှေက ပြောသည်။

ယခု မိုးဦးပေါက်ကာလတွင် မိုးဖြိုင်ဖြိုင်ရွာသွန်းနေသောကြောင့် ဇွန်လဆန်းပိုင်းတွင် စပါးစိုက်ပျိုးရန် ပြင်ဆင်နေကာ ဇူလိုင်လဆန်းပိုင်းတွင် မိုးစပါးကို စတင်စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

မိတ္ထီလာတွင် စိုက်ပျိုးစရိတ်ချေးငွေ ဇူလိုင်လအတွင်း ပြီးစီးအောင်ထုတ်ချေးမည်

မိတ္ထီလာ ဇွန် ၁၆

မိတ္ထီလာတွင် ဒေသခံတောင်သူများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေများကို ဇွန်လဆန်းပိုင်းမှစတင်ပြီး ထုတ်ချေးလျက်ရှိရာ စိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၂၈၇၀၃ ကို လာမည့်ဇူလိုင်လမကုန်မီ ပြီးစီးအောင် ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မန်နေဂျာထံမှ သိရသည်။

"ဇွန် ၅ ရက်ကတည်း စတင်ထုတ်ချေးတာပါ။ ကျေးရွာ ၅၄ အုပ်စုက ဘဏ်အဖွဲ့ဝင်တောင်သူ ၁၂၀၀၀ ခန့်ကို စပါးတစ်ဧက ငွေကျပ်တစ်သိန်း၊ ယာသီးနှံ(အခြားသီးနှံ) တစ်ဧက ငွေကျပ်နှစ်သောင်းနှုန်းနဲ့ ထုတ်ချေးပေးတာဖြစ်ပြီး ယခင်နှစ်တွေကထက် ဒီနှစ်မှ အတိုးနှုန်းများစွာ သက်သက်သာသာနဲ့ ချေးပေးတာ ဖြစ်ပါတယ်။ မနှစ်ကချေးငွေ တစ်ရာကျပ် တစ်နှစ်အတိုးနှုန်း တစ်နှစ် ရှစ်ကျပ်ခွဲ၊ ဒီနှစ်တစ်နှစ်အတိုးနှုန်း ငါးကျပ်၊ ချေးငွေတစ်ရာကျပ် ယခင်နှစ် တစ်လအတိုးနှုန်း ၇၁ ပြား၊ ယခုနှစ်တစ်လအတိုးနှုန်း ၄၂ ပြားပဲ ကျသင့်ပါတယ်"ဟု ၎င်းကပြောသည်။

မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၈ အုပ်စု၊ ကျေးရွာပေါင်း ၃၇၉ ရွာ၌ ဒေသခံတောင်သူများသည် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ငရုတ်၊ ဝါ၊ ခရမ်းချဉ် စသည့်သီးနှံမျိုးစုံကို ရာသီဥတုနှင့် စိုက်ပျိုးရေရရှိမှု အခြေအနေအလိုက် ဒေသခံတောင်သူများမှ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လိုင်စင်မဲ့မော်တော်ယာဉ်များအိတ်ဖွင့်တင်ဒါဖြင့်ရောင်းချရေးကော်မတီ
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၁။ တနင်္သာရီတိုင်းဒေသကြီး လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား လိုင်စင်မဲ့မော်တော်ယာဉ် ၃၃ စီးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များ (တင်ဒါရောင်းချမည့်ယာဉ်များကို ဝယ်ယူမည့်သူများ သွားရောက်ကြည့်ရှုနိုင်ရန်အတွက် ယာဉ်အမျိုးအစား ထုတ်လုပ်သည့်ခုနှစ်၊ တည်နေရာများပူးတွဲထားလျက်)အား ပုဂ္ဂိုလ်/ကုမ္ပဏီ/အဖွဲ့အစည်း ကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။
၃။ အိတ်ဖွင့်တင်ဒါအဆိုပြုတင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် (၅၀၀ဝိ/-) (ကျပ်ငါးထောင်တိတိ)ဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့တွင် ၂၃-၆-၂၀၁၄ ရက်မှ ၄-၇-၂၀၁၄ရက်အထိ ရုံးချိန်အတွင်းဝယ်ယူရရှိနိုင်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းအိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့်ပုံစံဖြစ်ရပါမည်။
၅။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ဥက္ကဋ္ဌ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီ၊ ထားဝယ်မြို့ထံလိပ်မူ၍ ၄-၇-၂၀၁၄ရက် ၁၆း၃၀နာရီထက်နောက်မကျဘဲ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့ရှိ တင်ဒါပုံးအတွင်းသို့ ထည့်သွင်းရမည်ဖြစ်ပါသည်။
၆။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာဖွင့်ပွဲကို ၇-၇-၂၀၁၄ရက် ၉း၃၀နာရီတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၆၃၊ ၀၅၉-၂၃၅၆၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီ
ထားဝယ်မြို့

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ရွှေကြေးစည် - ငါးဆိုမြဲ နှင့် ကျိုက်ထီးရိုး
[illegible]

အမည်ပြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂(က)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၁၁၁၊ ဦးတင်ဝင်း၏သား Grade (9)E အထက(၂) မင်္ဂလာဒုံ အောင်ဆန်းသူရိယလှသောင်းမှ မောင်ဘုဏ်ဝင်းအား ယနေ့မှစ၍ မောင်မြတ်ကျော်ခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြတ်ကျော်ခန့်**

မိဘအမည်မှန်

ဒိုက်ဦးမြို့၊ အမှတ်(၉)ရပ်ကွက်၊ မအောင်ဝဲအမက မူလွန်ရွာလယ်ကျောင်း Grade(5)တွင် ပညာသင်ကြားနေသော မချစ်စန္ဒာကျော်၏ မိဘအမည်မှန်မှာ ဦးကျော်မင်းနောင် ၇/ဒဥန(နိုင်)၁၀၂၀၄၃နှင့် ဒေါ်ဥမ္မာ ၇/ဒဥန(နိုင်)၀၂၃၅၄၈ဖြစ်ပါသည်။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၁)၊ ဆလရ(ရုံးဝင်း) (၂)ရပ်ကွက်နေ ဦးဟန်သိန်း ၁၂/ရကန(နိုင်)၀၅၂၅၁၆ ၏သမီး မမေမျိုးဝင့်ဟန် ၁၂/ရကန(နိုင်)၀၀၆၄၁၈သည် ခွင့်မလွှတ်နိုင်သည့်ကိစ္စများပြုလုပ်၍ မိမိသဘောအတိုင်းနေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဟန်သိန်း ၁၂/ရကန(နိုင်)၀၅၂၅၁၆

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ် ၁၊ ဆလရ(ရုံးဝင်း)၊ (၂)ရပ်ကွက်နေ ကျွန်တော်ဦးထွန်းလင်းမြတ် ၁၂/မဂဒ(နိုင်)၀၉၇၆၁၈ ၏ ဇနီး ဒေါ်မေမျိုးဝင့်ဟန် ၁၂/ရကန(နိုင်)၀၀၆၄၁၈သည် မလိုလားအပ်သောကိစ္စများပြုလုပ်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးမယားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးထွန်းလင်းမြတ် ၁၂/မဂဒ(နိုင်)၀၉၇၆၁၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာ၊ ကွင်းအမှတ် ၅၇၂ခ၊ကွင်းအမည် ကျွန်းတောတောင်၊ ဦးပိုင်အမှတ်(၉၁/၉၅)ဃ၊ ဧရိယာ ၀ ဒသမ ၈၅ ဥယျာဉ်ခြံမြေအား အမည်ပေါက် ဒေါ်တင်လင်းကြည် ၁၂/မရက(နိုင်) ၀၆၆၂၀၅၏ ဥယျာဉ်ခြံမြေအား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းရီ၁၂/ဥကမ(နိုင်)၀၅၂၂၀၂ထံ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။

အဆိုပါမြေ (ဥယျာဉ်ခြံ)နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးနေမျိုးအောင် LL.B
အထက်တန်းရှေ့နေ
(စဉ်-၄၂၆၁၃)
ဖုန်း-၀၉-၅၀၂၁၇၉၈

ဦးလွင်ဦး LL.B
တရားလွှတ်တော်ရှေ့နေ
(စဉ်-၆၂၃၅)
အမှတ် ၁၀၁၊ လေးလွှာ၊ အရိုးကုန်းလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၅၀၇၉၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊မာလာမြိုင် ၈ လမ်း၊ အိမ်အမှတ် ၅၁ဟုခေါ်တွင်သော နှစ် ၆၀ ဂရန် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးအုံးစိုး ၁၂/လမန(နိုင်)၀၀၈၇၉၉၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀(က+ခ)၊ မြေကွက်အမှတ် ၃၂၂၊ အကျယ်အဝန်း အလျား၂၅ပေ×အနံပေ၅၀၊ ဧရိယာ ၀ ဒသမ ၀၂၈ဧကရှိမြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးစိုးသန်း(ခ)ဦးစိုးစိုးမှအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်တို့နှင့်စပ်လျဉ်း၍ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဥမ္မာမြင့် LL.B အထက်တန်းရှေ့နေ
အောင်တံခွန်ဟိဏ်း အိမ်၊ ခြံ၊ မြေ
အကျိုးဆောင်လုပ်ငန်း
၁၀၃/ခ၊ စိန်ပန်းမြိုင်လမ်းမကြီး၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊
ဖုန်း-၀၉-၇၃၂၄၅၇၆၁၊ ၀၉-၄၂၀၁၃၁၆၅၉

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

လှော်ကားဘူတာဈေးအနီး အမျိုးသားတစ်ဦး ရိုက်နှက်ခံရသဖြင့် သေဆုံး

ရန်ကုန် ဇွန် ၁၆

လှော်ကားဘူတာဈေးအနီးတွင် ဇွန် ၁၃ ရက် ညပိုင်းက အမျိုးသားတစ်ဦး ရိုက်နှက်ခံရသဖြင့် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၃ ရက် ည ၁၁ နာရီခွဲက ရွှေပြည်သာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် (တ/၁၅)ရပ်ကွက် လှော်ကားဘူတာဈေးအနီး မြို့ပတ်လမ်းဘေးတွင် အမျိုးသားတစ်ဦး ရိုက်နှက်ခံရကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ မြို့ပတ်လမ်းနှင့် ကိုက် ၅၀ ခန့်အကွာရှိ ရေကန်ပေါင်ပေါ်တွင် အသက်(၃၀ နှစ်)ခန့် ရှိ အမည်မသိ အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။

ထို့နောက် ဖြစ်စဉ်ကို စုံစမ်းရာ သေဆုံးသူကို အမျိုးသားနှစ်ဦးက ဝိုင်းဝန်းရိုက်နှက်ခဲ့ကြပြီး အနီးရှိ ရေကန်ပေါင်ပေါ်သို့ တွဲခေါ်သွားကာ ပစ်ချခဲ့ကြောင်း၊ ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့ရာ ရိုက်နှက်သူအမျိုးသားနှစ်ဦးမှာ ရွှေပြည်သာမြို့နယ်နေသူများဖြစ်သည့် ကျော်နိုင်ညွန့်နှင့် ကျားကြီးတို့ဖြစ်ကြောင်း သိရသဖြင့် ၎င်းအမျိုးသား သေဆုံးမှုနှင့်ပတ်သက်၍ ရွှေပြည်သာမြို့နယ် လှော်ကားနယ်မြေရဲစခန်းက အမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူ ကျော်နိုင်ညွန့်နှင့် ကျားကြီးတို့နှစ်ဦးကို ဖမ်းဆီးရမိရေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

မဆင်မခြင်မောင်းသောယာဉ် လမ်းဘေးထိုးကျ

သထုံ ဇွန် ၁၆

သထုံခရိုင် ဘီးလင်းမြို့ ဘီးလင်းမြစ်ကူးတံတားအနီးတွင် ဇွန် ၁၄ ရက် နံနက် ၁၀ နာရီခွဲဝန်းကျင်က သထုံဘက်မှ ဘီးလင်းဘက်သို့ မောင်းနှင်လာသော SUPER SLOON အမျိုးအစား အိမ်စီးမော်တော်ယာဉ်တစ်စီး လမ်း၏ယာဘက်အခြမ်းလမ်းဘေးမြောင်းအတွင်းသို့ ထိုးဆင်းသွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** "အရှိန်နဲ့မောင်းလာပြီး လမ်းကွေ့မှာ ရုတ်တရက် နှစ်ပတ်လောက်လည်ပြီး မြောင်းထဲ ထိုးဆင်းသွားတာပါ။ ထိခိုက်မှုတစ်စုံတစ်ရာတော့မရှိပါဘူး"ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

သက်ဦး(သထုံ)

လျှပ်စစ်ဝိုင်ယာကြိုးပေါ် အဝတ်လှန်းရာမှ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

အောင်လံ ဇွန် ၁၆

အောင်လံမြို့တွင် ဇွန် ၁၄ ရက် ညနေ ၄ နာရီ ၁၀ မိနစ်က အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောင်လံမြို့နယ် မြို့လှကျေးရွာနေ ကျော်ဇင်ဖြိုး(၁၆ နှစ်)သည် ဇွန် ၁၄ ရက် ညနေ ၄ နာရီက စက်ရုံရပ်ကွက်နေ ၎င်း၏ ဦးလေးတော်စပ်သူ နေအိမ်သို့အလည်ရောက်ရှိစဉ် ရေချိုးပြီး လျှပ်စစ်ဝိုင်ယာကြိုးပေါ်သို့ အဝတ်လှန်းခဲ့ရာမှ ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ အောင်လံမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

သိန်း ၅၀ ကျော် ခိုးသူ နာရီပိုင်းအတွင်း ဖမ်းမိ

တပ်ကုန်း ဇွန် ၁၆

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း သိန်း ၅၀ ကျော် ခိုးယူခံရမှုကို သုံးနာရီအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်ကုန်းမြို့နယ် အနောက်ဘက်ကိုးမိုင်အကွာရှိ အလယ်ကျွန်းကျေးရွာနေ ဦးရဲမြင့်၏နေအိမ်တွင် ဇွန် ၁၄ ရက် နံနက် အစောပိုင်းက အိမ်အတွင်းနေ ငွေကျပ် ၅၂ သိန်းပါသော ငွေသေတ္တာပျောက်ဆုံးသွားသဖြင့် ရဲစခန်းသို့ လာရောက်တိုင်ကြားရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကျော်လွင်ဦးနှင့် စခန်းမှူး ဒုရဲမှူးသန်းဝင်းတို့၏ ကြီးကြပ်မှုဖြင့် နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်မြင့်ကံနှင့်အဖွဲ့က တင်သန်းဦး(ခ)အိတ်တီ (၂၆ နှစ်)အား ရမည်းသင်းမြို့နယ် ငှက်သိုက်ကျေးရွာအနီး ကားလမ်းဘေးတွင် ငွေကျပ် ၅၂ သိန်းအနက်မှ ငွေကျပ် ၄၇၈၀၀၀၀နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(၀၂၁)

တရားရုံးအချုပ် ဧည့်တွေ့သူထံမှ စိတ်ကြွဆေးပြားများဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၁၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှူးခင်းမှတ်တမ်းတာဝန်ခံအရာရှိနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးအချုပ်ခန်းတွင် ဇွန် ၁၃ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က လုံခြုံရေးတာဝန်ဆောင်ရွက်လျက်ရှိစဉ် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး ပြစ်မှုကြီးအမှတ်ဖြင့် တရားရုံးစစ်ဆေးဆဲအမှုမှ ပြစ်မှုကျူးလွန်သူ နန္ဒလင်းထံသို့ ဧည့်တွေ့လာရောက်သည့် ညီဖြစ်သူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ရဲသိန်းထွန်းအောင် (၂၃ နှစ်) အား မသင်္ကာသဖြင့် စစ်ဆေးရှာဖွေခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရှာဖွေရာ ရဲသိန်းထွန်းအောင်၏ ပါးစပ်အတွင်းမှ ပလတ်စတစ်အကြည်အိတ်ဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၀၊ အလေးချိန် ငါးဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၂၀၀၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ယင်းကဲ့သို့ မူးယစ်ဆေးဝါးများ တွေ့ရှိဖမ်းဆီးရမိသူ ရဲသိန်းထွန်းအောင်အား သုဝဏ္ဏနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)

လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် ဘိန်းစိမ်းများဖမ်းမိ

တာချီလိတ် ဇွန် ၁၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်း၊ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးတို့ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်ကျော်စွာထွန်းဦးစီးပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့ လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဇွန် ၁၄ ရက်ညနေ ၅ နာရီက မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့ အားမြှာ(ခ)လော်မြာ မောင်းနှင်ပြီး စသိန်း၊ ယားပါနှင့် အေးစောတို့ စီးနင်းလိုက်ပါသည့် ၄၇/. . . နံပါတ်ပါ Tiger အမျိုးအစား ခဲရောင် လိုင်စင်မဲ့မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ မော်တော်ယာဉ် ထိုင်ခုံအနောက် ဝဲဘက်တူးဘောက်အတွင်း အနီနက်ကျားရောင်လွယ်အိတ်ဖြင့် ထည့်ထားပြီး ပလတ်စတစ်ဖြင့်ထုပ်လျက် ဘိန်းစိမ်း အလေးချိန် ၁ ဒသမ ၅ ကီလို၊ ကာလတန်ဖိုးငွေကျပ် ၁၅ သိန်းကို တွေ့ရှိရသဖြင့် သက်သေများရှေ့ ရှာဖွေပုံစံဖြင့် ဖမ်းဆီးခဲ့သည်။

အမှုမှ ဘိန်းစိမ်းများနှင့်အတူ ပြစ်မှုကျူးလွန်သူ အားမြှာ(ခ) လော်မြာ (၃၅နှစ်)၊ စသိန်း (၃၀နှစ်)၊ ယားပါ (၃၀နှစ်)နှင့် အေးစော (၂၁နှစ်) ဟတ်ဖူးမာရွာ နားပေါ်အုပ်စု ကျိုင်းတုံမြို့နယ်နေသူတို့ လေးဦးကို တာချီလိတ်မြို့မ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

မြင့်မိုရ်(တာချီလိတ်)

စုလျားရစ်ပတ်လက်ထပ်ထိမ်းမြား မင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့နေ
ဦးတင်အောင်-ဒေါ်ကြည်ကြည်တို့၏မြေး
ဦးသက်နိုင်ဦး-ဒေါ်မြင့်မြင့်စန်းတို့၏သားကြီး၊ မရှင်းသန့်နိုင် Second Year (History) ၏အစ်ကို

ဗိုလ်ကြီးကောင်းဆက်နိုင်
B.E (Electronics) D.S.T.A

နှင့်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့နေ
ဦးဟန်ညွန့်-ဒေါ်ကြည်အေးတို့၏သမီးကြီး၊ မနီနီခိုင် B.A (Geography) ၏အစ်မ

မကြူကြူခိုင်
B.A (Eco)
Victoria Hyper Mart

တို့၏ ၈-၅-၂၀၁၄ မင်္ဂလာရက်မြတ်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာငြိမ်း၊ ၁၃-၅-၂၀၁၄ရက်တွင် ရန်ကုန်မြို့ Yuzana Garden Hotel၌ ကျင်းပသော မင်္ဂလာပွဲတွင် စုလျားရစ်ပတ်ထိမ်းမြားပေးခြင်း၊ မင်္ဂလာအောင်စံပယ်ပန်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးသန်းမြင့်နှင့်ဇနီး ဒေါ်နီနီစိုး(ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း)၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဦးအောင်နိုင်သူနှင့်ဇနီး အကျိုဒေါ်စန်းစန်းရီ (Super One Co., Ltd.)၊ မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ D.S.T.A အမှတ်စဉ် (၁၂)မှ ကျောင်းဆင်းသူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးချီးမြှင့်ပေးသော တေးသံရှင်စိမ်းမို့မို့နှင့် The Aces တီးဝိုင်းအဖွဲ့၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သမီးလေးယွန်းလဲ့ဝတီ၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မရှင်းသန့်နိုင်၊ မပိုးမြတ်နိုးဇော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မဖူးပွင့်သော်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဆုလာဘ်မြင့်၊ သတို့သားအရံ ဗိုလ်အောင်နိုင်ထွန်း၊ သတို့သမီးအရံ မနီနီဝင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ မအိကျော်ဇင် (Vivid)၊ ကိုမင်းသက်စံ (Sweet & Smart)၊ မအိချော(Super Seraph)၊ မရှင်လေး(ပျို့တို့မောင်)၊ မိတ်ကပ်၊ ဆံပင်၊ လက်ဝတ်ရတနာ စွာစွာနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာဆောင်ရွက်ပေးပါသော Dagon Printing & Invitation Cards အားလည်းကောင်း၊ မှတ်တမ်းတင်ဓာတ်ပုံ ဗီဒီယိုရိုက်ကူးပေးပါသော မလိမ္မာ(မြန်မာစာ)၊ ပန်းအလှဆင်မြန်းပေးပါသော ဦးခင်မောင်ဝင်း၊ Pre-Wedding ဓာတ်ပုံရိုက်ကူးပေးပါသော Forever၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၁၆-၅-၂၀၁၄ရက်တွင် ညောင်ဦးမြို့၊ ကျန်စစ်သားဥမင်ပရိယတ္တိ ပဋိပတ္တိစာသင်တိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၈-၅-၂၀၁၄ရက် သဲတောမြို့ နေအိမ်တွင် ကျင်းပပြုလုပ်သောမင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၁-၅-၂၀၁၄ရက် ပဲနွယ်ကုန်းမြို့နေအိမ်တွင် ကျင်းပသောမင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဤမင်္ဂလာပွဲကြီးအား အစစအရာရာ အဆင်ပြေချောမွေ့အောင် စေတနာထား၍ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟညီအစ်ကိုမောင်နှမအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကောင်းဆက်နိုင်-မကြူကြူခိုင်

တာယာ/ဘက်ထရီအဟောင်း၊ သံထည်နှင့် သံတိုသံစ စက်ပစ္စည်းအဟောင်းများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာန၊ ပင်မအလုပ်ရုံ (နေပြည်တော်ကောင်စီနယ်မြေ)ရှိ တာယာအဟောင်း ၁၄၉လုံး၊ ဘက်ထရီအဟောင်း ၁၉၁လုံး၊ သံထည်နှင့် သံတိုသံစ ပစ္စည်းများ ၁၅တန်အား ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၉း၀၀ နာရီတွင် အောက်ဖော်ပြပါဌာန၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့
ပင်မအလုပ်ရုံ(နေပြည်တော်ကောင်စီနယ်မြေ)
ဖုန်း-၀၆၇-၂၂၀၅၅

ကျေးဇူးဆပ်ပါမည်

ကျွန်တော် အောင်သန်းထက် ပတ်စ်ပို့ နံပါတ် M-၄၂၅၆၄၈၊ ၁၂/ဥကတ(နိုင်)၁၄၈၀၉၇၊ Korea ဘဏ်ကတ်နှင့် အလုပ်သမားကတ်များ Taxi ပေါ်တွင် မေ့ကျန်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

အမှတ် ၄၉၇၊ မင်းရဲကျော်စွာ ၂လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ၊
ဖုန်း-၀၉-၄၂၀၁၂၂၀၂၆၊ ၀၉-၂၅၀၃၇၀၅၅၂

စမ်းချောင်းမြို့နယ်ရှိ တိုက်ခန်းရောင်းမည်

ပေ(၁၅×၅၅)၊ အခန်း နှစ်ခန်း၊ Aircon နှစ်လုံး၊ ကျွန်းပါကေးခင်း၊ ရေချိုးခန်း၊ အိမ်သာ၊ ကြွေပြားကပ်၊ ဘိုထိုင်၊ ရှေ့နောက်ဝရန်တာပါ Sunshade ပါ

မှတ်ချက်-ကားနှင့်လဲမည်

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၀၄၆၅၂၁၊ ၀၉-၄၂၀၇၇၃၇၇၄

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇အေ၁၊ မြေကွက်အမှတ် ၃-က၊ ဧရိယာ ၀ဒသမ၁၆၀ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ အမှတ် ၂၂/အေဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင်ထံမှ SP အမှတ်-၂၄၀၇၈/၁၃ ရရှိထားသူ ဦးခင်မောင်သန်း ၁၀/မလမ(နိုင်)၀၂၆၅၁၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလိမ္မော် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)
ဦးမျိုးသူရအောင်(စဉ်-၄၂၂၁၀) ဦးဝေယံဦး (စဉ်-၄၂၂၂၇)
အထက်တန်းရှေ့နေများ
အမှတ် ၄၆/ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

စုစုအေးအောင်
ဝင်းမှန်
အကြောင်းပြေငြား

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

ကမ္ဘာ့ဖလားမှာ ဂိုးစည်းနည်းပညာသုံးခဲ့ရတဲ့ အသင်း

အာကာကျော်

လက်ရှိကျင်းပနေတဲ့ ကမ္ဘာ့ဖလားမှာတော့ ပထမဆုံးဂိုးစည်းနည်းပညာသုံးခဲ့ရပါပြီ။ ဒီပွဲက ပြင်သစ်က ဟွန်ဒူးရပ်စ်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်တဲ့ပွဲမှာ ဖြစ်ပါတယ်။ ပြင်သစ်အသင်းက ဒုတိယမြောက် သွင်းယူခဲ့တဲ့ ဂိုးမှာ ဖြစ်ပါတယ်။ ပွဲချိန် ၄၈ မိနစ်မှာ ဘင်ဇီမာ သွင်းယူသော ဘောလုံးမှာ ဟွန်ဒူးရပ်စ်ဂိုးသမား နိုးလ်ဗယ်လာဒါရက်စ်နှင့် ထိပြီး ဂိုးစည်းကျော်ဝင်သွားရာမှာ အငြင်းပွားစရာ ဖြစ်ခဲ့တာကြောင့် ဂိုးဝင် မဝင် ဂိုးစည်းနည်းပညာကို အသုံးပြုခဲ့ရာမှာ ဂိုးဝင်ကြောင်း အတည်ပြုနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ပေါ့ဘာကို ဝီလ်ဆင်ပါလာကျိုက်က ကြမ်းတမ်းစွာကစားခဲ့တဲ့အတွက် ပယ်နယ်တီကန်သွင်းရာမှာရီးရဲမက်ဒရစ်တိုက်စစ်မှူးဘင်ဇီမာက ပြင်သစ်အတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဘင်ဇီမာဟာ ဒီပွဲမှာ တတိယအနိုင်ဂိုးကိုလည်း သွင်းယူပေးနိုင်ခဲ့ပါတယ်။ အဖွင့်ပွဲမှာ ပြင်သစ်အသင်းအတွက် ဘင်ဇီမာက နှစ်ဂိုး၊ ဟွန်ဒူးရပ်စ်က ကိုယ့်ဂိုးကို ပြန်သွင်းတဲ့ တစ်ဂိုး စုစုပေါင်း သုံးဂိုးပြတ်နဲ့ ပြင်သစ်အသင်း ကမ္ဘာ့ဖလားတာထွက်ကောင်းခဲ့ပါတယ်။

ပြင်သစ်အသင်းရဲ့ ဒီအောင်မြင်မှုဟာ ကမ္ဘာ့ဖလားဘောလုံးသမိုင်းမှာတော့ သမိုင်းမှတ်တိုင်တစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဂိုးစည်းနည်းပညာစသုံးတဲ့ပွဲဖြစ်လို့ပါပဲ။ ဒုတိယမြောက် သွင်းယူတဲ့ ဘောလုံးဟာ အငြင်းပွားစရာ ဖြစ်ခဲ့တာကြောင့် ဂိုးစည်းနည်းပညာအသုံးပြုခဲ့ရပါတယ်။ ဒါဟာ ဒီကမ္ဘာ့ဖလားသမိုင်းမှာတော့ ပထမဆုံးလို့ ဆိုပါတယ်။

မှတ်တမ်းတင်မှုနှင့်အတူ နိုင်ပွဲရခဲ့တဲ့ အာဂျင်တီးနား

သီဟ

အုစ်စု (စ) မှ အာဂျင်တီးနားနှင့် ဘော့စနီးယားတို့ပွဲကို ဇွန်၁၆ ရက် နံနက်ပိုင်းက Maracana ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး- တစ်ဂိုးဖြင့် အာဂျင်တီးနားတို့ အနိုင်ရသွားပြီး လက်ရှိချိန်အထိ ကမ္ဘာ့ဖလားအစောဆုံးသွင်းဂိုးဖြင့် မှတ်တမ်းတင်ခဲ့ရသည်။

ပွဲစပြီး သုံးမိနစ်တွင် ဘော့စနီးယားမှ ကိုလာစီနက်စ်၏ ကိုယ့်ဂိုးကိုယ်သွင်းမှုဖြင့် အာဂျင်တီးနားတို့ အဖွင့်ဂိုးရရှိပြီး ဒုတိယပိုင်း ၆၅ မိနစ်တွင် မက်ဆီ **(အောက်ပုံ)**၏သွင်းဂိုးဖြင့် အာဂျင်တီးနားတို့ နှစ်ဂိုးအသာဖြင့်ဦးဆောင်ထားနိုင်ခဲ့သည်။ ပွဲချိန် ၈၄မိနစ်တွင် စတုဂတ်တိုက်စစ်မှူး အိုင်ဘီစီဗစ်က ဘော့စနီးယားအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းနိုင်သော်လည်း ဘော့စနီးယားတို့ နှစ်ဂိုး-တစ်ဂိုးဖြင့်သာ ကျေနပ်လိုက်ရသည်။ ဇွန် ၁၇၊၁၈ ရက်တွင် ကစားမည့် ပွဲစဉ်များအဖြစ် အုပ်စု(ဇ)မှ ဇွန်၁၇ ညဝ၁း၃ဝတွင် ဘယ်လ်ဂျီယံနှင့် အယ်လ်ဂျီးရီးယားတို့ဖြစ်ပြီး ဇွန်၁၈ နံနက် ၄း၃ဝတွင် ရုရှားနှင့် တောင်ကိုရီးယားပွဲတို့ဖြစ်သည်။ အုပ်စု(က)မှ ဇွန်၁၈ နံနက် ၁း၃ဝတွင် ဘရာဇီးနှင့် မက္ကဆီကိုတို့ ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ယူအက်စ်အိုးပင်းဖလား ဂျာမနီမှ ခေမာဆွတ်ခူး

ယူအက်စ်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျာမနီဂေါက်သီးကစားသမား မာတင်ခေမာသည် ဒုတိယမြောက်အဓိကဖလားနှင့် ပထမဆုံးယူအက်စ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

၂၀၁၀ ခုနှစ်ကUSPGA ဖလားကို ဆွတ်ခူးနိုင်ခဲ့သော အသက် ၂၉နှစ်ရှိ ခေမာသည် လေးရက်စလုံးအမေရိကန်သားများဖြစ်ကြသည့် ရစ်ကီဖောင်လာနှင့်အဲရစ်ကွန်ပတန်တို့ကို ရှစ်ချက်အသာဖြင့် ဦးဆောင်ကစားခဲ့သည်။ ခေမာသည် စုစုပေါင်းသတ်မှတ်ရိုက်ချက် ကိုးချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

ခရိုအေးရှားနှင့်ပွဲ အီတူးလွဲမည်

ကင်မရွန်းနာမည်ကြီးတိုက်စစ်မှူး အီတူးသည် ညာဘက်ဒူးခေါင်းဒဏ်ရာရရှိသွားသဖြင့် ဗုဒ္ဓဟူးနေ့ ခရိုအေးရှားနှင့် ကစားမည့်အုပ်စု (A) ဒုတိယပွဲတွင် လွဲချော်မည်ဟုဆိုသည်။ ပြီးခဲ့သည့်လက ချယ်လ်ဆီးအတွက် ကစား ပေးစဉ် ရရှိသောဒဏ်ရာမှ ပြန်လည်နာကျင်ခဲ့ပြီး လွန်ခဲ့သည့် နှစ်ရက်က လေ့ကျင့်မှုမပြုလုပ်နိုင်ဘဲရှိသည်။ အသက် ၃၃ နှစ်အရွယ်ရှိ အီတူးသည် ဇွန် ၂၃ ရက်တွင် ဘရာဇီးနှင့်ကစားမည့်အုပ်စုနောက်ဆုံးပွဲ ကစားရန်ပင် မသေမချာဖြစ်နေသည်ဟုဆိုသည်။ ကင်မရွန်းအသင်းသည် အဖွင့်ပွဲတွင် မက္ကဆီကိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း

ယမန်နေ့မှအဆက်

၃၂။ ကောင်စီသည် ပုဒ်မ ၃၁ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးခြင်း ပြုလုပ်ပြီး အရည်အချင်း ပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ ပေးသွင်းစေ၍ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့်အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၃။ အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိထားပြီး သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသော မှတ်ပုံတင်ဆရာဝန်သည် အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီကောင်စီသို့ လျှောက်ထားနိုင်သည်။

၃၄။ ကောင်စီသည် ပုဒ်မ ၃၃ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ ပေးသွင်းစေ၍ အထူးဆေးကုသခွင့်လိုင်စင်ကိုထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၅။ နိုင်ငံခြားသား အထူးကုဆရာဝန်သည် မြန်မာနိုင်ငံတွင် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၃၆။ ကောင်စီသည် ပုဒ်မ ၃၅ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော ကြေးများပေးသွင်းစေ၍ ကုသခွင့်ရှိသော ဆေးပညာဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသောနေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်အထူး ဆေးကုသခွင့်လိုင်စင်ကိုထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၇။ ဆေးပညာဘွဲ့မရှိသော်လည်း ဆေးကုသခြင်းနှင့် သက်ဆိုင်သော ဘွဲ့တစ်ခုခုရရှိပြီး ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုဖြင့် ဆေးကုသမှုဆောင်ရွက်လိုသူသည် ကန့်သတ်ကျွမ်းကျင်ဆေးကုသခွင့် လိုင်စင်ကိုသတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၃၈။ ကောင်စီသည် ပုဒ်မ ၃၇ အရ လျှောက်ထားလာသော လျှောက်လွှာကိုစိစစ်၍ လိုအပ်ပါက အရည်အချင်းစစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်းပြည့်မီပါက လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော ကြေးများပေးသွင်းစေလျက် ကုသခွင့်ရှိသည့် ပညာရပ်ဆိုင်ရာ နယ်ပယ်သတ်မှတ်၍ ကန့်သတ်ကျွမ်းကျင်ဆေးကုသခွင့်လိုင်စင်ကို ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၉။ ဆေးကုသခွင့်လိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် မိမိ၏ ဆေးကုသသည့်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုသော အထွေထွေဆေးကုသခွင့်လိုင်စင် (သို့မဟုတ်) အထူးဆေးကုသခွင့်လိုင်စင် ရရှိသူသည် ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ ဆေးကုသခွင့်လိုင်စင် သက်တမ်းမကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၀။ ကောင်စီသည် ပုဒ်မ ၃၉ အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း (သို့မဟုတ်) သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၁။ ကောင်စီသည် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကိုပယ်ဖျက်ခြင်း(သို့မဟုတ်)ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုနိုင်သည်-

(က) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပညာပျက်ယွင်းခြင်း (သို့မဟုတ်) ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့် ဆရာဝန်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဂ) ဆရာဝန်တစ်ဦး၏ တာဝန်ဝတ္တရားများကို မဆင်မခြင် ပေါ့လျော့စွာဆောင်ရွက်ခြင်း၊

(ဃ) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှုမရှိခြင်း၊

(င) ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ လုပ်ဆောင်နိုင်စွမ်းမရှိခြင်း၊

(စ) ကောင်စီက သတ်မှတ်သောကာလအတွင်း လုံလောက်သော အကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း၊

(ဆ) မည်သည့်မှတ်ပုံတင်ဆရာဝန်မျှ မိမိကိုယ်တိုင်ရရှိပြီး ဆေးကောင်စီကလည်း ခွင့်ပြုထားသည့် ဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ် စကားရပ်များကို မိမိ၏ အမည်နှင့် ယှဉ်တွဲ၍ဖော်ပြခြင်း။

အခန်း(၁၃)

မှတ်ပုံတင်ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်၏ တာဝန်နှင့်ရပိုင်ခွင့်များ

၄၂။ မှတ်ပုံတင်ဆရာဝန်သည်-

(က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) ကောင်စီကသတ်မှတ်သည့် ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်၊

(ဂ) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်၊

(ဃ) မိမိ၏နစ်နာချက်များကို ကောင်စီသို့တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၄၃။ ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်သည် မိမိရရှိသော ဆေးကုသခွင့်လိုင်စင်အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

၄၄။ မှတ်ပုံတင်ဆရာဝန်သည် ဆရာဝန်သည် ပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ)ပါ ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင် -

(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်၊

(ခ) ကောင်စီကသတ်မှတ်ထားသည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

အခန်း (၁၄)

အယူခံခြင်း

၄၅။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၅ အရဖြစ်စေ၊ ပုဒ်မ ၂၈ အရဖြစ်စေ၊ ပုဒ်မ ၃၀ အရဖြစ်စေ၊ ပုဒ်မ ၃၂ အရဖြစ်စေ၊ ပုဒ်မ ၃၄ အရဖြစ်စေ၊ ပုဒ်မ ၃၆ အရဖြစ်စေ၊ ပုဒ်မ ၃၈ အရဖြစ်စေ၊ ပုဒ်မ ၄၀ အရဖြစ်စေ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း (၆၀)အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၄၆။ ပုဒ်မ ၄၅ အရ အယူခံရာတွင် ချမှတ်သော ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၄၇။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၆ အရ မှတ်ပုံတင်ဆရာဝန်အဖြစ်မှ ပယ်ဖျက်ကြောင်း ချမှတ်သည့်အမိန့်ကိုဖြစ်စေ ၊ ပုဒ်မ ၄၁ အရ ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ကြောင်း (သို့မဟုတ်) ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းကြောင်း ချမှတ်သည့်အမိန့်ကိုဖြစ်စေ၊ မကျေနပ်သူသည် ယင်းအမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၄၈။ ကောင်စီ၏ နာယကအဖွဲ့သည် ပုဒ်မ ၄၇ အရ အယူခံလျှောက်ထားခြင်းအား ကြားနာဆုံးဖြတ်နိုင်ရန် အဖွဲ့ဝင် (၃)ဦး ပါဝင်သော အယူခံအဖွဲ့ကို ဖွဲ့စည်း၍ ကြားနာစေပြီး နာယကအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆုံးဖြတ်စေရမည်။အဆိုပါ အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း(၁၅)

တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၄၉။ မည်သူမျှ ဤဥပဒေအရ ကောင်စီကထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသခြင်း မပြုရ။

၅၀။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မျှ ဆေးကုသသည့်လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးကုသသည့်လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းကထုတ်ပေးသည့်လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် (သို့မဟုတ်) အထောက်အထားရရှိသူမှအပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်း မပြုရ။

၅၁။ ဆေးကုသပိုင်ခွင့်ရှိသူ မည်သူမဆို ကောင်စီမှ ခွင့်ပြုထုတ်ပေးထားသည့် ဆေးကုသခွင့်လိုင်စင်အမျိုးအစားအရသာ ဆေးကုသခြင်းပြုရမည်။ မိမိကိုယ်တိုင်ရရှိသော၊ ဘွဲ့အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ် စကားရပ်ကို မိမိအမည်နှင့် ယှဉ်တွဲအသုံးပြု၍ ဆေးကုသခြင်း မပြုရ။

၅၂။ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် (၁)နှစ်မှ အများဆုံး ထောင်ဒဏ် (၅)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၃။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်မဆို ပုဒ်မ ၅၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၅)နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မည်သည့် မှတ်ပုံတင် ဆရာဝန်မဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည်။

အခန်း(၁၆)

အထွေထွေ

၅၅။ ဆေးကုသပိုင်ခွင့်ရှိသူက ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်းမရှိသော ဆေးလက်မှတ်နှင့် ဆေးဘက်ဆိုင်ရာ အထောက်အထားများသည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။

၅၆။ ဆေးကုသပိုင်ခွင့်ရှိသူတစ်ဦးဦးသည် မိမိ၏လူနာအကျိုးအတွက် ဆောင်ရွက်ရာတွင် ဆေးပညာရပ်ဆိုင်ရာ ထိုက်သင့်သောသတိပြုခြင်းနှင့် စိတ်အာရုံပြုခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ပါလျက် တစ်စုံတစ်ရာ ဘေးအန္တရာယ်ကျရောက်ခဲ့သည်ရှိသော် မိမိ၏တာဝန်အား သဘောရိုးဖြင့်ဆောင်ရွက်ခဲ့ခြင်းအပေါ် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ တရားစွဲဆိုခွင့်မရှိစေရ။

၅၇။ ဤဥပဒေ ပုဒ်မ ၅၂ (သို့မဟုတ်)ပုဒ်မ ၅၃ အရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရာတွင် မြန်မာနိုင်ငံ ဆေးကောင်စီ မှတ်ပုံတင်ဆရာဝန်ဖြစ်ပါက မြန်မာနိုင်ငံဆေးကောင်စီသို့ အသိပေးအကြောင်းကြားရမည်။

၅၈။ ၂၀၀၀ ခုနှစ်၊ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေအရထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၉။ ကောင်စီသည် ၂၀၀၀ ခုနှစ် မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စု မြန်မာနိုင်ငံဆေးကောင်စီပိုင်ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၆၀။ ၂၀၀၀ ခုနှစ် မြန်မာနိုင်ငံဆေးကောင်စီဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီသည် ဤဥပဒေအရ မြန်မာနိုင်ငံဆေးကောင်စီမဖွဲ့စည်းမီ ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

၆၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ကောင်စီသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့သို့ တင်ပြပြီး ထုတ်ပြန်နိုင်သည်၊

(ခ) ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၆၂။ ၂၀၀၀ ခုနှစ် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

မကွေးမြို့နယ် စည်ပင်နှင့် လူမှုရေးအသင်းအဖွဲ့ စုပေါင်းအမှိုက်ကောက်ခြင်း၊ ထိန်းသိမ်းခြင်းအသိပညာပေး

မကွေး ဇွန် ၁၆

မကွေးမြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးနေမျိုးနိုင် ဦးဆောင်၍ ၂၀၁၄ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် မကွေးမြို့ရှိGreen Network၊ SCVG၊ Natmauk၊ ME Center၊ မြစ်ကွေ့ရော၊ ညီညွတ်ခြင်းတွဲလက်များ၊ ပညာ့ဥယျာဉ် စသည့်လူမှုရေးအဖွဲ့အစည်းခုနစ်ဖွဲ့မှ အမျိုးသားအမျိုးသမီး ၆၇ ဦးနှင့် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အင်အား ၁၇၀ ကျော်တို့ ပူးပေါင်း၍ မကွေးမြို့ ကမ်းနားလမ်းရှိ ဈေးလယ်စိုးရပ်ကွက်ဧရိယာအတွင်း စုပေါင်းအမှိုက်ကောက်ခြင်း၊ ကားများဖြင့် အမှိုက်တင်ပို့ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ မကွေးမြို့သူ မြို့သားများ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ အသိအမြင်တိုးပွားစေရန်၊ ကိုယ်တိုင်တာဝန်အသိစိတ်ဓာတ်ဖြင့် မိမိပတ်ဝန်းကျင်အကျိုး သယ်ပိုးလိုစိတ် ပိုမိုလာခြင်းဖြင့် ရေရှည်တွင်ဖြစ်ပေါ်လာနိုင်သည့်ကျန်းမာရေးဆိုင်ရာ ထိခိုက်လာနိုင်မှုများကို စွန့်ပစ်အမှိုက်များအား စနစ်တကျစီမံခန့်ခွဲလာနိုင်ပြီးဖြစ်ပေါ်လာနိုင်မည့် အကျိုးဆက်များအား ကာကွယ်ခြင်းဖြင့် နိုင်ငံသားပီသသော အပြုအမူများဖြင့် လူနေမှု အဆင့်အတန်းမြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် အစိုးရအဖွဲ့အစည်းများ ရေရှည်တည်တံ့သောပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ အမှိုက်ကောက်၊ အမှိုက်သိမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ကျော်ဇေယျ

ဌာနဆိုင်ရာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ ကချင်ပြည်နယ်ခရီးစဉ်အတွင်း မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ဆောင်ရွက်ချက်များ ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

ကယားပြည်နယ်ကဲ့သို့သော လမ်းသစ်များအတွက် တွဲဆိုင်းအသစ်များဖြင့် ပြေးဆွဲပေးရသကဲ့သို့ ကချင်ပြည်နယ်သို့ တွဲအဟောင်းများရွေး၍ ပေးပို့ခြင်း မဟုတ်ပါကြောင်း အတတ်နိုင်ဆုံးပြုပြင်ခြင်း၊ တွဲဆိုင်းအသစ်များဖြည့်တင်းခြင်းများကို တွဲဆိုင်းအသစ်များ ရရှိနိုင်မှုအပေါ် မူတည်၍ တစ်ပြည်လုံးအနေအထားဖြင့်တွက်ချက်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ရထားများအချိန်မှန်ကန်ရေးအတွက် ကချင်ပြည်နယ်အတွင်းသာမက မန္တလေး- မြစ်ကြီးနားလမ်းပိုင်းရှိ သက်ဆိုင်သော တိုင်းဒေသကြီး/နယ်မြေများအလိုက် ယခုထက်ပိုမိုကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရထားအနေဖြင့် ခရီးသည်/ ကုန်ဝင်ငွေကိုသာမက ရထားနယ်မြေအတွင်း လုပ်ဆောင်နိုင်သည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ပြီး ဝင်ငွေရရှိအောင် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတကာတွင် ရထားဆက်ကြောင်းတစ်လျှောက် (Fibre optic)ဆက်ကြောင်းများ သွယ်တန်းပြီး စီးပွားရေးလုပ်ငန်းများသို့ ငှားရမ်းခြင်းများသကဲ့သို့ ဂျပန်နိုင်ငံ တိုကျို ဘူတာကဲ့သို့ ရန်ကုန်ဘူတာကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများဖြင့်လည်း ဝင်ငွေတိုးတက်ရရှိရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ရရှိသည့်ဝင်ငွေများကို စက်ခေါင်းတွဲအသစ်များ ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၁။ **မန္တလေး-မိုးညှင်း-မြစ်ကြီးနား မီးရထားလမ်းတွင် အချို့နေရာများ၌ သံလမ်းတွန့်လိမ်ခြင်းကြောင့် စီးနင်းလိုက်ပါရာတွင် အဆင်မပြေသဖြင့် သံလမ်းဟောင်းများ၊ တွန့်လိမ်သံလမ်းများကို အစားထိုးလဲလှယ်ပေးပါရန်၊ အချို့သော သစ်သားဇလီဖားတုံးများမှာ ဟောင်းနွမ်းဆွေးမြည့် ကွန်ကရစ်ဇလီဖားတုံးများဖြင့် လဲလှယ်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** သံလမ်းသက်တမ်းကြာမြင့်လျက်ရှိသော သံလမ်းဟောင်းများကို အသစ်လဲလှယ်ရန်စီမံချက်ချမှတ်ထားပြီး ရောက်ရှိပါက လဲလှယ်ဆောင်ရွက်သွားပါမည်။ သစ်သားဇလီဖားများ နေရာတွင် ကွန်ကရစ်ဇလီဖားများဖြင့် အပြည့်အစားထိုးလဲလှယ်ခြင်း ဘူတာကြား ၁၉ နေရာအနက် ၁၁ နေရာဆောင်ရွက်ပြီးစီးပြီး ယခုဘဏ္ဍာရေးနှစ်တွင် ငါးနေရာဆောင်ရွက်လျက်ရှိပါသည်။ ကျန်သည့် သုံးနေရာအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၂။ **တွဲဆိုင်းများကောင်းမွန်သန့်ရှင်းရန်အတွက် ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** တွဲများသန့်ရှင်းရေးအတွက် မန္တလေးနှင့် မြစ်ကြီးနားတွဲပြင်ရုံးဝန်ထမ်းများမှ သန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လမ်းဘူတာများဖြစ်သည့် ကောလင်း၊ နဘား၊ မိုးညှင်း၊ မိုးကောင်းဘူတာများမှ ရထားခေတ္တရပ်နားချိန်အတွင်း အိမ်သာများကို (High Pressure Pump) နှင့် ဆေးကြောပေးလျက်ရှိပါသည်။ ထို့အပြင် အမှတ် ၅၅ အဆန်၊ ၅၆ အစုန်နှင့် ၃၇ အဆန်၊ ၃၈ အစုန်ရထားတွဲဆိုင်းများအား တွဲသန့်ရှင်းရေးနှင့် တွဲထိန်းလုပ်ငန်းများကို ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များသို့ မေ ၁ ရက်မှစ၍ လုပ်ငန်းအပ်နှံပြီး ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါသည်။ ပထမတန်းတွဲ၊ အထက်တန်းထိုင်ခုံတွဲ၊ အထက်တန်းအိပ်စင်တွဲများကို ၂၀၁၄ ခုနှစ် မတ်လမှစ၍ အရည်အသွေးကောင်းမွန်သော ထိုင်ခုံစွပ်၊ နောက်မှီစွပ်နှင့်အိပ်ရာခင်းများနှင့် အသွားအပြန်တစ်စုံစီလဲလှယ်ဆောင်ရွက်မှုကို ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ငန်းအပ်နှံပြီး အဝတ်အထည်များ သန့်ရှင်းကောင်းမွန်ရေး အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၁၃။ **ကုန်ပစ္စည်းများ လူစီးတွဲတွင်မတင်စေဘဲ ကုန်တွဲတွင်သာ တင်စေရန်အတွက် ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတွင် လူစီးရထားများ၌ ကုန်တင်ရန်တွဲများ သတ်မှတ်ထားရှိပြီးဖြစ်ပါသည်။ အမှတ် (၃၇)အဆန်/(၃၈)အစုန်ရထားများကို လူစီးတွဲမပါဘဲ ကုန်သက်သက်တင်ရန် ပြေးဆွဲခြင်းဖြစ်ပါသည်။ အဆိုပါရထားသည် ယခင်က တစ်လအခေါက် ၂၀ ခန့်သာ ပြေးဆွဲနိုင်ရာ ယခုပိုမိုကြပ်မတ်ဆောင်ရွက်ခဲ့သဖြင့် တစ်လအခေါက် ၃၀ ပြေးဆွဲလျက်ရှိပါသည်။ အဆိုပါ ရထားကို အခေါက်ရေ ပိုမိုပြေးဆွဲခြင်းဖြင့် လူစီးတွဲတွင် ကုန်တင်ဆောင်မှုလျော့နည်းလာပြီဖြစ်ပါသည်။ ထို့အပြင် ရထားလိုက် လက်မှတ်စစ်နှင့်ဘူတာ၊ တာဝန်ရှိသူများအနေဖြင့်လည်း လူစီးတွဲများကုန်မတင်စေရေး ပိုမိုကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၄။ **အထက်တန်းတွဲများတွင် အဆင့်မီသော လေပန်ကာနှင့် မီးများ တပ်ဆင်ပေးရန်နှင့်ပထမတန်းတွဲများတွင်လည်း သင့်လျော်သော လေပန်ကာများ တပ်ဆင်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ပြေးဆွဲနေသော အမြန်ရထားများပါ အိပ်စင်တွဲများတွင် အိပ်ခန်းတစ်ခန်းတွင် ပန်ကာတစ်လုံး၊ မီးချောင်းတစ်ချောင်းစီပါရှိပြီး အထက်တန်းထိုင်ခုံနှင့် ပထမတန်းတွဲများတွင် တစ်တွဲလျှင် ပန်ကာခြောက်လုံး၊ မီးချောင်းခြောက်ချောင်းစီပါရှိပါသည်။ တွဲချွတ်ယွင်းမှုကြောင့် အစားထိုးတွဲများ ချိတ်ဆက်သောအခါ မီးချောင်း၊ ပန်ကာမပါရှိမှုများ ရှိတတ်ပါသည်။ ၎င်းကိစ္စကိုလည်း ပပျောက်စေရန် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၅။ **ရိုးရိုးတန်းများ၊ တွဲထိုင်ခုံမဲ့ လက်မှတ်များ လက်မှတ်ရောင်းချမှုအား ကန့်သတ်ထားရန်ကိစ္စနှင့်ပတ်သက်၍** ရန်ကုန်-မန္တလေးလမ်းမကြီးတွင် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် အမြန်ရထားများတွင် ထိုင်ခုံမဲ့လက်မှတ်ရောင်းချခွင့်မပြုဘဲ အမှတ်(၃)အဆန်/(၄)အစုန်နှင့်အမှတ်(၁၁) အဆန်/(၁၂)အစုန်တို့တွင် ရိုးရိုးတန်း တစ်တွဲလျှင် ထိုင်ခုံမဲ့ ၂၀ အထိသာ ကန့်သတ်ရောင်းချခွင့်ပြုထားပါသည်။ သို့သော် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ကားလမ်းခဲခက်မှုကြောင့် ခရီးသည်များ အဆင်ပြေစေရေးအတွက် ပိုမိုရောင်းချခြင်းဖြစ်ပါသည်။ ခရီးသည်စီးနင်းမှုအပေါ် စိစစ်ပြီး ရထားများတိုးချဲ့ပြေးဆွဲနိုင်ရေး စီစဉ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၆။ **ရထားတွဲများတိုးချဲ့မှသာ ခရီးသည်များအဆင်ပြေနိုင်မည်ဖြစ်၍ ရိုးရိုးတန်းတွဲများ တိုးချဲ့ပေးရန် ကိစ္စနှင့်ပတ်သက်၍** မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် လမ်းပိုင်းဝန်ချိန်ခွင့်ပြုချက်နှင့် စက်ခေါင်းဆွဲအားပေါ်မူတည်၍ တွဲများချိတ်ဆက်ပြေးဆွဲရပါသည်။ အမှတ် (၅၅) အဆန်/(၅၆) အစုန်နှင့် အမှတ်(၅၇) အဆန်/(၅၈)အစုန်အမြန်ရထားများတွင် တစ်ခါတစ်ရံတွဲချွတ်ယွင်းမှုကြောင့်မှအပ ရိုးရိုးတန်းတွဲများကို ဖွဲ့စည်းပုံအပြည့် ချိတ်ဆက်ပေးလျက်ရှိပါသည်။ ခရီးသည်စီးနင်းမှုများအပေါ် စိစစ်ပြီး ရထားတိုးချဲ့ပြေးဆွဲနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၇။ **လက်မှတ်ရောင်းချရာတွင် တန်းစီရန်နေရာ ကာရံပေးရန်ကိစ္စနှင့်ပတ်သက်၍** လက်မှတ်ရောင်းချရာတွင် တန်းစီရန်နေရာကာရံခြင်းကို ၂၀၁၄-၂၀၁၅ သာမန်အသုံးစရိတ်မှကျခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၈။ **ကြားဘူတာများတွင် မလိုအပ်ဘဲကြန့်ကြာခြင်း အချိန်ကြာမြင့်စွာ ရပ်တန့်ခြင်းမရှိစေရန်အတွက် ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** မန္တလေး-မြစ်ကြီးနား ရထားလမ်းသည် ဧကလမ်း(တစ်လမ်းသွား) ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်

တီးတိန် ဇွန် ၁၆

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ် ဆိုင်းဇန်ကျေးရွာတွင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇွန် ၁၃ ရက်နံနက် ၁၁ နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပရာ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားပြီး စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်က အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးရခြင်းရည်ရွယ်ချက်နှင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်၊ ပြည်နယ်ပညာရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအွန်းတွာလ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆွေ့င်ဇမ်းထန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

လက်ရှိ နိုင်ငံတော်အစိုးရလက်ထက်တွင် ယခုဖွင့်လှစ်သည့် ဆိုင်းဇန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ခြင်းသည် တီးတိန်မြို့နယ်၏ အထက်တန်းကျောင်းသုံးကျောင်း တိုးမြှင့်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

နေပြည်တော်ရှိ အချက်အချာကျသည့် လမ်းမကြီးများ နိုင်လွန်ကတ္တရာခင်း

နေပြည်တော် ဇွန် ၁၆

နေပြည်တော် စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ကွန်ကရစ်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ရှိ အချက်အချာကျသည့် လမ်းမကြီးများ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများအသုံးပြုလျက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ ဆောင်ရွက်နေကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၄၅၄၀ Honda C 90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၉/မနမ(နိုင်)၀၃၃၇၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၂၈၆၈ Honda C 90 Custom CMS ယာဉ်လက်ဝယ်ရှိသူ ဦးစိုးတင့် ၉/မရမ(နိုင်)၀၅၃၁၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၄၀၈၄ Kenbo CNA 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလီစီးနိမ့် MSE-၀၄၆၀၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့



စစ်ကိုင်း-ဝါးချက်-မင်းကွန်းကားလမ်း တိုးချဲ့ကွန်ကရစ်လမ်းခင်းရန် အလှူရှင်များသို့ နှိုးဆော်လွှာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော မင်းကွန်းတိပိဋက နိကာယကျောင်းတိုက်ကြီးများတွင် သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်ကြီး၏ သားတပည့်များဖြစ်ကြသော ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသ၊ ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝံသပါလာလင်္ကာရ၊ ရွှေစင်တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရ (၁၁)ပါးမြောက် တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ကုန္တပါလနှင့် တိပိဋကရေဆရာတော် အရှင်ကုန္တာစရိယတို့သည် ကျောင်းပြင်၊ ကျောင်းဆောက်၊ လမ်းဖောက်စသည့် သာသနာပြုပရဟိတကိစ္စများကို ဆရာတော်ကြီးဆောင်ရွက်ခဲ့သည့်နည်းတူ စစ်ကိုင်း-ဝါးချက်-မင်းကွန်းကားလမ်းကို ဓမ္မနာဒကျောင်းတိုက်အထိ မူလလမ်းဟောင်းကို တစ်ဖက်စီ(၃ပေ)တိုးချဲ့ခြင်း၊ လမ်းဟောင်းပေါ်တွင် ကွန်ကရစ်လမ်းသစ်ခင်းခြင်း၊ မူလလမ်းဟောင်းကိုပြန်လည်ပြုပြင်လျက်ရှိရာ ကလျာဏနွယ်ဝင်သူတော်စင်အပေါင်းတို့သည် ကုသိုလ်ပါဝင် လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

(၁)	ကတ္တရာတစ်ပီပါလျှင်	ကျပ် ၇၀၀၀၀
(၂)	ကျောက်ကြီးတစ်ကျင်းလျှင်	ကျပ် ၈၀၀၀
(၃)	ကျောက်လတ်တစ်ကျင်းလျှင်	ကျပ် ၈၀၀၀
(၄)	ကျောက်သေးတစ်ကျင်းလျှင်	ကျပ် ၁၀၀၀၀
(၅)	မြေတစ်ကျင်းလျှင်	ကျပ် ၄၀၀၀
(၆)	ဘိလပ်မြေတစ်အိတ်	ကျပ် ၆၀၀၀

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

(၁) တိ-နိ မန္တလေးဌာန၊ ၁၉/၂၆(ဘီ)လမ်း၊ ပိုက်ကျိုးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၀၁၉၀
(၂) တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ ဖုန်း-၀၂-၆၀၄၉၅
(၃) တိ-နိ ရန်ကုန်ဌာန၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၂၂၂၂၇၇/ ၇၈/၇၉၊ ၂၁၀၉၈၈၊ ၂၁၁၁၉၂

အမှုဆောင်အဖွဲ့ တိ-နိ

အမည်ပြောင်းနှင့်မိခင်အမည်မှန်

ဦးတင်ထွန်း၏သား ကြည့်မြင်တိုင်မြို့နယ်၊ အထက(၅)၊ ပဥ္စမတန်း(A)မှ မောင်လှမင်းထက်ထူးအား မောင်လှမင်းထွန်းဟုလည်းကောင်း၊ မောင်လှမင်းထွန်း၏မိခင်အမည်မှန်မှာ ဒေါ်အမီဒွန် ၁၂/ဥကတ(နိုင်)၁၂၇၆၆၇ ဖြစ်ပါသည်။

မိခင်-ဒေါ်အမီဒွန် ၁၂/ဥကတ(နိုင်)၁၂၇၆၆၇
သား-မောင်လှမင်းထွန်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၉၃၅၅၆ Honda Wave NF 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှစိုး ၇/ပတန(နိုင်)၀၅၀၅၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

ပြင်ဆင်ဖတ်ရှုပါရန်

၄-၆-၂၀၁၄ရက် ကြေးမုံသတင်းစာ၊ ၃၀-၅-၂၀၁၄ရက် မြန်မာ့အလင်း၊ ၂၉-၅-၂၀၁၄ရက် မြို့တော်သတင်းစာတို့တွင် ပိုင်ဆိုင်+အရောင်းမြေပုံကူး ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ၌ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၃၃၄တွင် ဒေါ်စုစုကြည်အစား GP ရသူ ဝင်းဖြူသွယ် ၁/ဗမန(နိုင်) ၀၆၃၄၉၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဇမ္ဗူသီရိမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်လုံးကျွတ် မိုးရာသီဘဏ် ချေးငွေထုတ်ပေး

နေပြည်တော်ကောင်စီကကြီးမှူး၍ တောင်သူများ မိုးရာသီစိုက်ပျိုးစရိတ် အဆင်ပြေမှုရရှိစေရန် ဇမ္ဗူသီရိ မြို့နယ်အတွင်းရှိ တောင်သူများ

ဦးမြင့်စိုး(မန်နေဂျာ)
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

အတွက် မြန်မာ့လယ်ယာမြေဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်လုံးကျွတ် ဘဏ်ချေးငွေထုတ်ပေးသည့်အခမ်းအနားကို ဇွန် ၆ ရက် နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ မိမိတို့မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စေ့ငုမေးမြန်းရေးသားခဲ့သည်။

ဦးမျိုးညွန့်(နေပြည်တော်ကောင်စီဝင်) ဇမ္ဗူသီရိမြို့နယ်တာဝန်ခံ

ယခုလိုတောင်သူတွေကို မိုးရာသီအမီ ဘဏ်ချေးငွေထုတ်ပေးနိုင်ခြင်းအတွက် တောင်သူများရဲ့ကိုယ်စားဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေရတဲ့ တာဝန်ခံတစ်ဦးအနေနဲ့ တောင်သူများနဲ့အတူ ထပ်တူထပ်မျှ ဝမ်းသာကြည်နူးရပါတယ်။

ဦးမြင့်စိုး(မန်နေဂျာ)
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

ယနေ့ကျင်းပတဲ့ ဇမ္ဗူသီရိမြို့နယ်၏ မြို့နယ်လုံးကျွတ် မိုးရာသီဘဏ်ချေးငွေထုတ်ပေးခြင်း အခမ်းအနားမှာ မြို့နယ်အတွင်းရှိ အလျှင်လို၊ တဲကြီးကုန်း၊ ရှားတော၊ ဂုံမင်းအင်း၊ ပြန်ကပြေး စသည့်ကျေးရွာတွေက တောင်သူဦးရေ ၃၂၆ ဦး၊ အစုအဖွဲ့ ၄၀၊ ဧကပေါင်း ၁၁၇၆ ဧကကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းနဲ့ ငွေကျပ် ၁၁၇၆၀၀၀၀၀ တို့ကို ထုတ်ချေးပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးရာသီ စိုက်ပျိုးစရိတ်ရရှိအောင် ဌာနအနေနဲ့ ဆောင်ရွက်ပေးရတဲ့အတွက် ဝမ်းသာပါတယ်။

ဦးထွန်းထွန်းဦး(ဦးစီးအရာရှိ)
စက်မှုလယ်ယာဦးစီးဌာန

ကျွန်တော်တို့စက်မှုလယ်ယာဦးစီးဌာနမှ ဇမ္ဗူသီရိမြို့နယ်မှာ အဆင့်မြင့်စက်မှုစံပြလယ်ယာမြေ ဧက ၃၈၉ ဧက ဖော်ထုတ်ပြီးစီးခဲ့ပါပြီ။ ဖော်ထုတ်ပြီးစီးတဲ့ အဆင့်မြင့်စံပြလယ်ယာမြေမှာ တောင်သူတွေအနေနဲ့ နွေစပါးရိတ်သိမ်းခြွေလှေ့စက်ကြီးတွေနဲ့ ခြွေလှေ့လျက်ရှိပါတယ်။ ယခုလို ဘဏ်

ဦးတင်စိုး(တောင်သူ)

ချေးငွေထုတ်ပေးလိုက်တော့ တောင်သူတွေအနေနဲ့ မိုးရာသီစိုက်ပျိုးစရိတ်ဖူလုံမှုရှိတဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်။

ဦးတင်စိုး(တောင်သူ၊ဂုံမင်းအင်းကျေးရွာ)

ကျွန်တော့်အနေနဲ့ လယ်ငါးဧကရှိပါတယ်။ ယခုပြီးခဲ့တဲ့နွေကာလမှာ စိုက်ပျိုးစရိတ်အဆင်မပြေတဲ့အတွက် နွေစပါးမစိုက်ပျိုးနိုင်ပါဘူး။ ယခုဘဏ်ချေးငွေထုတ်ပေးခြင်းအားဖြင့် မိုးစပါးအတွက် စိုက်ပျိုးစရိတ်အဆင်ပြေချောမွေ့မှုရရှိမှာဖြစ်တဲ့အတွက် နေပြည်တော်ကောင်စီနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးကို အတိုင်းမသိကျေးဇူးတင်ပါတယ်။

ဦးခင်မောင်ဝင်း(တောင်သူ၊ တဲကြီးကုန်းကျေးရွာ)

ကျွန်တော့်အနေနဲ့ နွေစပါးမစိုက်ပျိုးနိုင်တာ ခြောက်နှစ်ရှိခဲ့ပါပြီ။ ယခုလိုနိုင်ငံတော်က မပြောပလောက်သော အတိုးနှုန်းနဲ့ တောင်သူတွေလက်ရောက် မိုးရာသီဘဏ်ချေးငွေထုတ်ချေးပေးတဲ့အတွက် စိုက်ပျိုးရေးစရိတ် အခက်အခဲမရှိဘဲ ပူပင်စရာမလိုတော့တဲ့အတွက် တာဝန်ရှိသူ

ဦးခင်မောင်ဝင်း(တောင်သူ)

အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးဌေး(တောင်သူ၊ရှားတောကျေးရွာ)

တောင်သူတွေအတွက် လယ်ကထမင်း၊ ယာက ဟင်းဆိုသလို လယ်ယာရှိသော်လည်း အရင်းအနှီးမရှိရင် ဘာမှလုပ်လို့မရနိုင်ပါဘူး။ ယခုလို မိုးစပါးအမီ နိုင်ငံတော်က တောင်သူတွေကို ချေးငွေထုတ်ပေးတဲ့အတွက် နေပြည်တော်ကောင်စီနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်ဟု ပြောကြားသည်။

ယနေ့နိုင်ငံတော်မှ ပြည်သူများအား ဆင်းရဲမှုလျှော့ချရေး အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး လူနေမှုအဆင့်မြင့်မားရေး စသည်တို့ကို မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိရာ တောင်သူများ၏ ဘဝမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေနှင့် နိုင်ငံတစ်ဝန်းတွင် မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိရာ တောင်သူများအနေနှင့် စိုက်ပျိုးစရိတ်ရရှိ၍ လယ်ယာထွက်ကုန်လုပ်ငန်းများ ပိုမို

ဦးဌေး(တောင်သူ)

တွင်ကျယ်စွာ ဆောင်ရွက်နိုင်ပြီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အမေးအရေး-မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဓာတ်ပုံ-ကိုကိုရူပ

> **တောင်သူဦးရေ ၃၂၆ ဦး၊ အစုအဖွဲ့ ၄၀၊ ဧကပေါင်း ၁၁၇၆ ဧကကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းနဲ့ ငွေကျပ် ၁၁၇၆၀၀၀၀၀ တို့ကို ထုတ်ချေးပေးခဲ့**

သတင်းတိုများ

ရိခေါဒါရ်၌ စာပေရေချမ်းစင်လုပ်ငန်းဆောင်ရွက်

ချင်းပြည်နယ် ရိခေါဒါရ်မြို့နယ်ခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြည်သူများ အသိပညာဗဟုသုတ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး နှင့် စာအုပ်/စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် စာပေရေချမ်းစင်များ ထားရှိပေးခြင်းလုပ်ငန်းကို ဇွန် ၁၂ ရက်က ရိခေါဒါရ်မြို့၌ ဆောင်ရွက်ခဲ့ရာ စာပေရေချမ်းစင်စာအိတ်များကို မြို့ပေါ်ရပ်ကွက်နှစ်ခုရှိ စာသင်ကျောင်းနှင့် ပြည်သူ့ဆေးရုံအပါအဝင် ခြောက်နေရာနှင့် ခေါ်ထီရ်ကျေးရွာတွင် တစ်နေရာ စုစုပေါင်း ခုနစ်နေရာ၌ ထားရှိဆောင်ရွက်ပြီး စာစဉ် ၁၃ မျိုး ထားရှိသည်။ စာပေရေချမ်းစင်၌ ထားရှိပေးသော စာစဉ် ၁၃ မျိုးတို့ကို ဌာနမှ လစဉ်အသစ်လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ခွဲ ပြန်/ဆက်)**

လားရှိုးအကျဉ်းထောင်၌ “အ”သုံးလုံး သင်တန်းဆင်း

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန လားရှိုးအကျဉ်းထောင်တွင် အကျဉ်းသူ ၅၀ အား “အ”သုံးလုံးသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၈ နာရီခွဲက အကျဉ်းထောင်ခန်းမ၌ ကျင်းပရာ လားရှိုးမြို့ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အမှာစကားပြောကြားပြီး လားရှိုးအကျဉ်းထောင် တာဝန်ခံထောင်မှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးက “အ”သုံးလုံး သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းများကို ပညာပေးဟောပြောသည်။ လားရှိုးအကျဉ်းထောင်တွင် ၂၀၁၄ ခုနှစ်၌ စာမတတ်မြောက်သော အကျဉ်းသူ ၅၀ အား “အ”သုံးလုံးသင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ဆက်လက်၍လည်း လားရှိုးအကျဉ်းထောင်ရှိ အကျဉ်းသူ အကျဉ်းသားများအနက် စာမတတ်မြောက်သော အကျဉ်းသူ အကျဉ်းသားများအား “အ” သုံးလုံးသင်တန်းများ ဖွင့်လှစ်၍ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

မြို့တော်ခန်းမ ပန္နက်တင်မင်္ဂလာကျင်းပ

ကသာခရိုင် ကသာမြို့ အမှတ်(၅)ရပ်ကွက် ဧရာကမ်းသာပန်းခြံတွင် အလျားပေ ၁၆၀၊ အနံပေ ၈၀၊ အမြင့်ပေ ၂၀ရှိ မြို့တော်ခန်းမ ဆောက်လုပ်မည်ဖြစ်သည်။ ကသာမြို့ အမှတ်(၅)ရပ်ကွက် ဧရာကမ်းသာပန်းခြံတွင် ဇွန် ၁၀ ရက်က မြို့တော်ခန်းမဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပရာ မြို့တော်ခန်းမဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး)၊ အတွင်းရေးမှူး ဦးမောင်မောင် (အင်ဂျင်နီယာမှူး မြို့နယ်စည်ပင်သာယာရေးကော်မတီ)တို့ ဦးဆောင်သော ဆောက်လုပ်ရေးကော်မတီနှင့် ဘဏ္ဍာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆွေ (မြို့မိ၊ မြို့ဖ)အတွင်းရေးမှူး ဦးသန်းဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ) တို့ပါဝင်သော ဘဏ္ဍာရေးကော်မတီတို့မှ ကြီးကြပ်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း ၇ လမ်း၊ အမှတ် ၁၃ နေ ဒေါ်နန်းပွင့်ခိုင် ၁၂/ကမရ(နိုင်)၀၅၄၀၉၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်း၊ ကွင်းအမှတ်(၅၂၁)၊ ကိုးလုံးကွင်းကျေးရွာအုပ်စု၊ သန္ဓေပင်ကျေးရွာ၊ ဦးအောင်သင်းလမ်း၊ ခြံအမှတ် ၁၁၁ ဟု ခေါ်တွင်သော အလျား(၇၆ပေ×အနံပေ ၂၈၀) အကျယ်အဝန်းရှိ မြေကွက်ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်ဌေး A/RGN-၀၀၂၄၂၈ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့မိတ်ဆွေမှ ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ၎င်းမြေကွက်နှင့်ပတ်သက်ဆက်နွယ်သော မည်သူမဆို စာရွက်စာတမ်းမူရင်း အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နန်းပွင့်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းစိုး	**ဒေါ်ခိုင်ကျော့ကျော့လှိုင်**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၂၈၉၈)	**(စဉ်-၃၄၀၆၂)**

တိုက် ၄၄၊ အေ/၆၊ ပေ ၅၀ လမ်း၊ လှည်းတန်း၊ (၃)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၂၁၈၂၇၊ ၀၉-၂၅၀၀၂၂၈၉၂၊ ၀၉-၄၃၁၂၄၅၉၄

မသက်ဆိုင်ပါကြောင်း

ကျွန်မ ဒေါ်အိအိဝင်း ၉/မမန(နိုင်)၀၈၄၇၉၆နှင့် ဦးတန်ကြူကျန်း(ခ)ချမ်းဝင်း ၁/မကန(ဧည့်)၀၀၀၅၆၀တို့သည် ၂၀၀၃ ခုနှစ်ကစတင်၍ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ ယခုအခါတွင် စိတ်သဘောထားတိုက်ဆိုင်ခြင်း မရှိပါသဖြင့် ၎င်းအား ခင်ပွန်းအဖြစ်မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သည့်အကြောင်းနှင့်မျှ ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အိအိဝင်း

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈၃ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၉

၁။ ဒေါ်ဝင်း	နှင့်	ဒေါ်ခင်အေး
၂။ ဦးအောင်ကျော်ထွန်း		
ဒီကရီအနိုင်ရသူ		**တရားရှုံး**

ဒေါ်ခင်အေး ဦးပိုင်အမှတ် ၅၈-ည/၁၊ အကွက်အမှတ် ၁၄၆၊ မေဃဂီရိရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၃၈၃တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဝင်း ပါ-၂က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၇ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်မြင့်မြင့်
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

စက်မှုဝန်ကြီးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
မီးခံဘိလပ်မြေပြားစက်ရုံ(မှော်ဘီ)အား အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက်

အဆိုပြုလွှာခေါ်ယူခြင်း

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ မီးခံဘိလပ်မြေပြားစက်ရုံ (မှော်ဘီ)အား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတင်ဒါကို ၆-၁၂-၂၀၁၂ ရက်တွင် ပထမအကြိမ် ဖိတ်ခေါ်ခဲ့ပါသည်။ အဆင့်ဆင့်စိစစ်ပြီးနောက် တင်ဒါအောင်မြင်သောကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုရန် အသေးစိတ်ညှိနှိုင်းရာ သဘောတူညီချက်မရရှိသဖြင့် တင်ဒါရုပ်သိမ်းခဲ့ပါသည်။ ထပ်မံ၍ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ကုမ္ပဏီ/အဖွဲ့အစည်းများသည် စိတ်ဝင်စားမှုအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၆-၂၀၁၄ရက်မှ ၃-၇-၂၀၁၄ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အဆိုပြုလွှာအား ၄-၇-၂၀၁၄ရက် ညနေ ၁၅း၀၀နာရီ နောက်ဆုံးထား၍ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်တွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၀၈၊ ၀၆၇-၄၀၈၁၆၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ ဦးကံကြီး(ခ)မောင်အေးမြ ၁၁/မဥန(နိုင်) ၁၁၄၄၇၉ သည် မိဘ၏ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

အဘ ဦးဒိတ်ထုံ ၁၁/မဥန(နိုင်)၀၂၈၃၇၈
မြို့သစ်ရပ်ကွက်၊ မြောက်ဦးမြို့

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကျေးရွာချင်းဆက် ကျောက်ခင်းလမ်းကြောင့် ဒေသခံများ ကူးသန်းရောင်းဝယ်သွားလာမှု အဆင်ပြေ

မန္တလေး ဇွန် ၁၆

မန္တလေး အမရပူရမြို့နယ်တွင် ဉယျာဉ်ခြံမြေ စိုက်ပျိုးမှုအောင်မြင်သော ဒုဋ္ဌဝတီမြစ်ကမ်းဘေးမှ ကင်းဘက်တောင်ကိုင်း၊ မြအင်း၊ ရွှေပေါက်ပင်၊ တလင်းကြီး၊ ဝဲကြီးဆင်ရွာ၊ ညောင်ပင်စောက်ညောင်နီပင်ရွာများသည် ကင်းဘက်ကျေးရွာမှ စက်ကွေ့အနီးတွင် ရန်ကုန်-မန္တလေးလမ်းနှင့် ဆက်ကာ ဒေသထွက်ကုန်စည်ပစ္စည်းများကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့သို့ တိုက်ရိုက်တင်ပို့ရောင်းချကြသည်။

အဆိုပါရွာများသည် မူလက ကင်းဘက်-စာတိုးကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုးမြေသားလမ်းကို အသုံးပြု၍ သွားလာရကြောင်း၊ ၎င်းလမ်းပိုင်းရှိ ရေဆိုးများစွန့်ထုတ်သည့် မြောင်းကို ဖြတ်ကျော်ဖောက်လုပ်ထားသော တံတား(ဒေသအခေါ် တာပေါက်တံတား) မှာလည်း ၂၀၁၃ ခုနှစ်အောက်တိုဘာလခန့်တွင် ပြိုကျပျက်စီးခဲ့သဖြင့် ဒေသခံများ သွားလာမှုခက်ခဲလျက်ရှိကြောင်း သိရသည်။ ယခုအခါတိုင်းဒေသကြီး ဖွံ့ဖြိုးမှုစီမံချက်ရန်ပုံငွေကျပ်သိန်း ၁၂၀ ဖြင့် ကင်းဘက်-စာတိုးလမ်းပိုင်း အရှည် ရှစ်မိုင်၊ အကျယ် ၁၈ ပေကို ကျောက်ခင်းလမ်း ဖောက်လုပ်ခြင်း၊ တိုင်းဒေသကြီး ဖွံ့ဖြိုးမှုစီမံချက်ရန်ပုံငွေကျပ် သိန်း ၇၀၀ ဖြင့် တာပေါင်တံတားအရှည် ပေ ၄၀၊ အမြင့် ၂၆ ပေ၊ အကျယ် ၁၅ ပေ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ မေ ၁၅ ရက်အထိ ဆောင်ရွက်ခဲ့ရာ တံတားဆောက်လုပ်ခြင်းလုပ်ငန်းများပြီးစီး၍ လမ်းခင်းခြင်းလုပ်ငန်းများမှာ သုံးမိုင်ကျော်အထိပြီးစီးပြီဖြစ်ကြောင်းသိရသည်။

ကျန်ရှိသော လမ်းပိုင်းကို ဒေသခံပြည်သူများ၏ ထည့်ဝင်ရန်ပုံငွေဖြင့် ဆက်လက်ပြုလုပ်လျက်ရှိပြီး လမ်းပိုင်းမှာ ကျောက်ခင်းလမ်းဖြစ်သဖြင့် ယခင်ကထက် သွားလာမှုလွယ်ကူချောမွေ့သောကြောင့် ဒေသခံကျေးရွာနေပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

နွေနဒီ

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကျောင်းနေအရွယ်ကလေးများသို့ ကျောင်းဝတ်စုံနှင့်စာရေး ကိရိယာများပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက်က ကြည့်မြင်တိုင် မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ အလတ်ချောင်းရပ်ကွက် အမှတ်(၁၅)မူလွန်ကျောင်း၌ကျင်းပရာ ကျောင်းသားတစ်ဦးထံ ထောက်ပံ့ပေးအပ်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် – မန္တလေးအမြန်လမ်းမပေါ် မန္တလေးခရိုင်အတွင်း ကုက္ကိုပင် ၁၀၀၀ စိုက်ပျိုးမည်

မန္တလေး ဇွန် ၁၆

ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်တွင် ခရီးသွားပြည်သူများအတွက် အရိပ်ရရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်နယ်စပ်နှင့်တောင်တန်းသာသနာ့နုဂ္ဂဟအသင်း ဩဝါဒါစရိယ ပြဟ္မစိုရ်လူမှုကူညီရေးအသင်း ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တတိက္ခ (အဂ္ဂမဟာပဏ္ဍိတ) ဦးဆောင်၍ မန္တလေးမြို့မှ လူမှုရေးအသင်းအဖွဲ့များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ ပူးပေါင်းပြီး ဇွန်လတွင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ဆရာတော် ဘဒ္ဒန္တတိက္ခ အရှင်သူမြတ်၏ ဦးဆောင်မှုဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မန္တလေးခရိုင်အတွင်း ကားလမ်းဘေးတစ်လျှောက်မှာ ကုက္ကိုပင် ၁၀၀၀ စိုက်ပျိုးမှာဖြစ်ကြောင်း၊ ကုက္ကိုပင်များမှာ သုံးပေခန့်အမြင့်ရှိပြီး သစ်တောဦးစီးဌာနက လှူဒါန်းမှာဖြစ်ကြောင်း။ ဇွန် ၁၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၆၂ လမ်း တောင်စလင်းတိုက်ရှိ နေပြည်တော်ဓမ္မဗိမာန်တွင် အပင်စိုက်ပျိုးရေးအတွက် ကော်မတီများဖွဲ့စည်းခဲ့ပြီး ကော်မတီဖွဲ့စည်းရာမှာ မန္တလေးမြို့မှ လူမှုရေးအဖွဲ့အစည်းများသာမက တံတားဦး စဉ့်ကိုင်မြို့များမှ လူမှုရေးအဖွဲ့အစည်းများလည်းပါဝင်ကြောင်း။ စီမံကိန်းကာလ နှစ်နှစ်သတ်မှတ်ထားကြောင်း။ စီမံကိန်းကာလအတွင်းမှာ သစ်ပင်များ ရှင်သန်ရေးအတွက် ဖွဲ့စည်းထားသည့် ကော်မတီများက ကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။ နိဗ္ဗာန်သုခအသင်းနှင့်ဇာတိမာန် လူငယ်စာဖတ်အသင်းတို့က သစ်ပင်စိုက်ရန်အတွက် မြေကျင်းတူးခြင်းကို တာဝန်ယူဆောင်ရွက်မှာဖြစ်ကြောင်း ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေး အသင်းချုပ်ဥက္ကဋ္ဌ ဦးလှဝင်းက ပြောသည်။

"အရိပ်ရအပင်များ အမြန်လမ်းမကြီးပေါ်မှာ စိုက်ပျိုးပြီးလျှင် ပြဟ္မစိုရ်လူမှုကူညီရေးအသင်းက ဦးဆောင်၍ အကျွတ်အလွတ်ပွဲကို သုံးနေရာခွဲပြီး ကျင်းပမှာဖြစ်ကြောင်း။ တံခွန်တိုင် အဝိုင်းအထွက် တောင်ငူတိုးဂိတ်နှင့် ရန်ကုန်တိုးဂိတ်တို့မှာ ကျင်းပရန်စီစဉ်နေပါတယ်"ဟု ၎င်းကပြောကြားသည်။

မန္တလေး-ရန်ကုန်အမြန်လမ်းမပေါ်တွင် ၂၀၁၃ ခုနှစ် မိုးရာသီကာလအတွင်းက နိဗ္ဗာန်သုခ(မန္တလေး)နှင့် စိမ်းရောင်စိုအဖွဲ့တို့ပူးပေါင်း၍ မန္တလေးခရိုင်၌ ခရီးသွားပြည်သူများ အရိပ်ရရှိစေရန်ရည်ရွယ်ကာ အရိပ်ရပင်များ စိုက်ပျိုးခဲ့သော်လည်း ရေရှည်ထိန်းသိမ်းမှု အားနည်းခဲ့သဖြင့် အောင်မြင်မှုနည်းပါးခဲ့ကြောင်း၊ အရိပ်ရပင်များ စိုက်ပျိုးရာတွင် ပျိုးပင်ကြီးများ စိုက်ပျိုးနိုင်မှသာကောင်းမွန်ပြီး ဆက်လက်ရှင်သန်နိုင်ရန်အတွက်လည်း ရေမှန်မှန်လောင်းပေးရန်လိုအပ်ကြောင်း၊ စိုက်ပြီးသော အပင်များကို ရေမလောင်းပါက ရှင်သန်မှုမရှိနိုင်ကြောင်း သိရသည်။ **တင်မောင်–မန္တလေး**

ပုသိမ်မြို့တွင် ရေပေါ်ဈေးတည်ဆောက်လျက်ရှိ

ပုသိမ် ဇွန် ၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်းတွင် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ရေပေါ်ဈေးတည်ဆောက်ခြင်းလုပ်ငန်းမှာ ယခုအခါ ၃၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ၎င်းဈေးမှာ မျက်နှာစာ ၃၃၃ ပေ၊ အနံ ၄၂ ပေရှိ ဧရိယာပေါ်တွင် (၈×၈)ပေကျယ်ဝန်းသော ဆိုင်ခန်းအကွက် ၁၁၃ ကွက်ပါရှိပြီး ရောင်းချသော ဈေးသည်များမှ ဆိုင်ခန်းနေရာအတွက် ငွေပေးသွင်းရန်မလိုဘဲ နေ့စဉ် ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ ဦးရာလူစနစ်ဖြင့် ဈေးရောင်းချခွင့်ပြုမည်ဖြစ်သည်။ ညဆိုင်သိမ်းချိန်အပြီးတွင် စည်ပင်ဝန်ထမ်းများက ညတွင်းအပြီး သန့်ရှင်းရေးဆောင်ရွက်သွားမည်ဖြစ်သည်။ နေ့ခင်းဘက်တွင် ပြည်သူများအနေဖြင့် အပန်းဖြေအနားယူရင်း ကမ်းနားလမ်းနှင့် ငဝန်မြစ်၏ ဒေသန္တရရှုခင်းများကို ခံစားနိုင်မည်ဖြစ်သည်။

ဧပြီလလယ်မှစ၍ တည်ဆောက်လျက်ရှိသော အဆိုပါဈေးသည် စက်တင်ဘာလလယ် ပွင့်လင်းရာသီတွင် ဖွင့်လှစ်ရောင်းချနိုင်ရန်နှင့် ဈေးကြီးအမြန်ဆုံးပြီးစီးရန် တည်ဆောက်လျက်ရှိသည်။ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး ကုန်ကျငွေမှာ ငွေကျပ် ၂၂၁၂ သိန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီး အစိုးရ၏ ညွှန်ကြားမှုဖြင့် မြို့သန့်ရှင်းသာယာလှပရေး၊ လမ်းဘေးဈေးသည် ပပျောက်ရေးတို့အတွက် တည်ဆောက်နေခြင်းဖြစ်ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

နိုင်ငံသားကတ် ကိုင်ဆောင်နိုင်ရေးဆောင်ရွက်

ကသာ ဇွန် ၁၆

ကသာမြို့ အမှတ်(၇)ရပ်ကွက်အတွင်းရှိ အသက် ၁၀ နှစ်ပြည့်ပြီးသူများ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းက အမှာစကားပြောကြားပြီး ကသာခရိုင်လဝက ခရိုင်ဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ရပ်ကွက်အတွင်းရှိ လူငယ်များလက်ဝယ်ထံပေးအပ်ခဲ့ကြပြီး"သန်းခေါင်စာရင်းကာလက မိုးပွင့်စီမံချက်ကို ယာယီရပ်ဆိုင်းထားခဲ့သော်လည်း ယခုအချိန်မှစကာ အသက် ၁၀ နှစ်ပြည့်ပြီးသူတိုင်း ကိုင်ဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်"ဟု ခရိုင်လဝကမှူးက ပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အတွင်းရှိ မိဘပြည်သူများလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့ နေ့စဉ်နွားနို့သောက်ကြစို့

O.T.S(52) သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

၁။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၂)၏ ကျောင်းဆင်းပွဲ(၃၇)နှစ်မြောက်အဖြစ် ကွယ်လွန်ခဲ့သော သူငယ်ချင်းများအား ရည်စူး၍ ဆွမ်းကပ်အမျှပေးဝေပွဲနှင့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

	နေ့ရက်	နေရာ
ဆွမ်းကပ်အမျှဝေခြင်း	၂၂-၆-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ	သဒ္ဓမ္မမဏ္ဍိုင်ကျောင်း ဝေဇယန္တာလမ်း (Orange SuperMarket အနီး)
မိတ်ဆုံညစာစားပွဲ	၁၇း၀၀ နာရီ	Fu Sun စားတော်ဆက် အမှတ် ၁၆၀၊ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်း

၂။ အခမ်းအနားသို့ မိသားစုနှင့်အတူ(ကွယ်လွန်သူများ၏ ဇနီးနှင့် သားသမီးများအပါအဝင်) တက်ရောက်ကြရန် ဖိတ်ကြားပါသည်။

သန်းငွေ ဖုန်း-၀၉-၅၄၁၄၉၇၁၊ ဘကြည် ဖုန်း-၀၉-၅၀၁၉၂၁၄၊ တင်ဝင်း ဖုန်း-၀၉-၇၃၂၀၇၉၅၅၊ မြင့်သန်း ဖုန်း-၀၉-၄၃၀၈၂၁၉၃

အစည်းအဝေးဖိတ်ကြားခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာ၊ ပညာရေးအဆင့်အတန်း မြင့်မားရေးအတွက် အထောက်အကူပြုနိုင်ရန် ဆွေးနွေးလိုပါ၍ သူရဲသမိန်နွယ်ဖွားများနှင့် စိတ်ပါဝင်စားသူများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဖြစ်မြောက်ရေးအဖွဲ့ **ဆက်သွယ်ရန်**

ကျင်းပမည့်နေ့ရက် - ၂၁-၆-၂၀၁၄(စနေနေ့) ဦးကျင်တီ ဖုန်း-၀၉-၅၀၀၈၄၅၆
ကျင်းပမည့်အချိန် - နံနက် ၁၁း၀၀ နာရီ ဦးမောင်ချစ် ဖုန်း-၀၉၅၀၂၁၄၈၁
ကျင်းပမည့်နေရာ - အမှတ် ၂၇၆၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ချမ်းသာဆောက်လုပ်ရေးရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြစ်ကြီးနားလမ်း၊ မြေကွက်အမှတ် ဥ-၆၀၉၁၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်နော်ပုလဲဖောအမည်ဖြင့်ပိုင်ဆိုင်သောဂရန်မြေကွက်အား ဒေါ်ရွှေစင်ထွန်း ၁၂/သဃက (နိုင်)၁၄၂၁၂၄ (ဘ)ဦးစောတင်လှမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၁၅၆၊ အမည်ပေါက် ဦးညီညီဦး၊ မြေကွက်အမှတ် ၁၄၄ အမည်ပေါက် ဦးမြသောင်း၊ မြေကွက်အမှတ်၁၄၅ အမည်ပေါက် ဒေါ်မြသင်တို့၏မြေကွက်များကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးဇော်မင်းထွန်း ၁၂/ခရန(နိုင်)၀၀၁၅၅၁မှ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း) များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် ၉၅၁ အမည်ပေါက် ဦးမောင်ကျော်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်အိစပယ်အောင် ၁၂/ဒဂတ(နိုင်)၀၂၉၁၄၄မှမြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(၂၄)ကြိမ်မြောက် (၄၅)ရက် တရားစခန်းဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊ မောင်းထောင်မြေဇင်းတောရတိုက်ခွဲ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ ဆရာတော် အရှင်ကေလာသသည် မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၄၅)ရက် တရားစခန်းကို ၁၃၇၆ခုနှစ် ဝါဆိုလပြည့်နေ့(၁၁-၇-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသည့် ယောဂီများသည် ကြိုတင်စာရင်းပေးကာ ထိုနေ့ ထိုအချိန်တွင် လာရောက်ကြပါရန် အသိပေးအပ်ပါသည်။

ဆက်သွယ်ရန်-
အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ
ရုံးဟောင်းလမ်း၊ မြို့ကြီးကုန်းရိပ်သာရပ်ကွက်၊
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၆၂၉၁၅၃၊ ၀၉-၇၃၀၃၅၇၅၇၊
၀၉-၂၀၃၃၃၄၄၊ ၀၉-၇၃၄၉၁၃၃၇

ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်ဖျားကျောင်း၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မပိုင်းဆုပြည့်ကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်ဇင်ဦးဖြစ်ပါကြောင်း။

ဦးကျော်ဇင်ဦး ၁၂/တကန(နိုင်)၁၂၄၂၂၄

အမည်မှန်

သနပ်ပင် အထက တက္ကသိုလ်ဝင်တန်း (A)မှ မထက်ထက်လွင်နှင့် ဆဋ္ဌမတန်း(A) မှ မမြင့်မြင့်မွန်တို့၏ဖခင်အမည်မှန်မှာ ဦးစောမြင့်နောင် ၇/သနပ(နိုင်)၀၉၂၉၇၂ ဖြစ်ပါသည်။ **ဦးစောမြင့်နောင်**

ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၂-၂၀၁၃ ရက် ဤသတင်းစာ၏ စာမျက်နှာ(၂၂)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ တောင်ဥက္ကလာပမြို့နယ် ဒေါ်ရွှေနန်းစီ၏ ဂရန်သစ်တွင် မြေတိုင်းအမှတ်၁၄/၁၊ မြေကွက်အမှတ် ၂၀၆/၁အစား မြေတိုင်းအမှတ် ၁၃/က၊ မြေကွက်အမှတ် ၇၃ဟု ဖတ်ရှုပါရန်။

ရခိုင်ပြည်နယ်အတွင်း ပြည်သူ့စာကြည့်တိုက်များတွင် Public Digital Library Service တပ်ဆင်မည်

စစ်တွေ ဇွန် ၁၆

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ အင်တာနက်တပ်ဆင်ထားရှိသော စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ မောင်တောခရိုင်၊ သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများရှိ ပြည်သူ့စာကြည့်တိုက်များတွင် Public Digital Library Service များကို တပ်ဆင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Public Digital Library Service များတွင် ဗဟုသုတ စုံလင်စွာ လေ့လာဖတ်ရှုနိုင်ရန်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံ ခြောက်ထောင်ကျော် ပါရှိမည်ဖြစ်ကာ မိမိဖတ်ရှုလိုသောစာအုပ်များကို လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။ Public Digital Library Service ကို မိမိ၏ Phone၊ Tablet၊ Notebook နှင့် Laptop များဖြင့် ဖမ်းယူအသုံးပြုနိုင်ရန်အတွက် အသုံးပြုနည်းလမ်းညွှန်များကို သက်ဆိုင်ရာစာကြည့်တိုက်များတွင် ပြသပေးထားမည်ဖြစ်သဖြင့် အဆိုပါအသုံးပြုနည်းများအတိုင်း အလွယ်တကူ ကြည့်ရှုအသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် ဖတ်ရှုရရှိနိုင်သော အကွာအဝေးမှာ အတားအဆီးမရှိပါက မီတာ ၆၅၀ အတွင်း ဖမ်းယူဖတ်ရှုနိုင်မည်ဖြစ်ပြီး WiFi siginal ရရှိသော အကွာအဝေးအတိုင်းဖြစ်ကြောင်း သိရသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူများ ဗဟုသုတတိုးပွားရရှိနိုင်ရေးအတွက် ခရိုင်/မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများတွင် ပြည်သူ့စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်း၊ လူစည်ကားရာနေရာများဖြစ်သည့် ဘုတာရုံ၊ လေယာဉ်ကွင်း၊ ဈေး၊ ရေယာဉ်ဆိပ်၊ ကားဂိတ်၊ ပြည်သူ့ဆေးရုံများတွင် စာပေရေချမ်းစင်များ၊ နံရံကပ်စာပေရေချမ်းစင်များထားရှိပေးသည့်အပြင် ယခု Digital Library များကိုလည်း နည်းလမ်းသစ်တစ်ခုအဖြစ် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဇော်နိုင်ထွန်း (iprd)

ကျောက်ပန်းတောင်းမြို့နယ် ကြံစို့ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်

ကျောက်ပန်းတောင်း ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဆင်တိုင်းကန်ကျေးရွာအုပ်စု ကြံစို့ကျေးရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီ၏အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပံ့ပိုးချေးငွေကိုရယူပြီး လျှပ်စစ်မီးလင်းရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာလျှပ်စစ်မီးလင်းရေး အတွက် လိုအပ်သည့်ငွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပံ့ပိုးချေးငွေကို မီးစတင်အသုံးပြုချိန်မှ ခြောက်လအတွင်း အတိုးအရင်းအားလုံးကို အပြေအကျေ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။

ကြံစို့ကျေးရွာတွင် အိမ်ခြေစုစုပေါင်း ၁၉၆ အိမ်ရှိပြီး မီတာတပ်ဆင်သွယ်တန်းရန် အိမ်ထောင်စု ၁၃၃ ခုက အဆိုပြုထားပြီးဖြစ်ကြောင်း သိရသည်။ လုပ်ငန်းအားလုံးပြီးစီးပြီး ချေးငွေများအပြေအကျေပေးဆပ်ပြီးပါက ကျေးရွာအတွင်းရှိ အမှန်တကယ်ချို့တဲ့ နွမ်းပါးသူများကိုပါ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိစေရေးအတွက် သက်သာသောနှုန်းထားဖြင့် ကော်မတီမှစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မီးသွယ်တန်းမှုလုပ်ငန်းများဖြစ်သည့် တိုင်ထောင်ကြိုးဆွဲခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် မေ ၁၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး မေ ၂၉ ရက်တွင် ထရန်စဖော်မာတပ်ဆင်မှုလုပ်ငန်းပြီးစီးခဲ့ရာ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်သဖြင့် မကြာမီကာလအတွင်း ကြံစို့ကျေးရွာပြည်သူများ လျှပ်စစ်မီးအပြည့်အဝရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

နေအောင်

မိုးစပါးသိပ္ပံနည်းကျ စိုက်နည်းစနစ် လက်တွေ့သရုပ်ပြ

မြစ်ကြီးနား ဇွန် ၁၆

မိုးစပါးသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် GAP စိုက်ပျိုးနည်း လက်တွေ့သရုပ်ပြသခြင်းကို ကချင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဇွန် ၁၄ ရက်က မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာရှိ ဦးရိုဆန်၏ လယ်မြေ ၁၀ ဧက၌ ကျင်းပခဲ့သည်။

သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဆောင်ရွက်ရန် လုပ်ငန်းအဆင့်ဆင့်ကို ဝိုင်းမော်မြို့နယ် မြို့နယ်ဦးစီးမှူး ဦးတီလူးချန်က ရှင်းလင်းတင်ပြပြီး ဝန်ထမ်းများနှင့်တောင်သူများက လက်တွေ့မျိုးစေ့ချပျိုးထောင်ခြင်း ဆောင်ရွက်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

အထက(မိုင်းပွန်)၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကျင်းပ

လွိုင်လင် ဇွန် ၁၆

၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဇွန် ၁၃ ရက်က အထက(မိုင်းပွန်) သမာဓိခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံးက ကြီးမှူးကျင်းပခဲ့သည်။

အထက(မိုင်းပွန်) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းက ယနေ့ကျောင်းသားလူငယ်များသည် နောင်တစ်ချိန်တွင် အနာဂတ်နိုင်ငံတော်တည်ဆောက်ရာတွင် တန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရန်လည်းကောင်း၊ လမ်းမှား၍ မူးယစ်ဆေးဝါးနွံအတွင်းသို့ မရောက်မိစေရန်လည်းကောင်း ကမ္ဘာ့လူသားအားလုံးကို ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်တိုက်ဖျက်ကြရန်ရည်ရွယ်၍ မူးယစ်ဆေးဝါးတားဆီးကာကွယ် တိုက်ဖျက်ရေး ဟောပြောပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး မိုင်းပွန်ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်မြင့်အောင်က "ဘဝတန်ဖိုးမြင့်တက်ဖို့ မူးယစ်ဆေးဆိုရှောင်ကြစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းဆိုင်စိန်က "ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆိုရှောင်ကြစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လွိုင်လင်ခရိုင်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်နီလာလွင်က "ကျောင်းသားလူငယ်များနှင့်မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြသည်။ ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပညာပေးပြခန်း၊ နံရံကပ်စာစောင်၊ ပန်းချီ၊ ပိုစတာများအား ကြည့်ရှုလေ့လာကြသည်။

အဆိုပါဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အထက(မိုင်းပွန်)ကျောင်းမှ ဆရာ ဆရာမများ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

သတင်းတို

ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

နွားထိုးကြီး ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ကန်ကြီးကျေးရွာရှိ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇွန် ၁၂ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ နွားထိုးကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအရာရှိများနှင့်ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံရွာသူ ရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

တင့်လွင်ဦး(နွားထိုးကြီး)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဗိုလ်မှူးတင်လှိုင်-ဒေါ်ခင်မျိုးသန့်တို့၏ သားငယ် **မောင်ဇင်မျိုးတင် ဆဒ၈-၁၁၉ (ခြောက်ဘာသာဂုဏ်ထူး) (ဘာသာစုံဂုဏ်ထူး)**ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် ဘွားဘွားနှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

ဘွားဘွား	-	**ဒေါ်ကြည်အောင်**
ဘဘ	-	**ဦးအုံးကြိုင်-ဒေါ်ခင်စန်းရီ**
ဘဘ	-	**ဦးသန်းရွှေ-ဒေါ်တင်တင်ဝင်း**
အန်တီကြီး	-	**ဦးသောင်းထွန်း-ဒေါ်ခင်မြင့်မြင့်**
ဦးဦး	-	**ဦးယဉ်ထွန်း-ဒေါ်မြင့်မြင့်သီ**
အန်တီငယ်	-	**ဦးငြိမ်းအောင်-ဒေါ်တင်တင်ယု**

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မဏိရတနာကျောက်စိမ်းခန်းမ (နေပြည်တော်)တွင် အသုံးပြုရန်လိုအပ်သော 1000 KVA ဂျင်နရေတာ တစ်လုံးဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်**	-	၁၆-၆-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်**	-	၂၇-၆-၂၀၁၄ ရက် ၁၂း၀၀နာရီ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ**	-	မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း(ရုံးချုပ်) ရန်ကုန်

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရုံးချုပ်)ရန်ကုန်၊ ဖုန်း-၀၁-၂၃၀၀၁၅၉နှင့် ၀၁-၂၃၀၀၁၆၀ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

အမည်ပြောင်း

ဦးအောင်နိုင်သူ၏သမီး မြောင်းမြမြို့ အထက(၁) ဆဋ္ဌမတန်း(D)မှ မမေသူမျက်ချယ်အား မအိဖြူမြင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/4679 Kaung Htet Myanmar Service Co.,Ltd. ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းလင်း ၁၄/လမန(နိုင်)၀၇၃၄၂၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈/၉၁၆၃ DONG FENG Dump Truck (6x4) L.H.D ယာဉ်လက်ဝယ်ရှိသူ ဧရာရွှေဝါကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (စက်မှုဇုန်) ၄လမ်း၊ အမှတ်(၆၁)မြေကွက်နှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (စက်မှုဇုန်) ၄ လမ်း၊ အမှတ် ၆၃ နေ ဦးဗိုလ်စိန်(ခ)ဦးဘိုစိန်၏ ညွှန်ကြားချက်အရ အသိပေးကြေညာသည်မှာ ဖော်ပြပါ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (စက်မှုဇုန်) ၄ လမ်း၊ အမှတ်၆၁ မြေကွက်သည် မြေဂရန်တရားဝင်အမည်ပေါက်သူမှာ ဦးဗိုလ်စိန်(ခ)ဦးဘိုစိန်ဖြစ်ပြီး မိမိပိုင်အမည်ပေါက်ဂရန်မြေကွက်အား ပြန်လည်ရယူရန် ဆောင်ရွက်လျက်ရှိပြီး ယင်းကာလအတွင်း မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းခြင်းတစ်စုံတစ်ရာ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုသူ၏တာဝန်သာဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးရဲဝဏ္ဏဖြိုး **LL.B, D.B.L, D.I.L**
အထက်တန်းရှေ့နေ(စဉ်-၃၂၅၃၆)
အမှတ်၁၇၈၊ ငါးလွှာ၊ အနော်ရထာလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွာ၆၀ တွင် ဆိုလာစနစ်ဖြင့် မီးလင်းအောင်ဆောင်ရွက်မည်

မုံရွာ ဇွန် ၁၆

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးမရသေးသောကျေးရွာများတွင် မီးရရှိရေးအတွက် Central Solar System သုံး ဆိုလာမီးလင်းရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၃ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လူမှုစီးပွားရန်ပုံငွေ၏ အထောက်အပံ့ဖြင့် ဒေသတွင်းရှိကျေးရွာ ၆၀ အတွက် ဆိုလာအစုံ ၆၀ ကို အခမဲ့ထောက်ပံ့ပေးခြင်းဖြစ်ကာ အိမ်ခြေပေါင်း ၃၆၀၀ မီးလင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ Central Solar System များကို ကျေးရွာစာကြည့်တိုက်များတွင် ထားရှိပြီး ကျေးရွာများတွင် မီးအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ Central Solar System မီးလင်းရေးစနစ်မှာ အိမ်ခြေ ၁၀အိမ်၊ အိမ် ၂၀၊ အိမ်ခြေ ၄၀ သို့မဟုတ် အိမ်ခြေ ၆၀ အတွက် (၈၀/၁၃၀/၂၀၀ Watt) ဆိုလာဖြင့် နေ့အချိန်အားသွင်း၍ ညအချိန်အသုံးပြုသည့် စနစ်ဖြစ်ပြီး Solar Pannel (၁၃၀/၂၀၀ Watt) ဆိုလာပြားနှစ်ချပ်ကို 30 Unit Joint Box နှစ်လုံးဖြင့်ဆက်၍ Multi-Smart Lamp အလုံး ၆၀ တပ်ဆင်ထားရှိသဖြင့် အိမ်ခြေ ၆၀ အတွက် မီးလင်းနိုင်မည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးတို့အတွက် အရေးကြီးလုပ်ငန်းတစ်ခုဖြစ်သည့် လျှပ်စစ်ဓာတ်အားမရရှိသေးသော ကျေးလက်ဒေသများတွင် မီးလင်းရေးလုပ်ငန်း စီမံချက်အတွက် ဆိုလာသုံးမီးလင်းရေးပစ္စည်းများကို တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

ဖိုးချမ်း

နာရေးကူညီမှုအသင်းသို့ လူနာတင်ယာဉ်လှူဒါန်း

ကျိုက်ထို ဇွန် ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့စံနိုင်ရပ်ကွက် နာရေးကူညီမှုအသင်းသို့ ဆံတော်ရှင်ကျိုက်ထီးရိုးရင်ပြင်တော်ကျောင်းမှ ဆရာတော် ဘဒ္ဒန္တနန္ဒမာလာက အရေးပေါ်လူနာတင်ယာဉ်တစ်စီးနှင့် ဖုန်းတစ်လုံးကို ဇွန် ၁၂ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ကျိုက်ထီးရိုးဆရာတော်က ခမည်းတော် မယ်တော်တို့အား အမှူးထား၍ ခုနစ်ရက်သားသမီးများ ကောင်းမှုအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း မိန့်ကြားပြီး အရေးပေါ်လူနာတင်ယာဉ်၊ ယာဉ်ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့် ဖုန်းတစ်လုံးကို ကော့စံနိုင်ရပ်ကွက် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးဟန်ဝင်းမြတ်နှင့်အဖွဲ့ထံသို့ လှူဒါန်းခဲ့သည်။ လှူဒါန်းသည့် ပစ္စည်းတန်ဖိုးများမှာ အရေးပေါ်လူနာတင်ယာဉ်တန်ဖိုး ငွေကျပ် ၅၃၇၃၀၀၀ နှင့် ဖုန်းတန်ဖိုးငွေကျပ် ၁၀သိန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၆၃၇၃၀၀၀ ဖြစ်ကြောင်း သိရသည်။

(၅၃၇)

ဆီဆိုင်မြို့နယ်မှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

ဆီဆိုင် ဇွန် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်တွင် မေ ၂၉ ရက်က တိုက်ခတ်သည့် လေပြင်းဒဏ်ခံခဲ့ရသော လေဘေးသင့်အိမ်ထောင်စုများအား ဆီဆိုင်မြို့နယ် ကြက်ခြေနီအသင်းခွဲက ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဇွန် ၁၁ ရက်က ပေးအပ်ခဲ့သည်။

ဆီဆိုင်မြို့နယ်အတွင်းရှိ ပါလောပါကယ်ကျေးရွာအုပ်စု ခြောက်လောင်းကျေးရွာ၊ ကန့်ကော်ကျေးရွာ၊ ဘုရာကျိန်ကျေးရွာနှင့် ကုံလောကျေးရွာတို့တွင် မေ ၂၉ရက် နံနက် ၃ နာရီခန့်က ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိမ်ထောင်စု ၂၃ စု၏ လူနေအိမ်များ အမိုးလန်၊ ပြိုကျပျက်စီးခဲ့သည်။ လေဘေးသင့်အိမ်ထောင်စုများအတွက် ကြက်ခြေနီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း(ခွဲ)ကလည်းကောင်း အိမ်အမိုးသွပ်အချပ် ၁၀၀ ကို သူရိယနဂါးအား မာန်ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်နိုင်ကလည်းကောင်း၊ အလှူငွေကျပ် ၁၀ သိန်းကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကလည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ ဆီဆိုင်မြို့နယ် နားသံကျေးရွာအုပ်စု နားသံကျေးရွာ၌ ဇွန် ၄ ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်၍ ထိခိုက်ပျက်စီးခဲ့သော အိမ်ခြေ ၂၃ လုံးအတွက်လည်း ကြက်ခြေနီပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

အခွန်အကောက်ဥပဒေဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

မူဆယ် ဇွန် ၁၆

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် အခွန်အကောက်ဆိုင်ရာ ဥပဒေပြောင်းလဲခြင်းနှင့် အခွန်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၄ ရက်က ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့နယ် မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

မူဆယ်မြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ပြည်တွင်းအခွန်များဦးစီးဌာန ရှမ်းပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ညွှန့်က ပြည်ထောင်စုအခွန်အကောက်ဆိုင်ရာဥပဒေနှင့် အခွန်ဆိုင်ရာ ဥပဒေပြုပြင်ပြောင်းလဲမှုများကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။ တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများအား ဝင်ငွေခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုများနှင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေတို့ကို လက်ကမ်းကြော်ငြာများ ဝေငှပေးခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ခရိုင်လဝကမှူး ဦးဝင်းကိုတို့က မေးမြန်းသော မေးခွန်းများကို ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ညွှန့်က ပြန်လည်ဖြေကြားပေးခဲ့သည်။

အခမ်းအနားသို့ မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က တက်ရောက်အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခွန်ထမ်းပြည်သူများ စုစုပေါင်း၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အယ်လ်စိုး (iprd)

သီးနှံပင်များ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောပွဲကျင်းပ

ရပ်စောက် ဇွန် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့တွင် စပါးသီးနှံတွင်ကျရောက်တတ်သည့် ပိုးမွှားရောဂါအန္တရာယ်ကာကွယ်ရေး၊ ကြွက်အန္တရာယ်ကာကွယ်နှိမ်နင်းရေး၊ ဘက်စုံသီးနှံရောဂါကာကွယ်ရေး၊ ပိုးသတ်ဆေးစနစ်တကျသုံးစွဲရေးနှင့် ပေါင်းသတ်ဆေး စနစ်တကျသုံးစွဲရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၃ ရက်က ကျင်းပသည်။ ဟောပြောပွဲတွင် တောင်ကြီးခရိုင် သီးနှံကာကွယ်ရေးဌာနမှဝန်ထမ်းများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်လှလှနွယ်တို့က ဟောပြောကြပြီး တောင်သူ ၅၀ တက်ရောက်နားထောင်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

မွေးမြူရေးချေးငွေ ပေးအပ်ပွဲကျင်းပ

ရပ်စောက် ဇွန် ၁၆

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ၂၀၁၄ခုနှစ် မွေးမြူရေးချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ရပ်စောက်မြို့နယ်နှင့် အင်တောမြို့နယ်(ခွဲ)အတွင်းရှိ ကျေးရွာ ခြောက်ရွာသို့ တစ်ရွာလျှင် ငွေကျပ် သိန်း ၅၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၃၀၀ကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူးက ပေးအပ်ရာ ကျေးရွာတစ်ရွာချင်းအလိုက် မွေးမြူရေးတောင်သူများက လက်ခံရယူခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နေ ဆွေမျိုးများနှင့် အများပြည်သူတို့သိစေရန် သတိပေးကြေညာခြင်း

၁။ ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ၇×၈ ဦးပြုံးချိုလမ်း၊ အမှတ် ၇၅နေ ဦးသန်းဌေး၏ သမီးများဖြစ်ကြသည့် ဒေါ်အိအိခင်၁၄/ကလန(နိုင်)၀၈၀၁၉၂နှင့် ဒေါ်မူမူခင် ၁၄/ကလန(နိုင်)၀၈၀၁၉၁တို့၏ အထူးအာဏာကုန် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

၂။ ၁-၁၂-၂၀၀၆ ရက်တွင် ကျိုက်လတ်မြို့နယ် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင် စာချုပ်အမှတ် ၁၉/၂၀၀၆ ဖြင့် ကျိုက်လတ်မြို့နေ အဒေါ်အရင်းဖြစ်သူ ဒေါ်ဌေးဌေးကြည်က ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော တူမအရင်းများဖြစ်သူ ဒေါ်အိအိခင်နှင့် ဒေါ်မူမူခင်တို့ညီအစ်မအား ချစ်ခင်စုံမက်နှစ်သက်ပါသောကြောင့် အမွေစားအမွေခံကတ္တိမသမီးအဖြစ် မွေးစားခြင်း စာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး အမွေဆက်ခံ ပိုင်ခွင့်ရှိသော ကိတ္တိမသမီးများအဖြစ် မွေးစားခဲ့ပါကြောင်း ကျိုက်လတ်မြို့နေ ဆွေမျိုးများနှင့် အများပြည်သူတို့သိစေရန် ကြေညာအပ်ပါသည်။

၃။ အထက်အမည်ပါ မွေးစားမိခင် ဒေါ်ဌေးဌေးကြည်မှာ ကွယ်လွန်ခဲ့ပြီးဖြစ်ပါသောကြောင့် ၎င်း၏ကျန်ရစ်ခဲ့သောအရပ်ရပ်ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံးသည် ကွယ်လွန်သူဒေါ်ဌေးဌေးကြည်၏ ကျန်ရစ်သူကိတ္တိမသမီးများဖြစ်ကြသော ဒေါ်အိအိခင်နှင့် ဒေါ်မူမူခင်တို့ ညီအစ်မကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံ ပိုင်ဆိုင်ခြင်းဖြင့် ဆက်လက်၍ အမွေဆက်ခံခွင့်ရှိပြီး အခြားဆွေမျိုးများနှင့် ပတ်သက်စပ်ဆိုင်ခြင်းမရှိပါကြောင်း သတိပေးကြေညာအပ်ပါသည်။

၄။ ထို့အပြင် ကျိုက်လတ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ၇×၈ ဦးပြုံးချိုလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၊ ဈေးပိုင်း၊ ဦးပိုင်အမှတ် ၁၇၆၊ အငှားဂရန်မြေပေါ်တွင် ဆောက်လုပ်ထားခဲ့သော လေးပင်၊ သုံးခန်း၊ နှစ်ထပ်၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း လူနေအိမ်တစ်လုံး၏အမည်ပေါက် တရားဝင်ပိုင်ရှင်မှာ ကွယ်လွန်သူမွေးစားမိခင်ဒေါ်ဌေးဌေးကြည်ဖြစ်ပါသောကြောင့် ၎င်းကွယ်လွန်ခဲ့သောအခါတွင် ထိုမြေနှင့်အိမ်အား ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဒေါ်အိအိခင်နှင့် ဒေါ်မူမူခင်တို့ ညီအစ်မကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံ၍ လက်ဝယ်လက်ရောက် ပိုင်ဆိုင်ထားပါကြောင်း သတိပေးကြေညာအပ်ပါသည်။

၅။ သို့ပါ၍ ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဒေါ်အိအိခင်နှင့် ဒေါ်မူမူခင်တို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကွယ်လွန်သူဒေါ်ဌေးဌေးကြည်၏ ကျန်ရစ်ခဲ့သော အရပ်ရပ်ပစ္စည်းအားလုံးကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ အဓမ္မကျူးကျော်ဝင်ရောက်နေထိုင်ခြင်းနှင့် အမွေတောင်းခံခြင်းတို့မပြုလုပ်ရန် တားမြစ်လိုက်ပြီး တားမြစ်ချက်ကို ဆန့်ကျင်ဖောက်ဖျက်ပါက သက်ဆိုင်ရာစီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတော်များ၌ ရာဇဝတ်ကြောင်းအရ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုများဖြင့်လည်းကောင်း၊ တရားမကြောင်းအရ တရားမကြီးမှုများဖြင့်လည်းကောင်း၊ ပြင်းထန်ထိရောက်စွာဖြင့် တရားစွဲဆိုအရေးယူခံရလိမ့်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

သစ္စာရှိစွာဖြင့်

ဦးကျော်ဆန်း
LL.B, D.A, Advocate
တရားလွှတ်တော်ရှေ့နေ ၃၂၅၉/၈၅
အမှတ် ၇၀၊ ၆×၇ ဦးပြုံးချိုလမ်း၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်လတ်မြို့၊
ဖုန်း-၀၉-၄၉၂၉၃၁၃၅

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ကံ့ကော်မြိုင်လမ်း၊အမှတ်၉၇/A ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၃/၇၁၊ မြေဧရိယာ ၄၆ပေ/၄၁ပေ၊ ၄၃ ပေ/၃၈ ပေ ဧကရှိ ဂရန်သစ်လျှောက်ထားဆဲမြေကွက်ကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မိုးမိုးသန့် ၁၂/ပဘတ(နိုင်)၀၀၅၆၈၀ မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B — **ဒေါ်လှလှခိုင် LL.B**
တရားလွှတ်တော်ရှေ့နေ(၄၃၇၃) — **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**
အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁(A) ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ငွေအရင်းအနှီး ၂၅သိန်းရှိရုံဖြင့် သင်ကိုယ်ပိုင်စီးပွားဖြစ်လုပ်ငန်းတစ်ခုစတင်နိုင်ပြီဖြစ်သည်။
လက်ရှိအသုံးပြုနေသော ဘူးမှုတ်စက်၊ ကျူ့ထုတ်စက်နှင့် ကွန်ပရက်ဆာများ ရောင်းရန်ရှိသည်။
စက်အသုံးပြုနည်းကိုပါ သင်ကြားပေးမည့်အပြင် customer များနှင့်ပါ မိတ်ဆက်ပေးမည်ဖြစ်သည်။
စိတ်ဝင်စားပါက ဆက်သွယ်ရန်-ဖုန်း-၀၉-၄၃၁၉၈၄၅၂

SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါသလား။ SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက်ငွေပေးချေသည်။ ပွဲခလုံးဝမယူပါ။

ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၃၃၃၃၅၁၄၊ ၀၉-၇၃၁၁၉၀၉၉

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၄၊ မြေကွက်အမှတ် ၆၅၄၊ မြေကွက်တည်နေရာအမှတ် ၆၅၄၊ ပြည်သာယာလမ်း၊ (၁၆/၄)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဒေါ်လှသင် ၁၂/သဃက(နိုင်)၀၂၅၇၆၅အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှသင်(မိခင်)နှင့် ဦးရာမ (ဖခင်)တို့ကွယ်လွန်သဖြင့် (၁)ဦးမြင့်ဦး ၁၂/မရက(နိုင်)၁၂၄၁၂၈၊ (၂)ဦးမြင့်ထူး ၁၂/သဃက(နိုင်)၁၁၈၀၆၅၊ (၃)ဦးမြင့်အေး ၁၂/ကမတ(နိုင်)၀၅၇၄၅၄၊ (၄)ဦးမြင့်သိန်း ၁၂/သဃက(နိုင်)၁၁၈၇၆၁၊ (၅)ဦးမြင့်ဝင်း ၁၂/သဃက(နိုင်)၁၃၇၉၉၁၊ (၆)ဦးမြင့်ခင် ၁၂/မရက (နိုင်)၁၂၆၉၃၈၊ (၇)ဦးမြင့်လွင် ၁၂/သဃက(နိုင်)၁၃၃၆၅၇၊ (၈)ဒေါ်မြင့်မြင့်ထွေး ၁၂/သဃက(နိုင်) ၁၃၃၆၀၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် GP No.၉၆၆၂နှင့် ၉၃၈၂ရသူ ဒေါ်မြင့်မြင့်ထွေး ၁၂/သဃက(နိုင်)၁၃၃၆၀၅ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၆၆ ကေဗွီဓာတ်အားလိုင်းများအတွက် လိုအပ်သော (၁၂)မီတာနှင့် (၁၅)မီတာ ကွန်ကရစ်ကျောက်တိုင်များအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၆-၆-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၃၀-၆-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၈၂

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ **၂၀၁၄ ခုနှစ် မေလ သုံးစွဲကာလ**အတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	ပြည်နယ်/ တိုင်းဒေသကြီး	တယ်လီဖုန်း အမျိုးအစား	နောက်ဆုံးအခွန်ငွေ ပေးသွင်းရမည့်ရက်
၁။	နေပြည်တော်၊ရန်ကုန်၊မန္တလေး၊ စစ်ကိုင်း၊မကွေး၊ကချင်၊ကရင်၊ ကယား၊ ဧရာဝတီ၊ မွန်၊ ပဲခူး(အရှေ့/အနောက်)	Auto နှင့် Mobile ဖုန်းများ E-mail, ADSL, MPT Satellite	၂၅-၆-၂၀၁၄
၂။	ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) ချင်း၊ ရခိုင်၊ တနင်္သာရီ	Auto နှင့် Mobile ဖုန်းများ E-mail, ADSL MPT Satellite	၂၇-၆-၂၀၁၄

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးအောင်မင်းလှိုင် (ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန)-ဒေါ်ကြည်ကြည်တင့်တို့၏သား **မောင်ထက်ဝေယံလှိုင်(ခ)ကိုထူး**သည် ခုံအမှတ် ဆကရ(၁၂၅၃) အထက(၅)ကမာရွတ်မှ ခြောက်ဘာသာ(ဘာသာစုံ) ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

ရန်ကုန်၊ တောင်ကြီး၊ ဟဲဟိုးမြို့များမှ
အဘိုး၊ ဦးကြီး၊ ဦးငယ်၊ အဒေါ်များနှင့်
မမြင့်မြတ်နိုးပြည့်

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း(ကလေးမြို့)

ကလေးမြို့နယ်၊ စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဝင် ဦးပုန်ဇကမ်း တပ်မတော် (လေ/ငြိမ်း)နှင့် ဒေါ်နိန်ခေါ်မ်မာန်တို့၏သမီး **မကျိန်ဗန်းဟောက်** (Lia Cing Ban Hau) သည် ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ် စက-၆၇၄ အထက(၃)၊ ရွှေလမင်းဘော်ဒါဆောင် ကလေးမြို့မှ ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

စည်းရုံးရေးကော်မတီဝင်များ
ကလေးမြို့နယ်၊ စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ

မဟာရိုးမအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ အသိပေးကြေညာခြင်း

မဟာရိုးမအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Mahar Yoma Public Co.,Ltd.)ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက်အမှတ် ၃၅၆/၂၀၁၄-၂၀၁၅(၂၅-၄-၂၀၁၄) ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား အသိပေးကြေညာအပ်ပါသည်။

ကုမ္ပဏီရုံးခန်းတည်နေရာ

အမှတ် ၁၁/၁၂၊ ဗဟိုစည်အိမ်ရာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

ဤအများနှင့်သက်ဆိုင်သောကုမ္ပဏီသည် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့်အညီ ကျေးလက်ဖြူဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်ရန်၊ ဆိပ်ကမ်းလုပ်ငန်းများ ရင်းနှီးမြှုပ်နှံခြင်းနှင့် ဆိပ်ကမ်းတည်ဆောက်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားလုပ်ငန်းများအား ရင်းနှီးမြှုပ်နှံခြင်းနှင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်မှခွင့်ပြုသည့်အခြားသောစီးပွားရေးကဏ္ဍများတွင်လည်း လုပ်ငန်းများကိုလုပ်ဆောင်ရန် ရည်ရွယ်၍ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။

အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်း (ကျပ်၁၀၀၀၀) သတ်မှတ်ထားပြီး အများပြည်သူ၏ အစုရှယ်ယာများကို မကြာမီကာလအတွင်း ဥပဒေနှင့်အညီ ဖိတ်ခေါ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ်

၁၉၈၈ မှ ၁၉၉၅အတွင်း မည်သည့်အတန်းတွင်မဆို ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် ဆရာကန်တော့ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သည့်အတန်းတွင်မဆို ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများမှ အောက်ပါဖုန်းများသို့ ဆက်သွယ်ကြပါရန် လေးစားစွာအသိပေးအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၉-၄၃၀၅၆၀၀၂၊ ၀၉-၄၉၂၂၀၄၉၀၊ ၀၉-၅၀၇၅၄၁၅၊ ၀၉-၄၃၃၇၃၃၃၃၊ ၀၉-၂၅၀၄၂၉၉၉၆၊ ၀၉-၄၂၀၀၇၂၀၇၄၊ ၀၉-၄၅၀၁၃၂၉၈၊ ၀၉-၃၀၀၄၅၂၂၁၊ ၀၉-၃၁၂၇၈၂၈၀၊ ၀၉-၄၃၁၁၉၉၁၂၊ ၀၉-၇၃၀၅၅၂၁၇

အမည်ပြောင်း

အထက(၆) အလုံ စတုတ္ထတန်း (A)တွင် ပညာသင်ကြားနေသော မအင်ကြင်းငယ်အား မအင်ကြင်းမေဟု ပြောင်းလဲခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၈၁၇၂ DOMG FENG Dump Truck (6x4) L.H.D ယာဉ်လက်ဝယ်ရှိသူ ဧရာရွှေဝါကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ
(ရွာသာကြီး)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/သမိုင်း၊ မြေကွက်အမှတ် ၁/က (အစိတ်အပိုင်း)၊ပေ(၂၀×၅၀)၊ မြေကွက်တည်နေရာအမှတ် ၅၆/က၊ တပင်ရွှေထီးလမ်း၊သမိုင်း(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်နှင်းဇီ)အမည်ပေါက် မြေပိုင်မြေ အိမ်ရာမြေမြေအား၊ အမည်ပေါက်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်စန်းစန်းနွဲ့မှ (တရားလို)ပြုလုပ်ပြီး မရမ်းကုန်းမြို့နယ် တရားမရုံး တရားမမှုအမှတ် (၄၇/၂၀၁၃) ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ဒေါ်နှင်းဇီ၊ ဦးကျော်စိန်၊ ဒေါ်မြမေတို့အား (တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိလာပါသည်။ ဇာရီမှုအမှတ် ၅/၂၀၁၄ ဖြင့် တရားရုံးကိုယ်စား၊ တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ(ဘီလစ်)မှ တရားရုံးအထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၅ဒီ၊ မြေကွက်အမှတ် ၄၇-၃၉/၂၀အေ ၇၊ မြေကွက်တည်နေရာအမှတ် ၄၅၊ ပြည်ထောင်စုလမ်း၊ ဗဟန်းမြို့နယ် [ဦးဘသန်း(ခ)ဦးဟန်ဂျိုး] အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်(ဖခင်) ဦးဘသန်း(ခ)ဦးဟန်ဂျိုးနှင့် (မိခင်)ဖြစ်သူ CHI TOKE KYAINတို့ ကွယ်လွန်သဖြင့်(၁) ဂိရိ(ခ) မခင်မြင့် ၁၂/ လမတ(နိုင်)၀၂၉၂၈၄၊ (၂) ဦးဂျီကိုင်း(ခ)မောင်ဝင်း ၁၂/ဒဂန(နိုင်) ၀၂၆၁၁၄၊ (၃) ခူဂေးလင် (ခ) မခင်အေး ၁၂/ ဗဟန(နိုင်)၀၇၉၉၂၈၊ (၄)မခင်ဌေး(ခ) ကိုဂေအိုင် ၁၂/လမတ(နိုင်)၀၂၃၅၄၆၊ (၅) ကိုဂေဖိန်(ခ)ဒေါ်ခင်ကြည် ၁၂/ဗဟန(နိုင်) ၀၇၉၉၂၉၊ (၆)ဦးမောင်မင်း(ခ)ဂေမင်း ၁၂/ဒဂန(နိုင်)၀၂၁၇၅၉၊ (၇)ကိုဂေဘီ(ခ) ဒေါ်ဝင်းဝင်းသန်း ၁၂/ဗဟန(နိုင်)၀၇၉၉၃၁ တို့က သားသမီးအရင်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ဦးလှမောင်၊ ဒေါ်ခင်ရွှေနှင့် အများသိစေရန်ကြေညာချက်

ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ မြို့မ(၁)ရပ်ကွက်ရှိ အရှေ့လားသော် ရေတွင်းလမ်းကြား၊ အနောက်လားသော် ပဲခူးလမ်း၊ တောင်လားသော်-ဂျေးကူးမား၊ မြောက်လားသော်- မာမူကြီး၊ အလားလေးရပ်အတွင်းရှိ ခြံမြေကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဇေယျာဝတီမြို့၊ တောင်ပိုင်းရပ်နေ ဦးတင်စိုး (ဘ)ဦးပုကြီးမှ ပဲခူးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၃၉/၁၉၇၅တွင် (၂၈-၄-၁၉၇၈)ရက်က ချမှတ်သောအမိန့်အရ အိမ်ခြံမြေပိုင်ရှင်ဖြစ်ကြောင်း ထင်ရှားပြီးဖြစ်၍ ဦးတင်စိုး၏ သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အတိအလင်းလွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်စိုး	ဒေါ်စန္ဒီအောင်	ဦးယုနီယံပြည့်ဖြိုးအောင်
LL.B	LL.B	LL.B
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၂၀၁၄၇)	(စဉ်-၂၈၈၈၇)	(စဉ်-၉၂၃၀)
လမ်းမတန်း၊ ကျိုက်လတ်မြို့	မြို့မ(၁)ရပ်၊ ဇေယျာဝတီမြို့၊	ရွာမ ၂ လမ်း၊
ဖုန်း-၀၉-၄၂၅၃၃၃၀၄၃၊	ဖုန်း-၀၉-၄၂၈၀၁၇၂၃၅	ညောင်ပင်သာမြို့၊
		ဖုန်း-၀၉-၄၂၈၁၁၅၈၉၉

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၇၀၃ အမည်ပေါက် ဦးခင်ဝင်း၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးမြရွှေ ၁၂/ကတန (နိုင်)၀၀၈၈၁၁မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၅၇၀/ခ၊ မြေကွက်တည်နေရာအမှတ် ၅၇၀/ခ၊ ၆ လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်နီနီ(ခ)ဒေါ်အုန်းရီ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်နီနီ (ခ) ဒေါ်အုန်းရီ CF-၀၆၃၅၈၁ က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက် တို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန် မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လျှပ်စစ်ဓာတ်အားသုံးလျှင်

၁။ ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများ လဲလှယ်ပေးပါ။
၂။ လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
၃။ လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်)လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
၄။ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။
၅။ လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
၆။ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

မီးသတ်ဦးစီးဌာန

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၈/၈၊ မြေကွက်တည်နေရာအမှတ် ၃၇စီ၊ ဇေယျမင်္ဂလာ ၁လမ်း၊ (၁)ရပ်ကွက်၊ ဦးညွန့်သိန်း အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက်ခင်ပွန်းဦးညွန့်သိန်း ကွယ်လွန်သဖြင့် ဒေါ်ခင်ကြည် ၇/ပခန(နိုင်)၀၂၂၁၇၈ က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၅(စက်မှု)၊ မြေကွက်အမှတ် ၁၆၊ မြေကွက်တည်နေရာအမှတ် ၁၆၊ ကင်းဝန်မင်းကြီးလမ်း၊ တညင်းကုန်းရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဒေါ်ပွဲ့နန်း+၁)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်ပွဲ့နန်း+၁ [၁/မညန(နိုင်)၀၂၃၁၅၁] က ၂၀၀၉ ခုနှစ် အရောင်းမြေပုံပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဒေါ်ခင်မြင့်မြင့်
အသက် (၆၃)နှစ်

ဒီနေ့ ၁၇-၆-၂၀၁၄ ရက်မှာ မေမေသမီးကိုခွဲခွာသွားခဲ့တာ တစ်နှစ်တောင်ပြည့်ခဲ့ပေမယ့် သမီးရင်ထဲမှာ တစ်နေ့မှ မမေ့နိုင်ပါဘူး မေမေ။

ဒီနေ့ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို မေမေ့အတွက် အမျှ-အမျှ-အမျှလို့ ပေးဝေပါတယ်။

မေမေ မြင့်မြတ်တဲ့ဘုံဘဝသို့ရောက်ရှိပြီး ရည်စူး၍ လှူဒါန်းခဲ့သော အလှူဒါနများအား ကြားနိုင်၊ မြင်နိုင်၊ သိနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်သမီးလတ်- ခိုင်သန္တာဌေး

အထူးဝမ်းနည်းကြေကွဲခြင်း

ချင်းတွင်းအသင်း (ရန်ကုန်)၊ အတွင်းရေးမှူး ဦးမြင့်ဆွေ၏ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးရွှေဝင်း(ခ)ဦးဝင်း (အသင်းဝင်)သည် ၁၃-၆-၂၀၁၄ ရက် ည ၉း၄၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ချင်းတွင်းအသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ဦးထင်ဇော် (M.O.G.E)
အမှုဆောင်ဘူမိဗေဒအရာရှိ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
အသက် (၅၉)နှစ်

အလက (၃) ရန်ကင်းမှ အလယ်တန်းပြဆရာမ ဒေါ်ရီရီညွန့်၏ခင်ပွန်း ဦးထင်ဇော်သည် ၁၁-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ
အလက(၃)ရန်ကင်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးသိန်း (သူနာပြုအုပ်)
အသက် (၅၄)နှစ်

ပဲခူးအထွေထွေရောဂါကုဆေးရုံကြီးမှ သူနာပြုအုပ် ဒေါ်အေးသိန်း အသက်(၅၄)နှစ်သည် ၁၁-၆-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ပဲခူးအထွေထွေရောဂါကုဆေးရုံကြီးမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးသိန်း (သူနာပြုအုပ်)
အထွေထွေရောဂါကုဆေးရုံကြီး (ပဲခူး)
အသက် (၅၄)နှစ်

မာမီ

မမျှော်လင့်ဘဲ ၁၁-၆-၂၀၁၄ ရက်တွင် ရုတ်တရက်ခွဲခွာသွားတာ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။ မာမီ ကောင်းရာသုဂတိလားပါစေ။

ကျောင်းအုပ်၊ ဆရာမများ၊ ဝန်ထမ်းများနှင့် သင်တန်းသူများ
ပဲခူးသားဖွားသင်တန်းကျောင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မျိုးအောင် အသက် (၄၄)နှစ်သည် ၁၃-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Founder များ
Trust Myanmar Development & Services Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သီရိခက်၏ခင်ပွန်း ဦးတင်မျိုးအောင် အသက် (၄၄)နှစ်သည် ၁၃-၆-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုမင်းမော်ဟိန်း
မန်နေဂျင်းဒါရိုက်တာ
Trust Myanmar Development & Services Co., Ltd.

၁၀-၆-၂၀၁၄ ရက်စွဲပါ ဒေါ်ခင်တုတ်၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေများဖြစ်သော ဒေါ်မြတ်မြတ်စုနှင့် ဒေါ်ခင်သန္တာဖြူတို့၏ ၂၆-၅-၂၀၁၄ ရက်စွဲပါ ကြေညာချက်အရ ထပ်မံရှင်းလင်းကြေညာခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၄/ဈရပ်ကွက်၊ ရာဇာဓိရာဇ် ၂လမ်း၊ အမှတ် ၁၂၀၃တွင်နေထိုင်သူ ဒေါ်နှောင်းဝသန် ၁/ဗမန(နိုင်)၀၄၆၇၂၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်ခင်တုတ်နှင့် ဒေါ်နီနီဝင်းတို့ ယခုနေထိုင်လျက်ရှိသော ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၃၀၈-က နှင့် ၃၀၈-ခ ဟုခေါ်တွင်သော ပေ(၂၀×၆၀)စီရှိသော မြေကွက်နှစ်ကွက်တစ်ဆက်တည်းဖြစ်သည့် ပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်ကို ဒေါ်ခင်တုတ် ၁၂/ဥကမ(နိုင်)၀၀၇၈၃၄၇ နှင့် ဒေါ်နီနီဝင်း ၁၂/ဥကမ(နိုင်)၀၁၇၃၀၉ တို့ထံမှ ၁၃-၃-၂၀၁၃ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်တစ်စောင်စီဖြင့် လက်မှတ်ရေးထိုးလက်ဗွေနှိပ်ခြင်းတို့ကို ဒေါ်ခင်တုတ်နှင့် ဒေါ်နီနီဝင်းတို့ တစ်ဦးချင်းစီပြုလုပ်ပြီး ဒေါ်နှောင်းဝသန်မှ ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ အပြီးသတ်စာချုပ်များမချုပ်ဆိုမီ ဒေါ်နီနီဝင်းကိုယ်တိုင် ၁၀-၃-၂၀၁၃ ရက်တွင် မြေကွက်အတွက် ကြိုတင်ငွေကို လက်မှတ်ရေးထိုးထုတ်ယူသွားခဲ့ပါသည်။ အပြီးသတ်စာချုပ်ချုပ်ဆိုပြီးနောက် ကိုယ်စားလှယ်လွှဲစာအမှတ်-၄၃၂၈/၂၀၁၃ ကို လွှဲအပ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်နီနီဝင်း၏မှတ်ပုံတင်မှာ (၃)ခေါက်ချိုးဖြစ်ကြောင်း ကိုယ်စားလှယ်လွှဲစာလွှဲအပ်သည့်ရက်က မိတ္တူကို ဒေါ်နီနီဝင်းကိုယ်တိုင် ပေးအပ်ခဲ့သောကြောင့် အမှုတွင် အထောက်အထားအဖြစ်တင်ပြထားပါသည်။ ဒေါ်နီနီဝင်းကိုယ်တိုင်နှင့် ဒေါ်နှောင်းဝသန်တို့သည် ၁၃-၃-၂၀၁၃ ရက်စွဲပါ ကတိစာချုပ်ကို သက်သေများရှေ့တွင် လက်မှတ်ရေးထိုး လက်ဗွေနှိပ်ချုပ်ဆိုထားခြင်းဖြစ်ပြီး ယင်းစာချုပ်နှင့် ဒေါ်ခင်တုတ်လက်မှတ်ရေးထိုးထားသည့်စာချုပ်တို့ကို အထောက်အထားအဖြစ် အမှုတွင်တင်ပြထားပြီးဖြစ်ပါသည်။

တရားစွဲဆိုခြင်းမပြုမီ ၂၁-၆-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဒေါ်နှောင်းဝသန်မှ ဒေါ်ခင်တုတ်နှင့် ဒေါ်နီနီဝင်းတို့ထံမှ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်၍ အမည်ပေါက်ဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့စဉ်ကလည်း မည်သူမှကန့်ကွက်ခြင်းမရှိသကဲ့သို့ ၁၆-၉-၂၀၁၃ရက်စွဲပါ အကြောင်းကြားစာနှင့် ၁၆-၁၂-၂၀၁၃ရက်စွဲပါ အကြောင်းကြားစာများဖြင့် အကြောင်းကြားခဲ့စဉ်ကလည်း အကြောင်းကြားစာကို ဒေါ်ခင်တုတ်တို့မှလက်ခံခဲ့ပြီး တစ်စုံတစ်ရာအကြောင်းပြန်ကြားခဲ့ခြင်း၊ ကန့်ကွက်ခဲ့ခြင်းမရှိခဲ့ပါ။ နောက်ဆုံးတွင် မည်ကဲ့သို့မှ ညှိနှိုင်း၍မရသောကြောင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး တရားစွဲဆိုနေစဉ်ကာလအတွင်း ယခုကဲ့သို့ကြေညာခြင်းဖြစ်၍ ဒေါ်နှောင်းဝသန်ဘက်မှ အထောက်အထားပြည့်စုံစွာဖြင့် တရားရုံး၏အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်သောကြောင့် ဒေါ်နှောင်းဝသန်၏ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်တရားတို့ကို ထိခိုက်စေမည့်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးရန်နှင့် ဒေါ်ခင်တုတ်နှင့် ဒေါ်နီနီဝင်းတို့ကိုယ်တိုင် လက်မှတ်ရေးထိုးလက်ဗွေနှိပ်ပေးထားသည့်စာချုပ်စာတမ်းများ၊ အထောက်အထားစာရွက်စာတမ်းများ၊ မှတ်ပုံတင်မိတ္တူများဖြင့် တရားစွဲဆိုထားခြင်းအပေါ် ယခုကဲ့သို့ ထပ်မံကြေညာလာပါက တရားရုံးသို့တင်ပြ၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ရှင်းလင်း၍ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှောင်းဝသန်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင် LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၁၁၂)
ရုံး-တိုက် ၉/၁၁၊ အခန်းအမှတ် (005-B)၊ ၃၆လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/ဘီ၊ အကောက်ခွန် ၆လမ်း၊ မြေကွက်အမှတ် ၁၆၂၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးမောင်မောင်တင် CJ-၀၃၀၅၅၉ အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေအမျိုးအစားဖြစ်ပြီး မူလအမည်ပေါက်ပိုင်ရှင်ထံမှ ဒေါ်သင်းသင်းအေး ၁၂/ဥကမ(နိုင်)၀၇၉၅၄၅ သည် နှစ်ဦးသဘောတူ အဆင့်ဆင့်ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ပြန်လည်အပြီးအပိုင် ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ် ၈၆၅၊ သရေခေတ္တရာ ၂၂လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄

၅-၆-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၁၉)ပါ ကြော်ငြာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄ လမ်း၊ ခုနစ်လွှာ၊ အိမ်အမှတ် ၂၀ နေ ဦးစိုးဝင်း(ခ)ရမ်ဇမ်း၏ ညွှန်ကြားချက်အရ **'ရွှေရတနာဝင်းဝင်း'** သံခွဲသင်္ဘောပျက်နှင့်ပတ်သက်၍ ကြော်ငြာခဲ့သည့် ၅-၆-၂၀၁၄ ရက်စွဲပါ ဖျာပုံမြို့၊ (၄) ရပ်ကွက်၊ ဒုတိယလမ်းနေ ဦးလှမြင့်၊ ဦးတင်ထွန်းလင်း(ခ)ဦးကရင်အပါအဝင် အများသိစေရန် ကြေညာခဲ့ခြင်းအား ကျွန်ုပ်၏အမှုသည် ဦးစိုးဝင်း(ခ)ရမ်ဇမ်း၏ ညွှန်ကြားချက်အရပင် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးစိုးဝင်း(ခ)ရမ်ဇမ်း၏ ညွှန်ကြားချက်အရ-
ဦးသန်းမြင့် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၆)
အခန်း ၁၀၄၊ တိုက်အမှတ် ၁၂၊ ၁၅ လမ်း (A)၊ ယုဇနယျာဉ်မြို့တော်၊
ဖုန်း-၀၉-၄၂၁၀၅၀၇၄၅၊ ၀၉-၄၉၇၆၂၁၂၄

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၃၈)ရပ်ကွက်၊ ဦးဥတ္တမလမ်း၊ မြေကွက်အမှတ် ၂၃၉၊ မြေအကျယ်အဝန်းပေ (၄၀×၆၀)၊ စတုရန်းပေ ၂၄၀၀၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန့်ကွက်နိုင်ပါကြောင်း

အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါအိမ်နှင့်မြေသည် ဦးပေါ်ဦး WKA-၁၀၃၅၅၆အမည်ပေါက်ဖြစ်ပြီး ၎င်းအိမ်မြေအား မူလအမည်ပေါက်ပိုင်ရှင်ထံမှတစ်ဆင့် အဆက်အစပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့်ဝယ်ယူ၍ တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စိုးစိုးမာ ၁၂/မဂတ(နိုင်)၀၄၂၄၅၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သူဇာငြိမ်း LL.B (အထက်တန်းရှေ့နေ)
အမှတ် ၇၇၉၊ စာဂ ၁၇လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သရက်တောလမ်း၊သီရိမင်္ဂလာလမ်းသွယ် ၆၊ အမှတ် ၁၄၄၊ ဧရိယာပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား ပိုင်ဆိုင်သူဖြစ်သော ဦးစိုးရွှေ ၁၂/အစန(နိုင်)၀၆၃၈၉၃မှ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်လဲ့လဲ့ဝင်း LL.B (အထက်တန်းရှေ့နေ) (စဉ်-၂၄၀၀၀)
စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၂၅၀၅၁၈၉၆၇

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် ၁၀၉/၁၁၁ ဟုခေါ်တွင်သည့် လေးခန်းတွဲခြောက်ထပ်တိုက်အဆောက်အအုံ၏ ၄ လွှာ/ဘီ (၁၂ပေ×ပေ၅၀) ရှိတိုက်ခန်းအား ကန့်ကွက်နိုင်ကြောင်း

အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးချစ်ဝင်း ၁၃/တခလ(နိုင်)၀၁၉၁၁၄ ထံမှဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇) ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီ၊ ဇျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၂၇၈၃၃၆

(၅)နှစ်နှင့် (၉)လပြည့် လွမ်းဆွတ်သတိရခြင်း
ဓမ္မာနွေလကြာအိုင်လင်း
(၁၃-၁၀-၂၀၀၇) (၁၇-၆-၂၀၁၄)
အသက် (၁၁)လ

ချစ်သမီးလေး-
မိသားစုနဲ့ခွဲခွာခဲ့တာ ဒီနေ့ဆို (၅)နှစ်နဲ့(၉)လပြည့်ခဲ့ပြန်ပါပြီ…
မိသားစုနဲ့အတူ ချစ်သမီးငယ်မရှိတော့ပေမယ့်…
သမီးငယ် လှူဒါန်းခဲ့တဲ့အိမ်တွေမှာ သမီးချစ်တဲ့မိသားစုတွေ နွေးထွေးစွာ အရိပ်ခိုလှုံလျက်…
သမီးငယ် လှူဒါန်းခဲ့တဲ့ ကျောင်းတွေမှာ သမီးချစ်တဲ့ ညီကိုမောင်နှမတွေရဲ့ စာသင်စာအံသံတွေ ညံညံစီလျက်…
သမီးငယ် လှူဒါန်းခဲ့တဲ့ ဆေးရုံတွေမှာ သမီးလို ကလေးငယ်တွေ စောစီးစွာ မကြွေလွင့်စေဖို့ ဆေးဝါးကုသမှုတွေ ခံယူလျက်…
